# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဒါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၀၃၄)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးနှင့် သီရိလင်္ကာသံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. John Nielsen အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ - ဒိန်းမတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး **H.E. Mr. John Nielsen** အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# ခရီးသည် ၄၈၆ ဦးလိုက်ပါလာသည့် အပျော်စီးသင်္ဘောကြီး ရန်ကုန်မြို့သို့ ရောက်ရှိ



**ရန်ကုန် နိုဝင်ဘာ ၂**

အမေရိကန်နိုင်ငံအခြေစိုက် Silver Muse အပျော်စီးသင်္ဘောကြီးသည် ရန်ကုန်သီလဝါဆိပ်ကမ်းသို့ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး **(ယာပုံ)** နိုဝင်ဘာ ၄ ရက်အထိ နေထိုင်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်္ဘောကြီးပေါ်တွင် အင်္ဂလန်နှင့် အမေရိကန်နိုင်ငံသားအများဆုံးပါဝင်ပြီး ခရီးသည် ၄၈၆ ဦးနှင့် သင်္ဘောအမှုထမ်း၊ အရာထမ်း ၄၀၄ ဦး လိုက်ပါလာကြောင်း သိရသည်။ ယင်းသင်္ဘောသည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းမှ ထွက်ခွာလာခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှတစ်ဆင့် ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

ယခုဆိုက်ရောက်သည့် Silver Muse သင်္ဘော၏ ခရီးစဉ်လည်ပတ်မှုကို Myanmar Voyages Company က တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပြီး Port Agent အနေဖြင့် Wallen

*စာမျက်နှာ ၈ ကော်လံ ၆* ❍




# မကြာမီစတင်နိုင်တော့မည့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းများကို လာမည့် ရက်သတ္တပတ်အနည်းငယ်အတွင်း စတင်ဆောင်ရွက်နိုင်ရန် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့ သဘောတူညီခဲ့ကြပြီးဖြစ်သည်။

ပြန်လည်ဝင်ရောက်လာမည့်သူများ အဆင်ပြေစေရေးအတွက် ပတ်ဝန်းကျင်ဖန်တီးထားရှိမှုများ၊ လုံခြုံရေးအစီအမံများ၊ ယုံကြည်မှုတည်ဆောက်ရေးအပါအဝင် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ၊ ပြန်လည်နေရာချထားရေးအစီအမံများ၊ ပြန်လည်ဝင်ရောက်မည့်သူများကို စိစစ်ရေးလုပ်ငန်းစဉ်များ၊ NV ကတ်နှင့် သက်ဆိုင်သည့် အချက်အလက်မှန်များကို ပြန်လည်ဝင်ရောက်လာသူများ သိရှိနိုင်ရန် သတင်းဖြန့်ချိပေးရေးလုပ်ငန်းများ၊ ပြန်လည်လက်ခံရေး၊ နေရာချထားရေးနှင့် ပေါင်းစည်းရေးလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးများ စသည်တို့ကို မြန်မာနိုင်ငံကဆောင်ရွက်လျက်ရှိသလို တစ်ဖက်နိုင်ငံသို့လည်း အမြင်ချင်းဖလှယ်အသိပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကို မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ သဘောတူညီချက်များနှင့်အညီ စိစစ်လက်ခံသွားရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာထွက်သွားကြသူများတွင် အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှု၊ သွေးဆောင်စည်းရုံးမှုနှင့် အကြောက်တရားတို့ကြောင့် ထွက်ခွာသွားကြသူများအပြင် အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့သော အကြမ်းဖက်သမားများလည်း ပါရှိနေခဲ့ပြီး အချို့မှာ တစ်ဖက်နိုင်ငံဒုက္ခသည်စခန်းများတွင် နေထိုင်လျက်ရှိကြရာ ၎င်းတို့အား အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တောင်းဆိုထားပြီးဖြစ်သည်ဟု သိရသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်ခေါ်ယူရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်နေမှုများမှာ နှစ်ဖက်အပြန်အလှန် နားလည်မှု၊ အပြုသဘောဆောင်ကာ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေးစားမှု၊ နှစ်နိုင်ငံ သဘောတူညီချက်များကို လေးစားလိုက်နာမှုများဖြင့် ဆောင်ရွက်သည်နှင့်အမျှ ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်သည်။

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့မှာ လုပ်ငန်းပမာဏကြီးမားသကဲ့သို့ အချိန်ကာလအားဖြင့်လည်း အတိုင်းအတာတစ်ရပ်အထိ အချိန်ယူဆောင်ရွက်ကြရမည့် လုပ်ငန်းဖြစ်သည်။ နိုင်ငံတော်အတွက် အရေးကြီးသည့်အလျောက် နိုင်ငံ့အကြီးအကဲများက ဦးဆောင်ကာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။ ရှေ့တွင် ဖြစ်ခဲ့သည့် ဖြစ်စဉ်များအပေါ် သင်ခန်းစာယူကာ လုပ်ငန်းများ အောင်မြင်ရေးအတွက် အချိတ်အဆက်မိမိဖြင့် ပူးပေါင်းအကောင်အထည်ဖော်ရင်း သတိတမံ၊ ဉာဏ်မြေကတုတ် ပြုကာ လုံခြုံရေး မကျိုးမပေါက်စေရေးအတွက်လည်း စနစ်တကျ စေ့စေ့စပ်စပ် ဆောင်ရွက်ကြရမည်ဖြစ်သည်ဟု ရှုမြင်မိပါကြောင်း။ ။

## ညအပူချိန်များ ဆက်လက်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ ဆက်လက်လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**




## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး သံတောင်မြို့၌ ချဉ်ပေါင်ဖာလာစိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် ယမန်နေ့က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဘုရင့်နောင်လမ်းရှိ ဦးကျော်တင့် (KT)ဖာလာစေ့ပွဲရုံသို့ ရောက်ရှိပြီး ပြည်ပသို့ တင်ပို့ရန်အတွက် ဖာလာစေ့များကို သန့်စင်ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကရင်ပြည်နယ် သံတောင်မြို့ ပသိချောင်းခန်းမ၌ ပြုလုပ်သည့် ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။**(အောက်ပုံ)**



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ချဉ်ပေါင်စိုက်ပျိုးသူ တောင်သူများ၏ ချဉ်ပေါင်ဖာလာစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် နည်းပညာများနှင့် လိုအပ်ချက်များကို ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက် ပေါင်းစပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဈေးကွက်ပိုမိုရရှိရေးနှင့် ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး၊ ချဉ်ပေါင်ဖာလာ အသင်းဖွဲ့စည်းနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဈေးကွက်ပိုမိုကျယ်ပြန့်လာရန်အတွက် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်းဖြင့် ဈေးကွက်ကျယ်ပြန့်စွာ ရရှိလာနိုင်မည်ဖြစ်ကြောင်း။ လက်ရှိ ချဉ်ပေါင်ဖာလာ ထုတ်လုပ်မှုအပိုင်းကိုကြည့်ပါက ခူးဆွတ်မှုအပိုင်းနှင့် အခြောက်ခံသည့်အပိုင်းများတွင် နည်းပညာပိုင်းဆိုင်ရာ အားနည်းမှုများရှိနေကြောင်း၊ ဈေးကွက်ရရှိရေးနှင့် ဈေးနှုန်းရရှိရေးအတွက် အရည်အသွေးပိုင်းကို သတိပြုထိန်းသိမ်းကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခရစ္စတွန်း၊ အမှတ် (၂) လဲချားမြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဂျေအေဝင်းမြင့်နှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများက ချဉ်ပေါင်ဖာလာစိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ လိုအပ်သည့် နည်းလမ်းများအား ပံ့ပိုးပေးရန်တို့ကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးသည် သံတောင်မြို့နယ် ၁၇ မိုင်တွင် တောင်သူ ဦးဆိုင်းကန်၏ ၂ ဒသမ ၃၃ ဧက ပေါ်တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော ချဉ်ပေါင်ဖာလာပင်များကို ကြည့်ရှုသည်။ **သတင်းစဉ်**

## စာဖတ်ရှိန်မြှင့်တင်ရေး ကလေးစာပေ သုတ ရသစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ကန့်ဘလူ၌ ကျင်းပမည်

**ကန့်ဘလူ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် စီမံခန့်ခွဲမှုကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ကလေးစာပေ သုတရသ စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ကန့်ဘလူမြို့ မြို့တော်ခန်းမရှေ့၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ ဈေးပွဲတော်တွင် နယ်များ၌ မရရှိနိုင်သည့်စာအုပ်များကို ဒေသခံပြည်သူများ လွယ်ကူစွာဝယ်ယူနိုင်ရန်၊ ကျောင်းသားလူငယ်များ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများဖြစ်လာစေရန်၊ ကျောင်းစာကြည့်တိုက်များ ပိုမိုဖွံ့ဖြိုးလာစေရန်၊ ပညာဗဟုသုတ ကိုယ်ရည်ကိုယ်သွေး ပြည့်ဝ၍ အနာဂတ်တိုင်းပြည်အတွက် ဦးဆောင်သူများ ဖြစ်လာစေရန် စာအုပ်ဈေးပွဲတော်များ စဉ်ဆက်မပြတ် ကျင်းပခြင်းအားဖြင့် စာအုပ်စာပေနှင့် ကင်းဝေးနေသူများကို စာပေတွင် ပြန်လည်စိတ်ဝင်စားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယင်းစာအုပ်ဈေးရောင်းပွဲတော်၌ ရန်ကုန်အခြေစိုက် စာအုပ်တိုက်ပေါင်း ၃၀ ကျော်က ကန့်ဘလူမြို့ မြို့တော်ခန်းမရှေ့၌ ကလေးစာပေပြပွဲ၊ ရှားပါးစာအုပ်ပြပွဲ၊ သုတရသစာအုပ်ပြပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် ဈေးရောင်းပွဲတော်ကို သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အခြေခံစာကြည့်တိုက်ပညာသင်တန်း (၁/၂၀၁၈) ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက စာကြည့်တိုက်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကြီးမှူးဖွင့်လှစ်သော အခြေခံစာကြည့်တိုက်ပညာသင်တန်း (၁/၂၀၁၈)ကို ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၂၈ ရက်အထိ နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရန်ကုန်မြို့ ပြည်လမ်း စိန်ရတုခန်းမရှိ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း သင်တန်းခန်းမ(၂)၌ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် စာကြည့်တိုက်ပညာရပ်ကို စိတ်ပါဝင်စားလေ့လာလိုသူ မည်သူမဆိုတက်ရောက်နိုင်ပြီး စာရွက်စာတမ်းများအတွက် ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းလျှောက်လွှာများကို မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သင်တန်းခန်းမ (၂)နှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် ရယူနိုင်ပြီး လျှောက်လွှာများကို နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါလိပ်စာများသို့ လိပ်မူ၍ဖြစ်စေ၊ E-mail- myanmarlibraryassociation.mla@gmail.com သို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ထင်သာမြင်သာပြုပြင်စရာ

## မန္တလေး-ပုဂံ အမြန်ရထား နေ့ခရီးစဉ် ပြောင်းလဲပြေးဆွဲပေးရန် ဒေသခံများလိုလား

မန္တလေး-ပုဂံ အမြန်ရထားများဖြစ်သော ၁၁၉ နှင့် ၁၂၀ ရထားများမှာ ညအချိန် ပြောင်းလဲပြေးဆွဲလျက်ရှိရာ ဖြတ်ကျော်သွားသော လမ်းခရီးတစ်လျှောက် မြို့နယ်များရှိဒေသခံများက ရထားများနေ့အစုန်အဆန်ပြောင်းလဲပြေးဆွဲပေးရန် လိုလားနေကြသည်။



ပုဂံ-မန္တလေး ဘုရားဖူးအဆင်ပြေနိုင်သော်လည်း ဖြတ်သန်းနေသော တံတားဦး၊ မြို့သာ၊ နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာမြို့နယ်များရှိ ကျေးရွာ ၅၀ ကျော်တို့မှာ ညအချိန် ပြေးဆွဲနေမှုကြောင့် ရထားကို မစီးနိုင်ဘဲ ဖြစ်နေကြသည်။

အမြန်ရထားနှစ်စင်းလုံး နွားထိုးကြီးဘူတာတွင် ည ၁ နာရီဝန်းကျင် ဆုံမှတ်အဖြစ် စောင့်ဆိုင်းပြေးဆွဲနေသော်လည်း ခရီးသွား အတက်အဆင်းမရှိကြောင်း နွားထိုးကြီးဒေသခံများက ပြောသည်။

ရထားစီးခ သက်သာသော်လည်း ပုဂံ- မန္တလေးဘုရားဖူးတို့မှာ ကားကိုသာ အစီးများနေကြ၍ အမြန်ရထားမစီးကြပါ။ နိုင်ငံခြားသားများမှာလည်း ကား၊ စက်ဘီး၊ ဆိုင်ကယ်အစီးများနေသည်ဟုလည်း သိရသည်။ "ကျွန်မတို့ မိန်းကလေးတစ်ယောက်တည်းဆိုရင် ညရထား မစီးရဲပါဘူး။ လုံခြုံမှုမရှိတဲ့အတွက် ညရထားက အဆင်မပြေပါဘူး။ နွားထိုးကြီး- မြင်းခြံ ဈေးလိုက်ဖို့ ညရထားကြောင့် အဆင်မပြေဖြစ်နေပါတယ်" ဟု ဒေသခံများက ပြောသည်။ ကြားဘူတာတွင် ရထားအတက်အဆင်းမရှိ၍ ပုဂံရထားကို နေ့အစုန်အဆန် ရထားအဖြစ် ပြန်လည်ပြောင်းပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

**ဌေးမြင့်မောင်**



❑ ရှေ့စာမျက်နှာမှ

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mr. Nandimithra Ekanayake အား ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းမှု၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး H.E. Mr. Nandimithra Ekanayake အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ စင်ကာပူနိုင်ငံတွင်ကျင်းပသည့် (၁၄)ကြိမ်မြောက် အရှေ့တောင်အာရှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့၏ အကြီးအမှူးများအစည်းအဝေးနှင့် ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံတွင် အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပသည့် (၁၄)ကြိမ်မြောက် အရှေ့တောင်အာရှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(SEA-PAC) ၏ အကြီးအမှူးများ အစည်းအဝေးနှင့် Applying Innovative Tools in the Fight Against Corruption ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အထိ စင်ကာပူနိုင်ငံ အဂတိလိုက်စားမှုအလေ့အကျင့်များစုံစမ်းရေးဗျူရို (CPIB) က သဘာပတိအဖြစ် တာဝန်ယူကျင်းပသည့် (၁၄) ကြိမ်မြောက် SEA-PAC ၏ အကြီးအမှူးများ အစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် အရှေ့တောင်အာရှ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**ပြောင်းလဲခေါ်ဆို သင့်၊ မသင့် အဆိုပြုချက်များ ဆွေးနွေး**

အစည်းအဝေးတွင် နိုင်ငံအလိုက်ဆွေးနွေးမှုများ၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် "အဂတိလိုက်စားမှုများကို လုံးဝခွင့်လွှတ်ခြင်းမပြုသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်ရေးအတွက် ပါဝင်သက်ဆိုင်သူများနှင့်အတူ လက်တွဲဆောင်ရွက်ရေး" ခေါင်းစဉ်အပေါ် ဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် SEA-PAC ရှေ့လုပ်ငန်းအစီအစဉ် (၂၀၁၇-၂၀၁၉)၊ SEA-PAC အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းဆောင်ရည်မြှင့်မားရေး အစီအစဉ်များ ပိုမိုဆောင်ရွက်နိုင်ရေးနှင့် လက်ရှိ SEA-PAC အဖွဲ့၏ အခေါ်အဝေါ်ကို အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့သို့ ပြောင်းလဲခေါ်ဆို သင့်၊ မသင့် အဆိုပြုချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

SEA-PAC အစည်းအဝေးမတိုင်မီ အောက်တိုဘာ ၂၉ ရက်တွင် စင်ကာပူနိုင်ငံ အဂတိလိုက်စားမှုအလေ့အကျင့်များစုံစမ်းရေးဗျူရို (CPIB) နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းကျင်းပသည့် Applying Innovative Tools in the Fight Against Corruption ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ SEA-PAC အဖွဲ့ဝင်နိုင်ငံများ တက်ရောက်ခဲ့ကြသည်။



**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် (၁၄) ကြိမ်မြောက် SEA-PAC ၏ အကြီးအမှူးများ အစည်းအဝေးတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

**နည်းပညာတို့၏ အခန်းကဏ္ဍ**

အလုပ်ရုံဆွေးနွေးပွဲတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးကို ပိုမိုထိရောက်စွာ ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုများကို သတင်းပို့တိုင်ကြားရာ၌ မိုဘိုင်းနည်းပညာနှင့် အွန်လိုင်းဆက်သွယ်ရေးစနစ် အသုံးပြုတိုင်ကြားခြင်း၏ အကျိုးကျေးဇူးများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ဒစ်ဂျစ်တယ်အချက်အလက်များ အသုံးချမှုနှင့် ပွင့်လင်းမြင်သာသည့် အချက်အလက်များရရှိနိုင်မှု၏ အခန်းကဏ္ဍနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းမှုများပြုလုပ်ရာ၌ အသုံးပြုနိုင်သည့် နည်းပညာတို့၏ အခန်းကဏ္ဍ ခေါင်းစဉ်များကို ဆွေးနွေးခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့သည် နိုဝင်ဘာ ၁ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒနယ်များသို့ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် (ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ)သည် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ပါဝင်သော တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) မဲဆန္ဒနယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထိုသို့ လှည့်လည်ကြည့်ရှုရာတွင် မဲရုံများပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ ကျန်းမာရေးမကောင်းသော မဲဆန္ဒရှင်များနှင့် မသန်စွမ်းမဲဆန္ဒရှင်များအတွက် ပေါင်းစပ်ကူညီ ဆောင်ရွက်ပေးရန် ပြင်ဆင်ထားရှိမှုများ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် ကြိုတင်မဲလက်ခံဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

**သတင်းစဉ်**



# ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မူဝါဒများကိုခိုင်မာအောင်ဆောင်ရွက်ရာတွင် အရည်အသွေးရှိသည့်စာရင်းအင်းများသည် အရေးပါ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းဆိုင်ရာ ဆောင်ရွက်ချက်ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်စာတမ်းများ ခင်းကျင်းပြသထားသည့် ပြခန်းကို ကြည့်ရှုစဉ်။ သတင်းစဉ်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ် စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူအဖွဲ့ကို ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ သတင်းစဉ်

❖ *ကျော့ဖုံးမှ*

ဖိုရမ်တွင် ဒုတိယသမ္မတက ကမ္ဘာ့နိုင်ငံအသီးသီးတွင် အောက်တိုဘာ ၂၀ ရက်ကို ကမ္ဘာ့စာရင်းအင်းနေ့အဖြစ် သတ်မှတ်၍ World Statistics Day ကို (၅) နှစ် တစ်ကြိမ် ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်က ကျင်းပခဲ့ပါကြောင်း၊ ယနေ့ ကျင်းပသည့် ဖိုရမ်ကို "Better Data, Better Statistics, Better Lives: Transforming Data Culture in Myanmar" ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် စာရင်းအင်းပညာ (Statistics Literacy) တိုးမြှင့်စေရန်၊ စာရင်းအချက်အလက် ယဉ်ကျေးမှု (Data Culture) များ ပြန့်ပွားစေရန်၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းလိုက်သည့် စာရင်းအင်းဥပဒေအရ စာရင်းအင်းပညာရပ်အား မြှင့်တင်ရန်၊ စာရင်းအင်းထုတ်ဝေသူများနှင့် အသုံးပြုသူများအကြား ဆက်ဆံရေးမြှင့်တင်ရန်၊ စာရင်းအင်းအသုံးပြုသူများ၏ လိုအပ်ချက်များကို သိရှိစေရန်၊ စာရင်းအင်းဆိုင်ရာ စာတမ်းဖတ်ပွဲဆောင်ရွက်ရန်၊ ကျောင်းသားလူငယ်များအကြား စာရင်းအင်းကဏ္ဍ မြှင့်တင်ရေးအတွက် Statistics Quiz များ ဆောင်ရွက်ရန်အတွက် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

**စာရင်းအင်းအချက်အလက်များ**

စာရင်းအင်းအချက်အလက် မှန်ကန်ရေးကိစ္စသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အရေးပါပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝမှသာ မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ လူမှုစီးပွားသုတေသနဆောင်ရွက်သူများအနေဖြင့် စီမံကိန်းများ ရေးဆွဲခြင်း၊ ဖွံ့ဖြိုးမှု မူဝါဒများနှင့် စီးပွားရေးဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည့် မူဝါဒများချမှတ်ရာတွင် ထည့်သွင်းစဉ်းစားရန် အချက်အလက်များ ရရှိနိုင်မည်ဖြစ်ပြီး ရှားပါးသည့် သယံဇာတများကို အကျိုးရှိရှိ ထိရောက်သည့် ခွဲဝေမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းများကို စောင့်ကြည့်ကြီးကြပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မူဝါဒများ ပြင်ဆင်ရန်လိုအပ်လာလျှင်လည်း ပိုမိုကောင်းမွန်သည့် ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စာရင်းအင်းအချက်အလက်များအပေါ် အခြေခံပြီး ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်မှုသာ အရှုံးဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု (Risk Management) တို့ကို စီမံခန့်ခွဲနိုင်မည် ဖြစ်ပါကြောင်း။

**လူသားရင်းမြစ် ပြုစုပျိုးထောင်**

စိတ်ချယုံကြည် ကိုးစားရသည့် စာရင်းအင်းများ မရှိခြင်းသည် ရှားပါးသည့် သယံဇာတခွဲဝေရာတွင် လွဲမှားစေနိုင်သည့်အပြင် မူဝါဒဆုံးဖြတ်ချက်များလည်း မှားယွင်းစေနိုင်သည့်အတွက် ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေးအတွက် လိုအပ်သည့် လူသားရင်းမြစ် ပြုစုပျိုးထောင်ခြင်း၊ ကွန်ရက်များ တည်ဆောက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများနှင့် Statistics Literacy ကို မူဝါဒအားဖြင့် အထူးအာရုံစိုက်ခြင်း၊ စာရင်းအင်းဥပဒေ ပြဋ္ဌာန်းသက်ရောက်မှု ရှိစေခြင်း စသည့် အရင်းအနှီးများ စိုက်ထုတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် စာရင်းအင်းဥပဒေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၈ ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့က မကြာမီ နည်းဥပဒေထွက်ရှိနိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

စာရင်းအင်းဥပဒေအရ စာရင်းအင်းမူဝါဒအနှစ်ချုပ် (Statistical Policy Brief) နှင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics-NSDS) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရန် အဓိက မဟာဗျူဟာမူဘောင် (NSDS Core Strategies) ကို ၂၀၁၆ ခုနှစ်တွင် စီးပွားရေးရာကော်မတီသို့ အတည်ပြု တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးသည် မိမိတို့နိုင်ငံအတွက် အရေးကြီးကြောင်းနှင့် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်ရေးကို အားပေးဆောင်ရွက်ရမည်ဟု စီးပွားရေးရာ ကော်မတီအစည်းအဝေးတွင် လမ်းညွှန်ဆွေးနွေးခဲ့ပါကြောင်း။

**စာရင်းအင်းကဏ္ဍဖွံ့ဖြိုးရေး**

စာရင်းအင်းကဏ္ဍတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများအကြား အလျားလိုက် ပူးပေါင်းဆောင်ရွက်မှု (Horizontal Cooperation) နှင့် ဒေါင်လိုက်ပူးပေါင်းဆောင်ရွက်မှု (Vertical Cooperation) များကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်နိုင်ရန် အလျားလိုက် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စာရင်းအင်းကဏ္ဍများအလိုက် လုပ်ငန်းအဖွဲ့ (၁၀) ဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဆိုလျှင် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များနှင့် NSDS Action Plan ကို Living Document အနေဖြင့် ထားရှိပြီး အသီးသီးအကောင်အထည်ဖော်ဆောင်လျက်ရှိကြပါကြောင်း၊ သက်ဆိုင်ရာ Stakeholders များ အနေဖြင့်လည်း စာရင်းအင်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများကို ကျေးဇူးတင်ပါကြောင်း။

စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဌာနများအကြား Data Culture မွေးမြူရန်နှင့် တိုးတက်ပွားများအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာ စာရင်းအင်းဌာနများအကြား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင်လည်း ကော်မတီများဖွဲ့စည်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ဝန်ကြီးချုပ်များက နာယကအဖြစ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး စာရင်းအင်းမှန်ကန်စေရေး၊ အုပ်ချုပ်မှုမှတ်တမ်းများ ကောင်းမွန်စေရေး၊ စာရင်းအင်းပုံစံ၊ အထားအသို ညီညွတ်မှန်ကန်စေရေးတို့အတွက် ဗဟိုနှင့် ပေါင်းစပ်ညှိနှိုင်းသည့် ဒေါင်လိုက်ပူးပေါင်းမှုကို စတင်ဆောင်ရွက်နေပြီဟု သိရှိရပါကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့်လည်း One Stop Data Hub ဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

**စာရင်းအင်းရလဒ်များ**

စာရင်းအင်း အချက်အလက်များ ပိုမိုကောင်းမွန်လာသည်နှင့်အမျှ လူနေမှုဘဝများ ပိုမိုကောင်းမွန်လာသည့်အတွက် စာရင်းအင်းရလဒ်များကို ထိရောက်မှန်ကန်စွာ ထုတ်ပြန်နိုင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စာရင်းအင်းဆိုင်ရာအချက်အလက် ထုတ်ပြန်သူများနှင့် အချက်အလက်သုံးစွဲသူများအကြား လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ Statistics User-Provider Relations တိုးတက်ကောင်းမွန်စေရေး ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိစေရန်၊ အချိန်မီရရှိစေရန်၊ ယုံကြည်ကိုးစားနိုင်ပြီး ခိုင်မာသည့် စာရင်းအင်းများ ဖြစ်စေရန်လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေး၊ လူမှုရေး အခြေအနေများကို ထင်ဟပ်နိုင်သည့် စာရင်းအင်း အချက်အလက်ကောင်းများ ပေါ်ထွက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လက်တွေ့ကျသည့် မူဝါဒများကို ခိုင်မာအောင် ဆောင်ရွက်သည့်နေရာတွင်လည်း အရည်အသွေးရှိသည့် စာရင်းအင်းများသည် မရှိမဖြစ် အရေးပါပြီး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့် ကဏ္ဍများ၊ နေရာဒေသများ၊ ဦးစားပေးများအဖြစ် ရှာဖွေဖော်ထုတ်ရန်အတွက်လည်း စာရင်းအင်းများသည် အလွန်အရေးပါပါကြောင်း၊ "Better Data, Better Statistics, Better Lives" ဆိုသည့်အတိုင်း စာရင်းအင်းအချက်အလက်များ ပိုမိုအရည်အသွေးမြင့်ပါမှ ပြည်သူတို့၏ လူမှုဘဝများ ပိုမိုအဆင့်အတန်း မြင့်လာမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ် စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူအဖွဲ့ကို ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ သတင်းစဉ်

“စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး” အတွက် လူမှု-စီးပွားရေးဆိုင်ရာ အချက်အလက်များကို ပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည့်စုံရန်အတွက်လည်း အချက်အလက်များကို စုစည်းခြင်း၊ ပြုစုခြင်း၊ ခွဲခြားဆန်းစစ်ခြင်း၊ အစီရင်ခံခြင်း စသည့် လုပ်ငန်းစဉ်များကို ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**ယုံကြည်မှု တိုးမြှင့်စေနိုင်**

စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးသည် အစိုးရနှင့် ပြည်သူများအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှု တိုးမြှင့်စေနိုင်ပါကြောင်း၊ စာရင်းအင်းနယ်ပယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်တမ်း (Survey) များ ကောက်ခံရန်လိုအပ်ပြီး ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုမှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေး၊ အသေးစိတ်အချက်အလက်များပါ မှတ်တမ်းများတွင် ပါဝင်စေနိုင်ရေးသည် အရေးပါပါကြောင်း။

စာရင်းအင်းနှင့် ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်တတ်စေရန် စာရင်းအင်းဆိုင်ရာ အသိပညာ (Statistical Literacy) ကို ဌာနဆိုင်ရာများတွင်သာမက အများပြည်သူနှင့် ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများအကြားတွင်ပါ ပျံ့နှံ့အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို အချိန်၊ ငွေကြေး၊ လူအင်အား စသည့်ရင်းမြစ်များ ကန့်သတ်ချက်ရှိသည့်ကြားက တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံပြီး အထိရောက်ဆုံး အသုံးချနိုင်ရန် အရေးကြီးပါကြောင်း။ “From Data to Policy” ဆိုသည့်အတိုင်း အချက်အလက်များကို မူဝါဒအဖြစ် ပြောင်းလဲနိုင်ခြင်းကြောင့် ဖော်ထုတ်သုံးတတ်လျှင် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ရလဒ် ပြန်လည်ရရှိချက်သည်

*စာမျက်နှာ ၅ သို့*

# ဥပ္ပါတသန္တိစေတီတော်အား ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသက်န်းတော် ကပ်လှူပူဇော်ရေး ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကျင်းပ

**နေပြည်တော်  နိုဝင်ဘာ ၂**

ဥပ္ပါတသန္တိစေတီတော် ဒုတိယဖောင်းရစ်တော်အား ရွှေစင်ရွှေပြားသက်န်းကပ်လှူပူဇော်ရေးနှင့် လုံးတော်ပြည့်ရွှေဆေးသက်န်းကပ်လှူပူဇော်ရေးတို့နှင့် စပ်လျဉ်း၍ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မွှာရုံ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသော စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ပရိတ်တရားတော်များ နာယူ**

ရှေးဦးစွာ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ဥပ္ပါတသန္တိစေတီတော်၏ ဒုတိယဖောင်းရစ် ဧရိယာ ၁၈၈၈ စတုရန်းပေအား တစ်ပေပတ်လည် တစ်ကျပ်သား ရွှေစင်ရွှေပြား ၁၈၈၈ချပ် ကပ်လှူပူဇော်ခြင်းနှင့် စေတီတော်၏ ပထမဖောင်းရစ်မှစ၍ ပန်းတည်ခုံအထိ ရွှေဆေးသက်န်းတော်များ ပြန်လည်ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်လိုပါကြောင်း၊ စေတီတော် ထာဝရငွေပဒေသာပင်ငွေ၏ အတိုးငွေနှင့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ကပ်လှူပူဇော်သွားမည်ဖြစ်ပါကြောင်း။

**လျှောက်ထား**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်ပညာရှင်များပါဝင်၍ အသေးစိတ်ဖွဲ့စည်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အောင်မြင်စွာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မှားယွင်းမှုများမရှိစေရေးအတွက် လိုက်နာရမည့် ဘာသာ၊ သာသနာဆိုင်ရာ ထုံးတမ်းအစဉ်အလာများကို မကျန်ရှိစေရန် အထူးဂရုပြု၍ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထားတင်ပြပြီး စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဩဝါဒကထာများ ချီးမြှင့်မိန့်ကြားတော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တကဝိသာရထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြသည်။

**သတင်းစဉ်**

# နည်းပညာ၊ သက်မွေးပညာကဏ္ဍ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများ၏ ဘာသာရပ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးနှင့် အဆင့်မြင့်ပညာကဏ္ဍ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

နေပြည်တော်  နိုဝင်ဘာ ၂

**ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများ၏ ဘာသာရပ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၇ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာနရုံးအမှတ် (၂၁) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနား၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အား ရေးဆွဲချမှတ်ခဲ့ပြီး အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍနှင့် နည်းပညာနှင့် သက်မွေးပညာကဏ္ဍတို့တွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်ရာတွင် ကျွမ်းကျင်နည်းပညာရှင်များ၊ အတတ်ပညာရှင်များ ပေါ်ထွက်လာအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်နှင့် ကောင်းမွန်သော ပညာရေးစနစ်နှင့် သင်ရိုးညွှန်းတမ်းများ ရရှိနိုင်ရန် အရေးကြီးပါကြောင်း၊ ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို သင်ရိုးညွှန်းတမ်း စံသတ်မှတ်ချက်အညွှန်းဘောင်နှင့်အညီ ရေးဆွဲရမည်ဖြစ်ပြီး ဒေသနှင့် လိုက်လျောညီထွေမှုရှိသည့် ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော သင်ရိုး၊ ညွှန်းတမ်းနှင့် သင်တန်းများကိုလည်း ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ထို့ပြင် နည်းပညာနှင့် သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေး ကျောင်းများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အပြန်အလှန် ချိတ်ဆက် ဆောင်ရွက်နိုင်ရန်ကြိုးပမ်း ဆောင်ရွက်မှသာ သက်မွေးပညာရေး အောင်မြင်မှုများရရှိနိုင်မည် ဖြစ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းခွင်လက်တွေ့ ပြုလုပ်သည့် အစီအစဉ်များ၊ ကျောင်းနှင့်စက်မှုလုပ်ငန်းများတွင် ဆောင်ရွက်ပြုလုပ်နိုင်သည့် အစီအစဉ်များအား နှစ်ဦးနှစ်ဖက် ပူးပေါင်းပါဝင်ရေးဆွဲရန်လိုအပ်ပြီး အကဲဖြတ်စစ်ဆေးမှုများသည် သင်တန်းများနှင့် လိုက်လျောညီထွေရှိရန် လိုအပ်ပါကြောင်းစသည်ဖြင့် ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

အဆိုပါ ဘာသာရပ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်ကြပြီး ကျောင်းအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမတွင် ကျင်းပသော အဆင့်မြင့်ပညာကဏ္ဍ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် အောင်စာရင်းများအား နိုဝင်ဘာလအတွင်း ထုတ်ပြန်ပြီး ဒီဇင်ဘာ ၂၁ ရက်မတိုင်မီ ကျောင်းများအပ်နှံခြင်း၊ ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ဌာနတွင်း၊ ကျောင်းတွင်း စည်းကမ်းများ ကောင်းမွန်အောင် လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် အင်္ဂလိပ်စာ အိုင်စီတီစွမ်းရည် မြင့်မားအောင် ကြိုးစားနေကြရမည် ဖြစ်ပါကြောင်း၊ အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပ၍ သုတေသနဂျာနယ်တွင် သုတေသနစာတမ်းများ ရေးသားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ၊ ပြင်ထိန်းလုပ်ငန်းစသည့်လုပ်ငန်းများကို သတ်မှတ်ထားသော ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုပါကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

အလွန်ကြီးမားသည့်အတွက် Better Data, Better Statistics, Better Lives: Transforming Data Culture in Myanmar" ဆိုသည့် ဆောင်ပုဒ်နှင့်အတူ စာရင်းအင်းမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ငန်းအဖွဲ့များ၊ Stakeholder များအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့မှ Ms. Janet Jackson တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ကုလသမဂ္ဂအာရှပစိဖိတ်စီးပွားရေးနှင့် လူမှုရေးကော်မရှင်မှ Ms. Gemma က စာရင်းအင်းနှင့်ပတ်သက်၍ အဓိကဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ကမ္ဘာ့စာရင်းအင်းနေ့ အထိမ်းအမှတ်စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူအဖွဲ့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် Ms. Janet Jackson တို့က ဒုတိယဆုနှင့် တတိယဆုရရှိကြသည့် ကျောင်းသား ကျောင်းသူအဖွဲ့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ၏ စာရင်းဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် စာရင်းအင်းဆိုင်ရာဆောင်ရွက်ချက် ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်စာတမ်းများ ခင်းကျင်းပြသထားသည့် ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မြန်မာစာရင်းအင်းဖိုရမ်ကို ဆက်လက်ကျင်းပရာ စာရင်းအင်းပညာ အသိပညာပေးမြှင့်တင်ခြင်း၊ Round Table Discussion ပြုလုပ်ခြင်း၊ စာရင်းအင်းဆိုင်ရာ စာတမ်း ၁၅ စောင် ဖတ်ကြားခြင်း၊ မြန်မာနိုင်ငံစာရင်းအင်းဝန်ဆောင်မှုစနစ် (MMSIS) ပြသခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

# ပညာအခွင့်အလမ်းရရှိဖို့ အရည်အသွေးပြည့်ဆရာများ မွေးထုတ်စို့

**ခင်နှင်းရည်(ရန်ကုန်တက္ကသိုလ်)**

ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ ဆရာအတတ်ဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်သည်မှာ အလွန်ပင်များပြားလှသည်။ ထိုများပြားလှသောဆရာများသည် အနန္တောအနန္တငါးပါးတွင် တစ်ပါးအပါ အဝင်ဖြစ်သည်။ အာစရိယဆိုသည့် ဆရာများ ထံသို့ မိမိတို့၏သားသမီးများကို ယုံကြည်စွာ လာ၍အပ်နှံထားကြပေသည်။ ဤသို့ ဂုဏ်ကျေးဇူးကြီးမားလှသည့်ပုဂ္ဂိုလ် ဆရာကို မြန်မာ့လူမှုအဖွဲ့အစည်း၌ ကြီးမြတ်သူများဟုလည်း အဆိုရှိပါသည်။

'ပညာ'ဟုဆိုရာတွင် 'ဝိဇ္ဇာ'တည်းဟူသော အသိပညာ၊ 'သိပ္ပံ' တည်းဟူသော အတတ်ပညာဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ ဆရာတော် ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့တွင် 'ဝိဇ္ဇာသိပ္ပ လူ့ကိစ္စ'ဟု သုံးနှုန်းမိန့်ဆိုခဲ့ပါသည်။ အသိပညာ၊ အတတ်ပညာ ရှာမှီးခြင်းသည် လူတို့နှင့်သာဆိုင်သောကိစ္စဖြစ်သည်။ လူတို့၏ အမှတ်လက္ခဏာဖြစ်သည်။ လူပီသရန် ပညာကို သင်ယူကြရပါသည်။ သင်ယူမှုအခွင့်အလမ်းရရှိဖို့ အရည်အသွေးပြည့်ဆရာများမွေးထုတ်ပေးရန် လိုအပ်ပါသည်။

'ဆရာ'သည် 'ပညာ' ကို လက်ဆင့်ကမ်းသယ်ဆောင်ပေးသူဖြစ်သည်။ ရှေးလူတို့၏အမွေဖြစ်သော အသိ၊ အတတ်တို့ကို နှောင်းလူတို့က ဆရာဖြင့် တစ်ဆင့်သယ်ဆောင်ရယူပြီးနောက် အသိသစ် အတတ်သစ်တို့ဖြင့် ပေါင်းစည်းကာ ပညာအဆောက်အအုံကို ပိုမိုမြင့်စွင့်ခိုင်မာစေပါသည်။

လက်ရာညံ့၍ အလှမပီသောယမင်းရုပ်က ထုဆစ်သူပန်းပုဆရာ၏ ခပ်ညံ့ညံ့ပညာကို လှစ်ဟဖော်ပြနေသည်။ လက်ရာမြောက်၍ အသက်ဝင်သော ယမင်းရုပ်မှာလည်း လက်ရာရှင် ပန်းပုဆရာ၏ ပါရမီပြည့်ဝသည့် အရည်အချင်း အတတ်ပညာကို ဖော်ကျူးပြသနေသည်။ ပန်းပုပညာအရည်အသွေးသည် ပန်းပုဆရာ၏ အရည်အချင်းပေါ်တွင် တိုက်ရိုက်တည်မှီနေသကဲ့သို့ ပညာတိုင်းပညာတိုင်း၏ အရည်အသွေးသည် ပညာကမ်းဆင့်သူဆရာတို့၏ အရည်အချင်းပေါ်တွင် တည်မှီနေသည်။ ဆရာ့အရည်အချင်းမြင့်ပါမှ ပညာအရည်အသွေးမြင့်ပါလိမ့်မည်။ ပညာအရည်အသွေးကို မြင့်မားစေလိုလျှင် ဆရာ့အရည်အချင်းကို ဦးစွာမြှင့်တင်ကြရပါမည်။

### ဆရာနှစ်မျိုး

ဆရာဝေါဟာရနှင့် ပတ်သက်၍ မြန်မာအဘိဓာန်တွင် ပညာသင်ကြားပို့ချပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြသူ၊ အတတ်ပညာတစ်ရပ်ရပ်တွင် ကျွမ်းကျင်သူပုဂ္ဂိုလ်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် 'ဆရာ'ဟုဆိုရာတွင် အဓိကအားဖြင့် အသိပညာ၊ အတတ်ပညာ သင်ကြားပေးသည့် 'အာစရိယဆရာ' နှင့် တပည့်တို့ကို လိမ္မာယဉ်ကျေးသိမ်မွေ့အောင် ပဲ့ပြင်သွန်သင်ဆုံးမပေးသည့် 'ဥပဇ္ဈာယ်ဆရာ'ဟူ၍ နှစ်မျိုးတွေ့ရသည်။ သို့ဖြစ်၍ ဆရာဟူသောဝေါဟာရသည် နှိုင်းဆချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိပြီး စောင့်ရှောက်တတ်သိ ပညာရှိသူကို ဆရာဟု ဆိုရမည်ဖြစ်သည်။

### ဆရာ့အရည်အချင်းများ

ပညာအရည်အသွေးမြင့်မားစေရန် ဆရာ့အရည်အချင်းကို မြှင့်တင်ရပါမည်။ သို့ဖြစ်လျှင် ဆရာ့ အရည်အချင်းတို့ကား အဘယ်အရာများနည်း။ ဆရာသည် 'သင်ခြေပညာ'နှင့် 'သင်ဝေပညာ'ကို ဖြည့်ဆည်းထားရန် လိုအပ်သည်။ 'သင်ခြေပညာ'ဆိုသည်မှာ မိမိသင်ကြားပို့ချရမည့် အခြေခံအကြောင်းအရာ၊ ဘာသာရပ်ကို ဆိုလိုသည်။ ဘာသာမကျွမ်းကျင်ဘဲ ဆရာလုပ်လျှင် အရည်အချင်းရှိသော ဆရာမဖြစ်နိုင်ပေ။ အရည်အသွေးမြင့်သော ပညာကိုလည်း ကမ်းဆင့်နိုင်မည် မဟုတ်ပေ။



ကလေးများအား သူငယ်တန်း(KG)သင်ရိုးသစ်ဖြင့် သင်ကြားပေးနိုင်ရန်အတွက် လေ့ကျင့်ရေးသင်တန်းတက်နေသော ကလေးမြို့မှ ဆရာ ဆရာမများ။ ဓာတ်ပုံ-ချင်းတွင်းသား

ဆရာသည် အချို့ကိုအကုန်သိ၍ အကုန်ကို အချို့သိအပ်သည်။ မိမိကျွမ်းကျင်ရာ ဘာသာရပ်အချို့တွင် မိမိသည်သိမြင်နှံ့စပ်သူဖြစ်ရမည်။ မိမိဘာသာရပ်အတွက် မိမိကိုယ်ကို ယုံကြည်မှုရှိရမည်။ မိမိဘာသာရပ် မဟုတ်သော ဆက်စပ်ရာ အကြောင်းအရာတို့ကိုလည်း ဗဟုသုတရှိနေရမည်။ ထိုသို့ဖြစ်ရန် ဆရာသည် အမြဲစာဖတ်ရမည်။ ဝမ်းစာပြည့်ဖို့လိုသည်။ ဆရာသည် ထာဝရကျောင်းသားဖြစ်သည်။ အစဉ်အမြဲ လေ့လာဖြည့်ဆည်းနေရပါမည်။ သုတေသနမပြတ်ပြု၍ အတွေးသစ်အမြင်သစ်များဖြင့် မိမိအရည်အချင်းကို မြှင့်တင်နေရပါမည်။

ဆရာသည် မိမိသင်မည့်ဘာသာရပ်တစ်ခုတည်းကိုသာ ကျွမ်းကျင်နေရုံဖြင့် မလုံလောက်သေးချေ။ တစ်နည်းဆိုသော် 'သင်ခြေပညာ'ဖြင့် မလုံလောက်။ 'သင်ဝေပညာ'ကိုပါ ဖြည့်ဆည်းထားအပ်သည်။ 'သင်ဝေပညာ'ဆိုသည်မှာ သင်ကြားမှုဝေပုံနည်းနာဖြစ်သည်။ 'ဘာသင်မလဲ'ဆိုသည်ထက် 'ဘယ်လိုသင်မလဲ'က ပို၍အရေးကြီးသည်ဟုပင် ထင်သည်။ သင်မည့်အကြောင်းအရာက အရေးမကြီးဟု ဆိုလိုခြင်းမဟုတ်ပေ။ သင်မည့်အကြောင်းအရာသည် အဓိကပေးမည့် ပညာဖြစ်သည်။ သို့သော် 'သင်ပြနည်း'ကိုမသိဘဲ သင်လျှင် 'ပေးကားပေး၏မရ' ဆိုသလို ဖြစ်တတ်သည်။ ထို့ကြောင့် ဆရာ့အရည်အချင်းကို 'သင်ဝေပညာ' ဖြည့်ဆည်းခြင်းအားဖြင့်လည်း မြှင့်တင်ရပါမည်။

### ကျောင်းသားဗဟိုပြုပညာရေးနှင့် ဆရာ

မျက်မှောက်ခေတ်ပညာရေးသည် ဆရာဗဟိုပြုပညာရေးမှသည် ကျောင်းသားဗဟိုပြု ပညာရေးဘက်သို့ ပြောင်းလဲလာပြီဖြစ်သည်။ ဆရာက တပည့်များအား ပို့ချရုံသက်သက် ပညာရေးမျိုးမဟုတ်တော့ပေ။ သင်ယူမှု လွယ်ကူချောမွေ့အောင် စီစဉ်ပေးသူ၊ ကူညီသူ၊ လမ်းညွှန်သူ၊ နည်းလမ်းပြသူ၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာများကို လေ့ကျင့်ပြုပြင်ပေးရသူ ဖြစ်လာသည်။ ဤအရည်အချင်းများ ဆရာ့တွင် ရှိရပါမည်။

> **"ဆရာသည် အချို့ကိုအကုန်သိ၍ အကုန်ကို အချို့သိအပ်သည်။ မိမိကျွမ်းကျင်ရာဘာသာရပ်အချို့တွင် မိမိသည် သိမြင်နှံ့စပ်သူဖြစ်ရမည်။ မိမိဘာသာရပ်အတွက် မိမိကိုယ်ကို ယုံကြည်မှုရှိရမည်။ မိမိဘာသာရပ် မဟုတ်သော ဆက်စပ်ရာအကြောင်းအရာတို့ကိုလည်း ဗဟုသုတရှိနေရမည်။ ထိုသို့ဖြစ်ရန် ဆရာသည် အမြဲစာဖတ်ရမည်။ ဝမ်းစာပြည့်ဖို့လိုသည်။ ဆရာသည် ထာဝရကျောင်းသားဖြစ်သည်။ အစဉ်အမြဲ လေ့လာဖြည့်ဆည်းနေရပါမည်။ သုတေသနမပြတ်ပြု၍ အတွေးသစ် အမြင်သစ်များဖြင့် မိမိအရည်အချင်းကို မြှင့်တင်နေရပါမည်"**




ကျောင်းချိန်ပြင်ပ ကရင်စာပေသင်ကြားပေးမည့် ဆရာ ဆရာမများအတွက် မွမ်းမံသင်တန်းတစ်ခု ပန်းတနော်မြို့၌ ဖွင့်လှစ်စဉ်။ ဓာတ်ပုံ-ပြည့်ဖြိုး(ပန်းတနော်)

ထို့ပြင် ဆရာသည် မိမိတပည့်များအား လှုံ့ဆော်ပေးနိုင်ရမည်။ တပည့်များ၏ ကိုယ်ပိုင်အမြင်ကို လမ်းဖွင့်ပေးနိုင်ရမည်။ တည့်မတ်ပေးနိုင်ရမည်။ မေးသမျှကို ချိုသာသောအပြုံးဖြင့် စိတ်ရှည်စွာ ဖြေပေးနိုင်ရမည်။ နွေးထွေးရမည်။ တည်ငြိမ်ရမည်။ စာနာနိုင်ရမည်။ ဒေါသကင်းစင်ရမည်။ ချီးကျူးသင့်သည်ကို ချီးကျူးရမည်။ ဆုပေးဒဏ်ပေးစနစ်ကို မျှတစွာ သုံးနိုင်ရမည်။ အားပေးတတ်ရမည်။ ကိုယ်တိုင်လည်း စိတ်ဓာတ်မကျရန်လိုသည်။ စံပြဖြစ်ရန်လိုသည်။ တက်ကြွရမည်။ ကိုယ်ကျင့်တရားကောင်းရမည်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရမည်။ ရိုးသားရမည်။ ဖြစ်ချင်တာကို ဦးစားမပေးဘဲ တပည့်များ၏လိုအပ်ချက်ကို ဦးစားပေးနိုင်ရမည်။ စာသင်ချိန်တွင် ကြုံဆုံရနိုင်သည့် ပြဿနာများကိုလည်း ကြိုတင်မှန်းဆ ရှောင်ရှားနိုင်ရမည်။

ဆရာသည် အဂတိတရားကင်းစင်ရန်လည်း လိုအပ်သည်။ မိမိတပည့်သားတို့အား အဆင့်အတန်း၊ ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာခွဲခြားခြင်း ကင်းရမည်။ ရင်ဝယ်သားကဲ့သို့ တစ်တန်းတစ်စားတည်း ဆက်ဆံတတ်သူ ဖြစ်ရမည်။ စာသင်သား၏ နောက်ခံလူမှုဘဝအခြေအနေကိုလည်း သိနားလည်အောင် အားထုတ်သင့်သည်။ အားပေးနှစ်သိမ့်ခြင်း၊ ကူညီပံ့ပိုးခြင်း၊ စာနာခြင်းတို့ဖြင့် ပညာသင်ကြားရာတွင် အခက်အခဲဆူးငြောင့်ခလုတ်များကို ဖယ်ရှားနိုင်ကောင်းသည်။ ဆရာသည် တပည့်အား စာသာမက ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်တို့ကိုလည်း သွတ်သွင်းပေးသင့်ပါသည်။ ဝန်းကျင်နှင့် သဟဇာတရှိရှိ နေတတ်ထိုင်တတ် ပေါင်းသင်းတတ်အောင်လည်း သင်ကြားပေးနိုင်ရမည်။ ဆရာသည် စာကိုသာ မဟုတ်၊ စိတ်ကိုပါ သင်ကြားရာသည်။

### ဆရာအမည်ခံထိုက်သူ

တပည့်များက ပညာကို ဆရာ့ထံမှသင်ယူကြရာတွင် ဝမ်းစာပြည့်သော ဆရာ၊ သင်ခြေပညာသာမက သင်ဝေပညာပါတတ်သော ဆရာများထံ၌ သင်ကြားကြရန် အထူးလိုအပ်ပါသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ဆရာဖြစ်သိပ္ပံတစ်ခုခုမှ ဆရာဖြစ်သင်တန်းဆင်းလက်မှတ်တစ်ခုရရုံဖြင့်၊ စာပေသင်ကြားသူအဖြစ် အသက်မွေးဝမ်းကျောင်းပြုရုံဖြင့် ဆရာဟု မခေါ်ဆိုနိုင်ပါ။ ဆရာဟူ၍ ဆရာအမည်ခံထိုက်သူ ခဲယဉ်းပါသည်။

အဘယ်ကြောင့်ဆိုသော် ဆရာဟူသည် အကျင့်၊ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံသည်သာမက တပည့်များ၏ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးနှင့်တကွ တပည့်တို့၏ အကျိုးစီးပွားကိုလိုလားပြီး တပည့်များအပေါ် အပြစ်ဟုမခံယူဘဲ သွန်သင်ဆုံးမသူကို ဆရာဟု ခေါ်ဆိုခြင်းဖြစ်သည်။ သို့မှသာ ဆရာကောင်း ဆရာမြတ်ဖြစ်သည်ကို မာဃဒေဝလင်္ကာသစ်တွင် ဆရာတော်က 'ရှေးရှုမေတ္တာ၊ ကရုဏာနှင့် နာနာကျင်ကျင်အပြစ်မြင်တိုင်း ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ ဆရာဟူလော့'ဟု ဖွင့်ဆိုထားခဲ့သည်။

### ဆရာ့အရည်အသွေး မြင့်မားစေဖို့

ယနေ့ခေတ် လူအများစုသည် အတန်းပညာသင်ယူထားပြီး ဘွဲ့လက်မှတ်များကို ကိုင်ဆောင်ထားသော်လည်း အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်၊ အကျိုးနှင့်အပြစ်များကို မဆင်ခြင်နိုင်ကြပေ။ ပြဿနာ၏အကြောင်းအရင်းကို ခြေခြေမြစ်မြစ် သေချာစွာ လေ့လာစူးစမ်းခြင်းမရှိဘဲ ကောလာဟလများကို ယုံလွယ်လက်ခံပြီး လက်ဆင့်ကမ်းကာ ပဋိပက္ခများတွင် ကျင်လည်နစ်မျောနေသူများဖြစ်နေလျှင် ထိုသူသည် ပညာ၏သဘောကို ခြုံငုံမိသူမဟုတ်၊ အရည်အသွေးနိမ့်သောပညာကို ရရှိထားသူဖြစ်သည်။

ယနေ့ခေတ်သည် သတင်းအချက်အလက်နှင့် နည်းပညာများ တိုးတက်ထွန်းကားနေသောကာလ ပညာခေတ်ဖြစ်ရာ ပညာကို သင်ယူကြရမည်ဖြစ်သည်။ ပညာအရည်အသွေး မြင့်မားစေရန်အတွက် ဆရာ့အရည်အသွေး မြင့်မားစေဖို့ အထူးလိုအပ်ပါသည်။

ဆရာဟူသည် တပည့်များကို ပညာသင်ကြားရုံသာမက တပည့်တို့၏ အားကိုးအားထားရာ၊ တပည့်အပေါင်းတို့၏ ဘဝလမ်းမှန်ကို ပြဆိုနိုင်သူဖြစ်ပြီး တပည့်တို့၏ မှားယွင်းသည့် ယုံမှားသံသယများကို အမှန်သို့ရောက်အောင် လမ်းညွှန်နိုင်သူဆရာများဖြစ်ကာ တပည့်တို့၏ ပညာအလင်းရောင် အခွင့်အလမ်းရရှိဖို့ ဖော်ဆောင်ပေးနိုင်သည့် အရည်အသွေးပြည့်ဆရာများဖြစ်ရန်အတွက် အထူးလိုအပ်ကြောင်း ရည်သန်၍ ရေးသားလိုက်ရပါသည်။ ။

# (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဒုတိယနေ့ ဆက်လက်ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

(၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (12th ASEAN Ministerial Meeting on Transnational Crime and its Related Meeting-12th AMMTC) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ အစည်းအဝေး ဒုတိယနေ့တွင် (၉)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့်များနှင့် ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးအဆင့်များပါဝင်သည့် (9th AMMTC+3), 6th AMMTC+Chinaနှင့် 4thAMMTC+Japan တို့ကို ယမန်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဆက်စပ်အစည်းအဝေးများမှ 9th AMMTC+3 ကို နံနက် ၈ နာရီခွဲတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ဝန်ကြီးများ၊ အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဝန်ကြီးအဆင့်များ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံအသီးသီးမှ အဆင့်မြင့် အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ တက်ရောက်သည်။

ဆက်လက်၍ 6th AMMTC+China ကို ဖိလစ်ပိုင်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. BernardoC.Florece, Jr. နှင့် 4th AMMTC+Japan အစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Senior Lieutenant General Le Quay Vuong တို့က တွဲဖက်သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

12th AMMTC နှင့် ဆက်စပ်အစည်းအဝေးများတွင် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အကြမ်းဖက်မှု၊ လူကုန်ကူးမှုများနှင့် အခြားမှုခင်းပြဿနာများ ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးတို့တွင် လုပ်ငန်းစီမံချက်များနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အတည်ပြုခြင်း လေးရပ်၊ ဆုံးဖြတ်ချက် နှစ်ရပ်နှင့် 9th AMMTC+3 တွင် အတည်ပြုချက် သုံးရပ်၊ ဆုံးဖြတ်ချက်တစ်ရပ် ရရှိ ဆောင်ရွက်ခဲ့သည်။

**တက်ရောက်**

အစည်းအဝေးအပြီး သတင်းထုတ်ပြန်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ 12th AMMTC အစည်းအဝေးသဘာပတိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်သူနှင့် တာဝန်ရှိသူများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi နှင့် အမှုဆောင်ဒါရိုက်တာတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ တက်ရောက်





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာရရှိသည့် ကျောင်းသား ၁၈၃ ဦးတို့၏ သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကျောင်းအုပ်ကြီး ဒေါက်တာမင်းသန့်၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းဆင်းကျောင်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**တည်ထောင်ဖွင့်လှစ်ခဲ့**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုပြီး တိုင်းရင်းသားများ၏ ဘဝနောင်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေး၍ မိမိဒေသဖွံ့ဖြိုးရေးတာဝန်များကို ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်နိုင်စေရန်အတွက် ကောင်းမြတ်သည့် ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)ကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

ဒီဂရီကောလိပ်(ရန်ကုန်)၏ သက်တမ်းတစ်လျှောက် ယနေ့သင်တန်းဆင်းမောင်တို့ အပါအဝင် ဝိဇ္ဇာဘွဲ့ ၄၄၉ ဦး၊ သိပ္ပံဘွဲ့ ၁၁၂၇ ဦး၊ A.G.T.I ဒီပလိုမာ ၅၉၂ ဦးနှင့် အင်ဂျင်နီယာ နည်းပညာဘွဲ့ ၁၃၅ ဦး၊ စုစုပေါင်း ၂၃၀၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

သင်တန်းဆင်းများမှ နိုင်ငံတာဝန်ထမ်းဆောင်ရင်း ဆက်လက်ပညာဆည်းပူးခဲ့ကြသည့်အတွက် Ph.D ဘွဲ့ ၃၂ ဦး၊ မဟာဝိဇ္ဇာဘွဲ့ ၁၀၇ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၃၈ ဦး၊ မဟာသုတေသနဘွဲ့ ၉၉ ဦး၊ B.E ၁၉၉ ဦး၊ M.E ၅၇ ဦး ရရှိပြီးဖြစ်ကြောင်း။

**စာတွေ့လက်တွေ့ပေါင်းစပ်အသုံးချ**

သင်တန်းဆင်းပြီး နိုင်ငံ့တာဝန်များထမ်းဆောင်ရာတွင် မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များနှင့် ဒေသတွင် အမှန်ဖြစ်ပျက်နေသည့် အခြေအနေများကို စာတွေ့လက်တွေ့ ကျကျ ပေါင်းစပ်အသုံးချ၍ တိုင်းရင်းသားလူမျိုးများ၏ နယ်စပ်ဒေသအလျင်အမြန် တိုးတက်စေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကို တာဝန်သိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံသည့် စိတ်ဓာတ်တို့ဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

တိုင်းရင်းသားလူမျိုးအသီးသီး၏ ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းသာယာရေးအတွက် လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲ၊ ဝါဒစွဲများစသည့် အစွန်းရောက်စွဲလမ်းမှုများ ကင်းဝေးစေရန် ကြိုးပမ်းရေးတို့တွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ဆက်လက်စူးစမ်းလေ့လာ**

ဒီဂရီကောလိပ်ကျောင်းတော်ကြီးက သင်ကြားပေးလိုက်သည့် ပညာရပ်များနှင့် IT နည်းပညာများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် တိုးတက်ပြောင်းလဲနေသည့် နည်းပညာရပ်အသီးသီးကိုလည်း ဆက်လက်စူးစမ်းလေ့လာ၊ လေ့ကျင့်၊ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ယနေ့ နိုင်ငံတော်တွင် တစ်နိုင်ငံလုံး၏ လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး အန္တရာယ်ကျရောက်လာနိုင်သည့် မူးယစ်ဆေးဝါးကိစ္စနှင့်ပတ်သက်၍လည်း မိမိကိုယ်တိုင် ကင်းကင်းရှင်းရှင်းရှိကြရန် ထိန်းထိန်းသိမ်းသိမ်းနေရန်လိုကြောင်းနှင့် တာဝန်ကျရာဒေသများရှိ တိုင်းရင်းသား လူကြီး၊ လူငယ်၊ ကျား၊ မ အားလုံး မူးယစ်ဆေးဝါးနှင့်ပတ်သက်သော လမ်းမှားမရောက်စေရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းကာကွယ်ရေး လုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများနှင့်အတူ အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

**တစ်တပ်တစ်အား ပါဝင်ကူညီ**

နိုင်ငံတော်အစိုးရက ကြိုးစားအကောင်အထည်ဖော်နေသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမှ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေသည့်အပေါ် မိမိတို့တာဝန်ကျရာ ဒေသများတွင် အပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရေးမှာလည်း တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် ကျောင်းတော်ကြီး၏ ကျေးဇူးတရားများကို အမြဲစောင့်သိပြီး ဒီဂရီကောလိပ်က သင်ကြားပို့ချပေးလိုက်သည့် ဘက်စုံပညာရပ်များကို မိမိတို့တာဝန်ကျရာ ဒေသများတွင် ကိုယ်စီကိုယ်စီအသုံးချပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် လူမှုစီးပွားဘဝမြင့်မားလာစေရန် ဆောင်ရွက်ပေးရင်း မိမိကိုယ်ကိုလည်း ပိုမိုတတ်သိနားလည်ရင့်ကျက်သူများဖြစ်စေရန် ဆက်လက်ပြုစုပျိုးထောင်ပြီး နယ်မြေဒေသလူထုအား ဦးဆောင်လမ်းပြနိုင်သည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာစေရေး အမြဲနှလုံးသွင်းကြိုးစားကျင့်ကြံကြရန်လိုကြောင်း၊ နိုင်ငံတော်က အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာအောင် ဆောင်ရွက်နိုင်သူများဖြစ်ကြပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ဝိဇ္ဇာထူးချွန်ဆုရရှိသူ မောင်စသက်မောင်မောင်စိုး၊ သိပ္ပံထူးချွန်ဆုရရှိသူ မောင်လှိုင်မင်းကျော်နှင့် A.G.T.I ထူးချွန်ဆုရရှိသူ မောင်အောင်မျိုးခန့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးဌာန ၁၃ ခုနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့(စစ်ကိုင်း)တို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်းကျောင်းသား ၁၈၃ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကျောင်းသားများနှင့် မိဘများကို ခင်မင်ရင်းနှီးစွာနှုတ်ဆက်ပြီး ဘွဲ့နှင်းသဘင်ဧည့်ခန်း၌ ထူးချွန်ဆုရကျောင်းသားများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သင်တန်းဆင်း ကျောင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က သင်တန်းဆင်းကျောင်းသားများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)တွင် ယနေ့ကျင်းပသော အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ၌ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တိုင်းရင်းသားလူငယ် ၁၈၃ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၁၈ / ၂၀၁၈) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးမှ လုပ်သားအင်အား ၈၀၀ နီးပါး ဖန်တီးပေးနိုင်မည့် လုပ်ငန်း ၁၀ ခု ခွင့်ပြု

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ( ၁၈ / ၂၀၁၈ ) ကြိမ်မြောက် အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးမှ လုပ်ငန်းပေါင်း ၁၀ ခု ခွင့်ပြုပေးခဲ့ပြီး နိုင်ငံအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၈၀၀ နီးပါး ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အဆိုပါ ခွင့်ပြုခဲ့သည့် လုပ်ငန်းများအနက် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့်အဖွဲ့ဝင် ၁၀ ဦးတို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၈ / ၂၀၁၈) ကြိမ်မြောက်အစည်းအဝေး ကျင်းပစဉ်။

# (၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

(၄)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်နှင့် ကိုရီးယားပညာရေးဝန်ကြီးများ၏ အစည်းအဝေးကို အရည်အသွေးပြည့်ဝသော ပညာရေးနှင့် ကျွမ်းကျင်မှု အရည်အသွေးလေ့ကျင့်ပျိုးထောင်မှုဖြင့် အရှေ့တောင်အာရှနိုင်ငံများ၏ တစ်သက်တာသင်ယူမှုကို မြှင့်တင်ရန်ဟူသော ဆောင်ပုဒ်ဖြင့် ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပရာ**(ယာပုံ)** ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ဂျပန်နိုင်ငံပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာ ဒုတိယဝန်ကြီး Mr.Satoshi Ashidate က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံတို့သည် ကျောင်းသားဖလှယ်ရေးဆိုင်ရာ ပညာအရည်အချင်း သတ်မှတ်ချက်များကို ဆွေးနွေးအတည်ပြုခဲ့ကြပြီး ကျောင်းသားဖလှယ်မှုအစီအစဉ်ကို မြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပညာရေးဆိုင်ရာ ဖလှယ်မှုများနှင့် အာဆီယံနိုင်ငံများမှ ကျောင်းသားများအတွက် ပညာသင်ဆုချီးမြှင့်မှုများကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံဒေသတွင်း နေထိုင်သူများအတွက် ငြိမ်းချမ်းရေးနှင့် စည်ပင်ဝပြောရေးအတွက် အဆင့်မြင့်ပညာကဏ္ဍ၊ e-learning နှင့် သက်မွေးမှုပညာဆိုင်ရာကဏ္ဍများတွင် ဆက်လက်ပူးပေါင်းမည့် အစီအစဉ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် (၄)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှမိတ်ဖက်နိုင်ငံများဖြစ်သော သြစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနိုင်ငံများမှ ပညာရေးဝန်ကြီးများ၏ အစည်းအဝေးကို ဆက်လက်ကျင်းပသည်။



ထို့နောက် အာဆီယံအဖွဲ့ဝင်များက သြစတြေးလျနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား အရည်အသွေးအာမခံမှုရှိစေရန်နှင့် အရှေ့အာရှနိုင်ငံများရှိ နည်းပညာသက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအရည်အသွေး အာမခံမှုမူဘောင် အကူအညီပေးရေးကိစ္စများကို လည်းကောင်း၊ တရုတ်၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုတို့က ဒေသတွင်းနိုင်ငံများတွင် ကျောင်းသားများ လှည့်လည်ပညာသင်ကြားနိုင်ရေးကိစ္စများကို လည်းကောင်း၊ အရှေ့အာရှနိုင်ငံများရှိ ကျောင်းသားများအတွက် ပညာသင်ဆုများနှင့် ထောက်ပံ့မှုများ တိုးမြှင့်ပေးအပ်နေမှု အခြေအနေများကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံက အာဆီယံနိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများ၏ နည်းပညာနှင့် သက်မွေးပညာကဏ္ဍကွန်ရက်တည်ထောင်နိုင်ရန် အကူအညီပေးနေမှုများကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အရှေ့အာရှထိပ်သီး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်(၂၀၁၈-၂၀၂၂)တွင် ပါရှိသော ဖနွမ်ပင်ကြေညာချက်ကို ဆောင်ရွက်မည့် မနီလာအစီအစဉ်ပါ နယ်ပယ် ၁၄ ခုကို အောင်မြင်အောင်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

အရှေ့အာရှနိုင်ငံများတွင် ကျောင်းသားအချင်းချင်း၊ လူငယ်အချင်းချင်းဖလှယ်မှုများကို မြှင့်တင်ပြီး မနီလာပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ဦးစားပေးနယ်ပယ် အစီအစဉ်များကို ရှာဖွေဖော်ထုတ်မြှင့်တင်ကြရန် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် အရှေ့အာရှနိုင်ငံများက တက်ရောက်လာကြသော ပညာရေးဝန်ကြီးများနှင့် ကိုယ်စားတက်ရောက်လာကြသော အဆင့်မြင့်အရာရှိကြီးများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကမ္ဘာ့ဘဏ်အဖွဲ့နှင့် Mr. Roelf Meyer တို့အား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကမ္ဘာ့ဘဏ်မှ Country Director(Myanmar), Ms.Ellen Goldstein နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့၏ အဖွဲ့ဝင်ဟောင်း တောင်အာဖရိကနိုင်ငံ ကာကွယ်ရေးဝန်ကြီးဟောင်း Mr. Roelf Meyer တို့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ သီးခြားစီတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကမ္ဘာ့ဘဏ်အဖွဲ့၏ IDA ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ၎င်းတို့မှ မွေးဖွားလာသော ကလေးငယ်များအား အသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့မှု အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ကို ပိုမိုထိရောက် အားကောင်းအောင် ပြုလုပ်နိုင်ရေး၊ စီမံချက်ဆောင်ရွက်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပွင့်လင်းမြင်သာမှု ရှိစေရေးတို့အတွက် ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အဖွဲ့နှင့် ကမ္ဘာ့ဘဏ်မှ Country Director(Myanmar), Ms.Ellen Goldstein အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

အလားတူ Mr. Roelf Meyer နှင့် တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်သို့ သွားရောက်ခဲ့ပြီး ဆန်းစစ်တွေ့ရှိချက်များ၊ မတူညီသော လူ့အသိုင်းအဝိုင်းနှစ်ခုအကြား လူမှုသဟဇာတမျှတ ဖြစ်ထွန်းရေးဆောင်ရွက်နေမှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံမည့် နောက်ဆုံးအခြေအနေများ၊ နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ရှေ့ဖုံးမှ

Shipping Company က ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း ရန်ကုန်ဆိပ်ကမ်းသို့ အမေရိကန်နိုင်ငံမှ အပျော်စီးသင်္ဘော ခုနစ်စင်း၊ ဂျာမနီနိုင်ငံမှ နှစ်စင်း၊ ဗြိတိန်နိုင်ငံမှ တစ်စင်းနှင့် ဂျပန်နိုင်ငံမှ နှစ်စင်း စုစုပေါင်း ၁၂ စင်း လာရောက်ခဲ့ကြောင်းနှင့် Silver Muse သင်္ဘောသည် ယခုပွင့်လင်းရာသီအတွက် ပထမဆုံး လာရောက်သည့် အပျော်စီးသင်္ဘောဖြစ်ကြောင်း သိရသည်။

**မောင်တိုး**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး / ဇလ**

## တာချီလိတ်၌ ရှောင်တခင် စစ်ဆေးမှုများနှင့် ပြည်သူများဖြင့် ပူးပေါင်းဆောင်ရွက်

**တာချီလိတ် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်း ရပ်ကွက်နေပြည်သူများ၏ လုံခြုံရေးနှင့် ပစ္စည်းများ ခိုးဆိုးလုယက်ခံရမှု လျော့နည်းစေရေးအတွက် တာချီလိတ်ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များ၊ ပြည်သူ့စစ်အဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်း အဖွဲ့များ၊ ရပ်ကွက်မှ တာဝန်ရှိသူများဖြင့် ရှောင်တခင်ပိတ်ဆို့စစ်ဆေးမှုနှင့် လှည့်ကင်းများကို နိုဝင်ဘာ ၁ ရက် ညပိုင်း က ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ရှောင်တခင်ပိတ်ဆို့ စစ်ဆေးမှုကို တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပေါ်ထွန်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်ဆန်းဦး၊ မြို့မစခန်းမှူး ဒုရဲမှူး မျိုးခိုင်နှင့် နယ်ထိန်းခေါင်းဆောင် ရဲအုပ် ကိုကိုဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများက ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ရှောင်တခင်ပိတ်ဆို့ စစ်ဆေးပြီး ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်း၊ ရန်အောင်မြေရပ်ကွက် မယ်ခေါင်ချောင်းဘေး၊ ဆန်ဆိုင်း (က / ခ)တို့တွင် ည ၁၂ နာရီအထိ လှည့်ကင်းများဆောင်ရွက်ခဲ့သည်။ **မြင့်မိုရ်(တာချီလိတ်)**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ပုသိမ်တက္ကသိုလ်၌ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပြင်ဆင်ထားရှိသူများ ကြည့်ရှုစစ်ဆေး

**ပုသိမ် နိုဝင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့ ညနေ ၄ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်တက္ကသိုလ်သို့ သွားရောက်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ရှေ့၌ ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာတီးဝိုင်းဖြင့် ဇာတ်တိုက်လေ့ကျင့်နေမှု၊ ပွဲတော်တွင်ပြသမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဖွင့်လှစ်ပြသထားသည့် ပြခန်းများ၊ ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများပြခန်း၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအသိပညာပေးပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်းနှင့် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြသထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ပုသိမ်မြို့ ရေကြည်ဦးရပ်ကွက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**သတင်း-သီသီမင်း၊ မင်းသစ်(MNA)**
**ဓာတ်ပုံ-စိုးမင်း(ပြန်/ဆက်)**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ရောင်းချမည့် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ပုသိမ်တက္ကသိုလ်၌ ကျင်းပမည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို တွေ့ရစဉ်။

# စာပေပွဲတော်ကို ကလေးတွေအတွက် ပညာရပ်တွေ၊ ဗဟုသုတတွေ၊ အတွေးအခေါ်တွေအပြင် အသိလိမ္မာတွေ တိုးတက်အောင် အနှစ်သာရရှိရှိ စီစဉ်ကျင်းပခြင်းဖြစ်ပါတယ်

**တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်**



ဦးကျော်မြင့်



ဒေါက်တာစီစီလှဘူး



ဦးသိန်းနိုင်



ဒေါ်သီတာဝင်း



ရဲမှူးကြီး ရွှေသောင်း



ဦးအောင်မင်းဇော်

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**

**ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်တက္ကသိုလ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

အဆိုပါပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်းပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။

**ဦးကျော်မြင့် (ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး)**

ဒီပွဲတော်ကျင်းပဖို့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဘတ်ဂျက်နှစ်တွေထဲက တစ်နှစ်တိတိ အချိန်ယူပြီး စီစဉ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီတိုင်းဒေသကြီးအစိုးရရဲ့ ဘဏ္ဍာရန်ပုံငွေမှာ ဒီပွဲတော်အတွက် သုံးစွဲဖို့ သိန်း ၁၀၀၀ လျာထား သတ်မှတ်ခဲ့ပါတယ်။ ဒီသိန်း ၁၀၀၀ နဲ့ လျာထားသတ်မှတ်ပြီးတော့ လုပ်ငန်းတွေ ဆောင်ရွက်တဲ့ အခါမှာ ပြည့်မီရုံလောက်ပဲ ရှိပါတယ်။ ပွဲတော်က ကြီးတော့ ကုန်ကျစရိတ်များတဲ့အတွက် ထောင့်စေ့အောင် မနည်းစီမံရပါတယ်။ တိုင်းဒေသကြီးအစိုးရက စိုက်ထုတ်တဲ့ ရန်ပုံငွေအပြင် အလှူရှင်တွေရဲ့ ကူညီပံ့ပိုးမှု၊ လှူဒါန်းမှုတွေနဲ့ ပေါင်းစပ်ပြီး ကျင်းပတာဖြစ်ပါတယ်။

အခုကလေးတွေက အသက်လေးနှစ်၊ ငါးနှစ်အရွယ်ဆိုရင် ဖုန်းကိုင်ပြီး ဂိမ်းဆော့နေကြတာဖြစ်တဲ့အတွက် ဒီလိုကာလမျိုးမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ရော ကလေးတွေရဲ့ အနာဂတ်အတွက် အရည်အချင်းရှိတဲ့ အရည်အသွေးရှိတဲ့ ကလေးတွေဖြစ်လာဖို့က စာပေနဲ့ ကင်းကွာဖို့ မဖြစ်ပါဘူး။ အဲဒီအတွက် ကျွန်တော်တို့က ဒီကလေးစာပေပွဲတော်တွေကို နိုင်ငံတစ်ဝန်း လိုအပ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ဧရာဝတီတိုင်းဒေသကြီးမှာ ကျွန်တော်တို့ စာပေပွဲတော်ကို ကလေးတွေအတွက် ပညာရပ်တွေ၊ ဗဟုသုတတွေ၊ အတွေးအခေါ်တွေအပြင် အသိလိမ္မာတွေ တိုးတက်အောင် အနှစ်သာရရှိရှိ စီစဉ်ကျင်းပခြင်း ဖြစ်ပါတယ်။

**ဒေါက်တာစီစီလှဘူး (ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်)**

ကလေးစာပေပွဲတော်ကို တက်ရောက်လာမယ့် ကလေးတွေက အခြေခံပညာကျောင်းက ကလေးတွေဖြစ်ပြီး အခုလို ပုသိမ်တက္ကသိုလ်ကြီးမှာ ကျင်းပတဲ့ပွဲကို လာရောက်တဲ့အခါကျတော့ အဆင့်မြင့် တက္ကသိုလ်ကို လာရတဲ့အတွက် ဗဟုသုတလည်းရမယ်၊ ပျော်ရွှင်စရာ ကစားနည်းမျိုးစုံလည်းပါတော့ အသိဉာဏ်တွေ ဒီထက်မက ကြွယ်ဝမယ်။ အခြေခံနဲ့ အဆင့်မြင့် ပူးပေါင်းပြီးတော့ နောင်ဖြစ်လာမယ့် မျိုးဆက်သစ်တွေကို အရည်အသွေးပြည့်ဝတဲ့ သူတွေအဖြစ် ဒီကလေးစာပေပွဲတော်ကနေ ဖန်တီးယူနိုင်မယ်။ အများကြီး အောင်မြင်မှုတွေလည်း ရလိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ဒီပွဲတော်ကို ဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်။ ဧရာဝတီတိုင်းတစ်တိုင်းလုံးမှာရှိတဲ့ ကလေးတွေ သမားရိုးကျမဟုတ်တဲ့ ဒီအခွင့်အရေးကို လက်လွတ်မခံဘဲ လာရောက်ကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးသိန်းနိုင် (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာအုပ်ပြခန်းနှင့် စာအုပ်အရောင်းဆိုင်မှ ဒုတိယဦးစီးမှူး)**

ကလေးစာပေပွဲတော် ဖြစ်တဲ့အတွက် ကလေးတွေ ဉာဏ်ရည်ထက်မြက်ဖို့ အင်္ဂလိပ်စာပေတွေကိုလည်း သရုပ်ဖော်ပုံလေးတွေနဲ့ ပြသပေးထားပါတယ်။ များသောအားဖြင့် ဒီမှာပြထားတဲ့ စာအုပ်တွေက အပြင်မှာ မရှိတာများတယ်။ နောက်ပြီး ဂျပန်ပုံပြင်စာအုပ်လေးတွေ၊ ဆရာကြီး မင်းသုဝဏ်ရဲ့ မှတ်တမ်းတွေ၊ ကဗျာတွေ၊ ကဗျာဆရာ တင်မိုးရဲ့ ကဗျာတွေကို ကလေးတွေသာမက လူကြီးတွေကလည်း သားသမီးတွေ လိုက်ပြရတဲ့အတွက် သူတို့လည်း အမှတ်တရမြင်ရမှာ ဖြစ်ပါတယ်။

**ဒေါ်သီတာဝင်း (ထူးချွန်ထင်ရှား ဧရာဝတီတိုင်းသားများ ပြခန်းတာဝန်ခံ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ၊ တိုင်းဦးစီးမှူး)**

ဧရာဝတီတိုင်းမှာ တကယ့်ကို ထူးချွန်ထင်ရှားတဲ့ နိုင်ငံ့ဂုဏ်ဆောင်တဲ့ ပုဂ္ဂိုလ်တွေ ၃၀၀ ကျော်ရှိပါတယ်။ ဒီပြခန်းမှာ ၈၀ လောက်ပဲပြသထားနိုင်တယ်။ နေရာအနေအထားအရရော နောက်ပြီးပြသမယ်ဆိုရင် သူတို့ရဲ့အချက်အလက် အကြောင်းအရာ ခိုင်မာဖို့လိုတယ်၊ ခိုင်လုံမှုလည်း ဖြစ်မယ်။ ဒါ့ကြောင့် ရသလောက်လေး ပြထားတာပါ။ ဧရာဝတီတိုင်းက မျိုးဆက်သစ်ကလေးတွေ၊ လူငယ်၊ လူရွယ်တွေ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ နိုင်ငံရေး စတဲ့ဘက်တွေမှာ စံပြုရလောက်အောင် ထူးချွန်တဲ့ ဒီလိုပုဂ္ဂိုလ်ကြီးတွေကိုကြည့်ပြီး သူတို့အနေနဲ့ အထင်ကြီးလေးစားမယ်၊ အတုယူနိုင်အောင်၊ ဗဟုသုတဖြစ်အောင် ရည်ရွယ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီး ပြသခြင်း ဖြစ်ပါတယ်။

**ရဲမှူးကြီး ရွှေသောင်း (ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းအသိပညာပေးပြခန်းမှ ရဲတပ်ဖွဲ့မှူး)**

ကလေးစာပေပွဲတော်မှာ အခုလိုလာရောက်ပြသရတဲ့ ရည်ရွယ်ချက်က ကလေးတွေ ယာဉ်တိုက်မှုနဲ့ ပတ်သက်လို့ သိသင့် သိထိုက်တာတွေ၊ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ ရှောင်ရမယ့်အချက်တွေ၊ လူကုန်ကူးတဲ့သူတွေက ဘယ်လိုတွေ လာပြီး စည်းရုံးနိုင်တယ်ဆိုတာ သိသွားခြင်းအားဖြင့် သူတို့ကိုယ်သူတို့ ကာကွယ်စောင့်ရှောက်နိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အတွက် ဒီပြခန်းကို လာဖွင့်တာပါ။ ကလေးသူငယ်တွေနဲ့ ပတ်သက်ပြီး မှုခင်းအခြေခံ အဖွဲ့အစည်းတွေဖြစ်တဲ့ ရဲစခန်းတွေ၊ မြို့နယ်၊ ခရိုင် အလိုက် ဖြစ်ပွားတဲ့နေရာတွေရော၊ မဖြစ်ပွားသေးတဲ့ နေရာတွေရော အသိပညာပေး လုပ်ငန်းတွေကို စခန်းမှူး၊ မြို့နယ်မှူး၊ ခရိုင်မှူးတွေက စဉ်ဆက်မပြတ် ဟောပြောမှုတွေလည်း ဆောင်ရွက်နေပါတယ်။

**ဦးအောင်မင်းဇော် (အခြေခံပညာပြခန်း(၁)မှ မြောင်းမြခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ)**

ဧရာဝတီတိုင်းမှာဆိုရင် ခြောက်ခရိုင်ရှိပါတယ်။ ကလေးစာပေပွဲတော်မှာ တိုင်းအနေနဲ့ ပြခန်းနှစ်ခန်း တာဝန်ယူထားပါတယ်။ အခြေခံပညာပြခန်း(၁)နဲ့ (၂)ပါ။ အခြေခံပညာ ပြခန်း(၁)က ပုသိမ်၊ မြောင်းမြ၊ လပွတ္တာ ခရိုင်တွေပါပါတယ်။ အခြေခံပညာ ပြခန်း(၂)က ဟသ်ာတ၊ ဖျာပုံ၊ မအူပင်ခရိုင်တွေ ပါပါတယ်။ အဲဒီခရိုင်တွေက ကလေးတွေရဲ့လှုပ်ရှားမှုပြသထားတဲ့ ဓာတ်ပုံတွေ၊ ကလေးတွေရဲ့လုပ်ဆောင်ချက်လေးတွေ ပါမယ်။

*စာမျက်နှာ ၁၂ သို့*

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ခ) ပစ္စည်းတစ်ရပ်နှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများ ဖြစ်လျှင် ပုဒ်မခွဲ (က) နှင့် သက်ဆိုင်ခြင်း မရှိစေရ။

**လူမွဲပါဝင်ချုပ်ဆိုထားသော အနုညာတ သဘောတူညီချက်**

၃၃၁။ (က) လူမွဲဖြစ်မှုစတင်ခြင်းမပြုမီ လူမွဲပါဝင်ချုပ်ဆိုထားသော ပဋိညာဉ်တစ်ရပ်၌ အနုညာတသဘောတူညီချက်ပါရှိလျှင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ပဋိညာဉ်ကို သဘောတူလက်ခံပါက ထိုပဋိညာဉ်ပါ အနုညာတ သဘောတူညီချက်ကို အတည်ပြုဆောင်ရွက်နိုင်သည် သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းကို ခံယူနိုင်သည်။

(ဂ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ပဋိညာဉ်ကို သဘောတူလက်ခံခြင်း မရှိသော်လည်း မြီရှင်များကော်မတီ(၎င်းတို့ကိုယ်စား ယုံမှတ်အပ်နှံခြင်းခံရသူမှတစ်ဆင့်)က ဖြစ်စေ၊ ထိုသဘောတူညီချက်တွင်ဝင်ဆိုသော အခြားစာချုပ်ဝင်တစ်ဦးဦးကဖြစ်စေ တရားရုံးသို့ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းလမ်းအရ ဖြေရှင်းစေရေး လွှဲအပ်စေသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားနိုင်သည်။

**အခန်း(၈)**

**လူမွဲဖြစ်မှုနှင့်စပ်လျဉ်းသည့် ပြစ်မှုများ**

**နိဒါန်း**

**ဤအခန်းနှင့် သက်ဆိုင်ခြင်း**

၃၃၂။ (က) လျှောက်လွှာချက်အရ တရားရုံးက မြီစားအပေါ် လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်သည့်အခါ ဤအခန်းပါပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်သည်ဖြစ်စေ မပယ်ဖျက်သည်ဖြစ်စေ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ဂ) နောက်ထပ်လူမွဲဖြစ်မှုနှင့် စပ်လျဉ်း၍ ထိုလူမွဲ၏ပေးရန်တာဝန်များကို ထိခိုက်စေခြင်းမရှိဘဲ လူမွဲအဖြစ်မှရပ်စဲပြီးနောက်ပိုင်း ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ လူမွဲသည် ဤအခန်းပါပြစ်မှုတစ်ရပ်အတွက် ပြစ်ဒဏ် ထိုက်သင့်ခြင်း မရှိစေရ။ သို့ရာတွင် လူမွဲဖြစ်မှုမရပ်စဲမီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ရပ်အတွက် မှုခင်းတစ်စုံတစ်ရာဖြင့် တရားစွဲဆိုဆောင်ရွက်ခြင်းကို ဤအပိုင်းပါ မည်သည့် ပြဋ္ဌာန်းချက်များက တားမြစ်ခြင်း မရှိစေရ။

(ဃ) ဤအခန်းအရ ပြစ်မှုတစ်ရပ်အတွက် တရားစွဲဆိုသော မှုခင်းတစ်ရပ်တွင် ယင်းပြစ်မှုကို နိုင်ငံတော်ပြင်ပတွင် ကျူးလွန်ခဲ့သည်ဆိုသော အကြောင်းပြချက်ဖြင့် ခုခံချေပခွင့် မရှိစေရ။

(င) မည်သူမဆို ဤအခန်းပါ ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ်သိန်းငါးဆယ်အထိလည်း ချမှတ်နိုင်သည်။

(စ) ဤအခန်းတွင်-

(၁) လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သောပစ္စည်း သို့မဟုတ် တရားဝင်ပစ္စည်းထိန်းထံသို့ဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ လက်ရောက်ပေးအပ်ရန် ဆင့်ဆိုသတ်မှတ်ထားသော ပစ္စည်းဆိုသောစကားရပ်တွင် ပုဒ်မ ၂၈၆ သို့မဟုတ် ၂၈၇ အရ အကြောင်းကြားစာ ပေးပို့တောင်းခံသည့်ပစ္စည်းများလည်း ပါဝင်ရမည်။

(၂) **ကြားကာလ** ဆိုသည်မှာ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းချိန်မှစ၍ ယင်းအမိန့်ချမှတ်သည့်အထိကြာသော ကြားကာလကို ဆိုသည်။

**ကြံရွယ်ချက် မရှိကြောင်း ခုခံချေပခြင်း**

၃၃၃။ ဤအခန်းပါ ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ တရားစွဲဆိုရာတွင် တစ်ဦးတစ်ယောက်သည် ၎င်း၏လုပ်ငန်းကိစ္စများကိုဆောင်ရွက်ရာတွင် လိမ်လည်ရန် သို့မဟုတ် ဝှက်သိမ်းရန် ကြံရွယ်ချက် မရှိကြောင်း သက်သေထင်ရှားပြသနိုင်လျှင် ထိုသူသည် ဤအပိုင်းပါပြစ်မှုကို ကျူးလွန်ခြင်းမရှိဟု ဤပုဒ်မအရ မှတ်ယူနိုင်မည်။

**လူမွဲဖြစ်မှု မစတင်မီနှင့် စတင်ပြီးနောက်ပိုင်း လူမွဲ၏ကျူးလွန်မှုများ ထုတ်ဖော်ပြောကြားရန် ပျက်ကွက်ခြင်း။**

၃၃၄။ (က) လူမွဲသည် အောက်ပါတို့ကို ထုတ်ဖော်ရန် ပျက်ကွက်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည် -

(၁) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ မိမိပစ္စည်းစာရင်းကို မိမိသိရှိသည့်အတိုင်း ဖော်ထုတ်ပြောကြားရန် ပျက်ကွက်လျှင်၊

(၂) လူမွဲက ၎င်းပိုင်ပစ္စည်းတစ်ရပ်ရပ်အား မည်သည့်အချိန်က မည်သူ့ထံသို့ မည်သည့်တန်ဖိုးဖြင့် ရောင်းချခဲ့သည် သို့မဟုတ် မည်သို့မည်ပုံ စီမံခန့်ခွဲခဲ့သည်ကို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့သတင်းပေးပြောကြား ရန် ပျက်ကွက်လျှင်။

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်ခွဲငယ်(၂)ပါပြဋ္ဌာန်းချက်သည် လူမွဲက မိမိလုပ်ငန်းအား လုပ်ဆောင်မြဲ နည်းလမ်းများအတိုင်းဆောင်ရွက်ရာ၌ မိမိကိုယ်တိုင် သို့မဟုတ် မိမိ၏မိသားစုအတွက် သာမန်ကုန်ကျစရိတ်များကို ပေးချေမှုတစ်ရပ်ရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

**ပိုင်ဆိုင်မှုကို ဝှက်သိမ်းထားခြင်း**

၃၃၅။ (က) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်-

(၁) ဥပဒေအရ လက်ရောက်ပေးအပ်ရန် ဆင့်ဆိုထားသည့် မိမိ၏လက်ဝယ် သို့မဟုတ် ထိန်းသိမ်းမှုအောက်တွင်ရှိသော လူမွဲပိုင်ပစ္စည်းတွင်ပါဝင်သည့် ပစ္စည်းတစ်ရပ်ရပ်ကို တရားဝင်ပစ္စည်းထိန်းဖြစ်စေ၊ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ဖြစ်စေ သို့မဟုတ် ထိုသူတို့က ညွှန်ကြားထားသည့်အတိုင်း လက်ရောက်ပေးအပ်ခြင်း မရှိလျှင်၊

(၂) မိမိရရန်ရှိသော ကြွေးမြီ သို့မဟုတ် မိမိပေးရန်ရှိသော ကြွေးမြီတစ်ရပ်ကို ဝှက်သိမ်းထားခြင်း သို့မဟုတ် နည်းဥပဒေအရ သတ်မှတ်ထားသော ငွေပမာဏထက် မနည်းသော တန်ဖိုးရှိသောပစ္စည်းကို ဝှက်သိမ်းထားလျှင် သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် မိမိအားဆင့်ဆိုထားသည့် ပစ္စည်းကို လက်ဝယ်ထားလျှင်၊ သို့မဟုတ်

(၃)လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်းမပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလအတွင်း ပုဒ်မခွဲငယ် (၂) အရ ပြစ်မှုတစ်ရပ်မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို လူမွဲအဖြစ်ခံယူစေသည့် ချမှတ်သည့် အမိန့်ပြီးနောက် ပြုလုပ်ခဲ့လျှင်။

(ခ) နည်းဥပဒေအရ သတ်မှတ်ထားသော ငွေပမာဏထက် မနည်းသည့် တန်ဖိုးရှိပြီး တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် ဆင့်ဆိုထားသည့် မိမိလက်ဝယ်ရှိ ပစ္စည်းတစ်ရပ်ကို ကြားကာလအတွင်း၌ လူမွဲကဖယ်ရှားလျှင် သို့မဟုတ် ဖယ်ရှားခဲ့လျှင် ၎င်းသည် ပြစ်မှုကိုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ဂ) တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ သို့မဟုတ် တရားရုံးက လူမွဲအား-

(၁) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်းမပြုမီ ၁၂ လကာလအတွင်း သို့မဟုတ် ကြားကာလအတွင်း လူမွဲပိုင်ပစ္စည်းများအနက်မှ အများစု ဆုံးရှုံးခဲ့မှုနှင့် စပ်လျဉ်း၍ တာဝန်ယူစာရင်းရှင်းလင်းတင်ပြရန်၊ သို့မဟုတ်

(၂) ထိုဆုံးရှုံးမှုအတွက် ကျေနပ်လောက်ဖွယ်ရာ ရှင်းလင်းတင်ပြရန်။

ဆင့်ဆိုခဲ့ရာ၌ လူမွဲက ကျိုးကြောင်းဆီလျော်သည့်အကြောင်းပြချက်မရှိဘဲ ထိုဆင့်ဆိုချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ၎င်းသည် ပြစ်မှုကို ကျူးလွန်သည်။

**စာအုပ်စာတမ်းများကို ဝှက်သိမ်းထားခြင်းနှင့် လိမ်လည်ရေးသွင်းခြင်း**

၃၃၆။(က) လူမွဲပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ ၎င်း၏လက်ဝယ် သို့မဟုတ် ထိန်းချုပ်မှုအောက်တွင်ရှိသော စာအုပ်စာတမ်းများနှင့် အခြားမှတ်တမ်းများကို တရားဝင်ပစ္စည်းထိန်းအရာရှိ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ ထံသို့ဖြစ်စေ သို့မဟုတ် ထိုသူတို့က ညွှန်ကြားထားသည့်အတိုင်းဖြစ်စေ လက်ရောက်ပေးအပ်ခြင်း မပြုလျှင် ၎င်းသည် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည် -

(၁) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများ တင်ပြခြင်းကို တားဆီးလျှင် သို့မဟုတ် ကြားကာလအတွင်း၌ တားဆီးခဲ့လျှင်၊

(၂) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများကို ဝှက်သိမ်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း သို့မဟုတ် ဖြတ်တောက်ခြင်း သို့မဟုတ် လိမ်လည်အတုပြုခြင်းပြုလျှင် သို့မဟုတ် ထိုသို့ဝှက်သိမ်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း သို့မဟုတ် ဖြတ်တောက်ခြင်း သို့မဟုတ် လိမ်လည်အတုပြုခြင်းတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေခြင်း သို့မဟုတ် တမင်ခွင့်ပြုခြင်း ပြုလျှင်၊

(၃) လူမွဲသည် ၎င်းပိုင်ဆိုင်မှုပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့် အခြားသောမှတ်တမ်းများတွင် လိမ်လည်ရေးသွင်းခြင်း သို့မဟုတ် ဖြစ်ပေါ်စေခြင်း သို့မဟုတ် တမင်ခွင့်ပြုခြင်းပြုလျှင်၊ သို့မဟုတ်

(၄) လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်လွှာ တင်သွင်းခြင်းမပြုမီ ၁၂ လအတွင်း သို့မဟုတ် ကြားကာလ အတွင်း ပုဒ်မခွဲငယ် (၂) သို့မဟုတ် (၃) အရ ပြစ်မှုတစ်ရပ် မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို လူမွဲအဖြစ်ခံယူစေသည့် ချမှတ်သည့်အမိန့်ပြီး နောက်ပြုလုပ်ခဲ့လျှင်။

(ဂ) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည် -

(၁) လူမွဲသည် ၎င်းပိုင်ပစ္စည်း သို့မဟုတ် လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းသည့် စာအုပ်စာတမ်းနှင့် အခြားသောမှတ်တမ်းများကို စီမံခန့်ခွဲခြင်း သို့မဟုတ် ပြောင်းလဲခြင်း သို့မဟုတ် ထိုသို့ ဖြစ်ပေါ်စေခြင်း သို့မဟုတ် တမင်ခွင့်ပြုခြင်းပြုလျှင်၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းခြင်းမပြုမီ ၁၂ လ အတွင်း သို့မဟုတ် ကြားကာလအတွင်း ပုဒ်မခွဲငယ် (၁) အရ ပြစ်မှုတစ်ရပ် မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို လူမွဲအဖြစ်ခံယူစေသည့် ချမှတ်သည့်အမိန့်ပြီးနောက် ပြုလုပ်ခဲ့လျှင်။

(ဃ) ပုဒ်မခွဲ(ခ) ခွဲငယ်(၄) နှင့် (ဂ)ခွဲ ငယ် (၂) တို့တွင် အချိန်ကာလအား ၁၂ လအဖြစ် ဖော်ပြထားသော်လည်း ကုန်သွယ်မှုမှတ်တမ်းနှင့် သက်ဆိုင်သည့် လျှောက်ထားချက်တွင် ယင်းကာလအစား နှစ်နှစ်ဟု မှတ်ယူရမည်။

(င) ပုဒ်မခွဲ(ဃ) တွင် ဖော်ပြထားသော **ကုန်သွယ်မှုမှတ်တမ်း** ဆိုရာတွင် အောက်ပါ မှတ်တမ်းများအပါအဝင် လူတစ်ဦးတစ်ယောက်၏ စီးပွားရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စများ သို့မဟုတ် ငွေကြေးအခြေအနေကိုဖော်ပြသော သို့မဟုတ် ရှင်းလင်းတင်ပြသော စာအုပ်စာတမ်းနှင့် အခြားသော မှတ်တမ်းများကိုဆိုသည်-

(၁) ရငွေပေးငွေများနှင့်စပ်လျဉ်း၍ထားရှိသည့် ပုံမှန်ငွေစာရင်းမှတ်တမ်းများ၊

(၂) ပုံမှန်ကုန်စည်စာရင်းမှတ်တမ်း၊

(၃) လက်လီရောင်းချသော ကုန်စည်များမှတစ်ပါး ရောင်းသူနှင့် ဝယ်သူတို့ကို ဖော်ပြမှတ်တမ်းတင်ထားသည့် ကုန်စည်ရောင်းဝယ်မှု မှတ်တမ်းများ။

**မမှန်မကန် ရေးသွင်းဖော်ပြချက်များ**

၃၃၇။ (က) လူမွဲသည် ၎င်း၏လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း ဤအပိုင်း ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ ဆောင်ရွက်ရန် သတ်မှတ်ထားသော ရေးသွင်းဖော်ပြချက်တစ်ရပ် ပြုလုပ်ရာတွင် လည်းကောင်း အရေးပါသောအချက်အလက်များကို ထိမ်ချန်ခြင်းပြုလျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ပုဒ်မ ၃၃၃ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

(ခ) လူမွဲသည် အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို လုပ်ဆောင်လျှင် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာရောက်သည် -

(၁) လူမွဲခံခြင်းဆိုင်ရာ မှုခင်း၌ တစ်စုံတစ်ဦးသည် ကြွေးမြီရရန်ရှိကြောင်း မမှန်မကန် သက်သေထင်ရှား ပြသတောင်းဆိုခြင်းကို သိလျက်နှင့်ဖြစ်စေ ယုံကြည်ရန် အကြောင်းရှိလျက်ဖြစ်စေ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ဆောလျင်စွာ သတင်းပေးအကြောင်းကြားရန် ပျက်ကွက်လျှင်၊ သို့မဟုတ်

(၂) ၎င်းပိုင်ဆိုင်သော ပစ္စည်းအစိတ်အပိုင်းတစ်ရပ်ရပ်နှင့် စပ်လျဉ်းပြီး စာရင်းရှင်းလင်းရာတွင် ဆုံးရှုံးမှုများ သို့မဟုတ် ကုန်ကျစရိတ်များကို မဟုတ်မမှန် တင်ပြရန် အားထုတ်ခြင်းပြုလျှင်၊ သို့မဟုတ်

(၃) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ချမှတ်ပေးရန်လျှောက်လွှာ တင်သွင်း ခြင်းမပြုမီ၁၂ လအတွင်း သို့မဟုတ် ကြားကာလ အတွင်း ကျင်းပပြုလုပ်ခဲ့သော မြီရှင်များနှင့်စပ်လျဉ်းသည့် မည်သည့်အစည်းအဝေးတွင်မဆို ပုဒ်မခွဲငယ် (၂) အရ ပြစ်မှုတစ်ရပ်မြောက်စေမည့် ပြုလုပ်မှုတစ်ခုကို ပြုလုပ်ခဲ့လျှင်၊ သို့မဟုတ်

(၄) လူမွဲမှုခင်း သို့မဟုတ် ၎င်း၏လုပ်ငန်းကိစ္စများအတွက် မြီရှင်များ သို့မဟုတ် ၎င်းတို့အနက်မှ တစ်ဦးဦး၏သဘောတူညီချက် ရရှိရန်အလို့ငှာ မမှန်မကန်တင်ပြခြင်း သို့မဟုတ် အခြားနည်းဖြင့် လိမ်လည် လှည့်ဖြားခြင်းပြုလျှင်။

*(ဆက်လက်ဖော်ပြပါမည်)*



## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ဝါးခယ်မမြို့နယ်၌ ပြုလုပ်သည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ တက်ရောက်

**ပုသိမ် နိုဝင်ဘာ ၂**

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများနှင့် အတူ ယနေ့ နံနက်ပိုင်းတွင် ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၁၃/ ၁၇၅၀)ရှိ တောင်သူ ဦးဝင်းမြင့်၏ လယ်မြေ၌ပြုလုပ်သော မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၈ ခုနှစ် မတ်လမှစတင်၍ သီးနှံအထွက်တိုးရေးနှင့် အရည်အသွေးကောင်းမွန်စေရန် မြေဆီလွှာ ချဉ်ငန်ဓာတ်တိုင်းတာခြင်းနှင့် နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက် ပါဝင်မှုနှုန်းထားများအား ဧက ကိုးသိန်းခန့်ကို စစ်ဆေးနိုင်ခဲ့ပြီး ရလဒ်အဖြေများအပေါ် မူတည်၍ ယင်းစမ်းသပ်ထားသော လယ်ဧကကိုးသိန်းကို ထုံး၊ ဆာလဖာ၊ နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်များကို အချိုးကျထည့်သွင်းစေခြင်းဖြင့် မြို့နယ်တိုင်းကို စိုက်ပျိုးရေးပညာပေးခြင်း လုပ်ငန်းများကို ကြီးကြပ်၍ ထိထိရောက်ရောက် ဆောင်ရွက်စေခဲ့ပါကြောင်း၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေများသည် အများအားဖြင့် pH ၄ ဒသမ ၇ ပျမ်းမျှရှိသဖြင့် တစ်ဧကလျှင် ထုံးပိဿာချိန် ၃၀၀ ကို တစ်နှစ်လျှင် အနည်းဆုံး ပိဿာ ၁၀၀ ထည့်သွင်းစေခဲ့ပြီး ၎င်းထုံးထည့်ထားသော စိုက်ကွင်းနှင့် ထုံးမထည့်ထားသော စိုက်ကွင်းတို့ကို ယှဉ်ပြိုင်စိုက်ပျိုးစေခဲ့ရာ လက်ရှိနေရာငါးနေရာခန့်တွင် ထုံးထည့်ထားသော စိုက်ကွင်းမှာ တစ်ဧကလျှင် တင်း ၂၀ မှ ၃၀ အထိ အထွက်တိုးသည်ကို စမ်းသပ်တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပေးမှုအပေါ် ပေါင်းစပ်ပါဝင် ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်သူဦးဝင်းမြင့်၏ ထုံးထည့်သွင်း စိုက်ပျိုးထားသော စံပြကွက် ဧက ၀ ဒသမ ၅၀ နှင့် သမားရိုးကျ ထုံးမထည့်ထားသော ၀ ဒသမ ၀၅ ဧကတို့အား ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးဖြင့် ရိတ်သိမ်းခဲ့ရာ ထုံးထည့်သွင်းခြင်းစံပြကွက်မှ တစ်ဧကလျှင် ၁၄၀ ဒသမ ၂၅ တင်းနှင့် တောင်သူသမားရိုးကျကွက်မှ ၁၁၈ ဒသမ ၁၆၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၆ စီ)ရှိ တောင်သူ ဦးစိုးမြင့်အောင်၏ လယ်မြေ၌ ပြုလုပ်သော ထုံးထည့်သွင်း စံပြကွက် ၀ ဒသမ ၀၅ ဧကနှင့် သမားရိုးကျ ထုံးမထည့်ထားသော ၀ ဒသမ ၀၅ ဧကတို့အား ရိတ်သိမ်းခြွေလှေ့စက် နှစ်စီးဖြင့် ရိတ်သိမ်းခဲ့ရာ ထုံးထည့်သွင်းခြင်း စံပြကွက်မှ တစ်ဧကလျှင် ၁၁၀ ဒသမ ၄၀ တင်းနှင့် တောင်သူသမားရိုးကျ ထုံးမထည့်ထားသောအကွက်မှ တစ်ဧကလျှင် ၇၉ တင်းတို့ ထွက်ရှိခဲ့ကြောင်းနှင့် ယင်းကဲ့သို့ စပါးအထွက်တိုးမှုများကြောင့် ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ထုံးထည့်ခြင်း၊ စိုက်ပျိုးမြေပြုပြင်ခြင်းနှင့် အခြားသွင်းအားစုများအား စနစ်တကျ ထည့်သွင်းစိုက်ပျိုးခြင်းတို့အား ရာနှုန်းပြည့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ဖြူးမြို့နယ်အတွင်းရှိ တပ်မတော်မှ စွန့်လွှတ်မြေများအား လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ညောင်လေးပင် နိုဝင်ဘာ ၂**

နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက တပ်မတော်မှ ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေများအား မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ညောင်လေးပင်မြို့ မြို့နယ်စည်ပင်သာယာရေးရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက "ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေး လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူတို့၏ အဓိကလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖော်ဆောင်နေသည့် လုပ်ငန်းစဉ်များတွင် ယခုလိုပြန်လည် စွန့်လွှတ်သည့် တောင်သူများ၏ မူလစိုက်ပျိုးမြေများကို ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ရအောင် ဆောင်ရွက်ပေးနေမှုလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း ပြန်လည်ရရှိလာသည့် စိုက်ပျိုးမြေတွေကို အကျိုးရှိရှိ ဆောင်ရွက်ကြစေလိုကြောင်းနှင့် ယနေ့ထုတ်ပေးလိုက်တဲ့ ယာယီလုပ်ပိုင်ခွင့် ပုံစံ(၃)မှသည် တောင်သူတစ်ဦးချင်းအား လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)ရရှိရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ဆက်လက်ဆောင်ရွက်ပေးကြစေလိုကြောင်း" မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်တို့က ညောင်လေးပင်မြို့နယ် ဂျောင်းတာကျေးရွာအုပ်စုအတွင်း အမှတ်(၂၀) ခြေမြန်တပ်ရင်းမှ စွန့်လွှတ်သည့် လယ်မြေ ၅၄ ဧကကို တောင်သူ ခြောက်ဦးသို့ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၃) လွှဲပြောင်းပေးအပ်ခဲ့ပြီး တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ငူခရိုင် ဖြူးမြို့ စည်ပင်သာယာရေးခန်းမတွင် ဖြူးမြို့နယ် ကျီးမနိုးကွင်းအတွင်းရှိ ကွင်းအမှတ်(၈၀၉) ရေအိုးစင်မြောက်ကွင်း ဦးပိုင်အမှတ်(၃/၁၊ ၅/၁) အတွင်း အမှတ်(၄၃၉) ခြေမြန်တပ်ရင်းမှ နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ် အပ်နှံမြေ ဧက ၈၀ ကို မူလလုပ်ပိုင်ခွင့်ရ တောင်သူ ၁၉ ဦး၏ လက်ဝယ်သို့ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၃)အား လွှဲပြောင်းပေးခဲ့သည်။ **(အောက်ပုံ)**

ညောင်လေးပင်မြို့နယ် ဂျောင်းတာကျေးရွာအုပ်စုအတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သည့် မြေဧရိယာ ၂၃၄ ဧကအနက်မှ ဧက ၁၈၀ အား ၂၀၁၄ ခုနှစ် ဧပြီ ၄ ရက်တွင် တောင်သူ ၁၇ ဦးအား ပထမအကြိမ် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**



## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် နိုဝင်ဘာ ၂**

ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## "မီ" ရုပ်ရှင်ဇာတ်ကား နိုဝင်ဘာ ၉ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်



နေတိုး



မင်းဦး



သားညီ



ပိုင်ဖြိုးသု

ရန်ကုန် နိုဝင်ဘာ ၂

**`` Victoria ´´ ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ဏကြီး ရိုက်ကူးထားသည့် မီ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲကို နိုဝင်ဘာ ၁ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ကာ နိုဝင်ဘာ ၉ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။**

သရုပ်ဆောင် နေတိုးက "ဒီဇာတ်ကားကတော့ ခေတ်ဟောင်းပုံစံဇာတ်ကားထဲမှာ လိုလေသေးမရှိအောင် အတတ်နိုင်ဆုံး ရိုက်ထားတဲ့ဇာတ်ကားပါ။ "မီ" ဝတ္ထုကို စဖတ်ကတည်းက သော်ဆွေဆိုတဲ့ ဇာတ်ကောင်ကို စိတ်ဝင်စားတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ဇာတ်ကောင်အပေါ်မှာပဲ အာရုံစိုက်ပြီးတော့ လုပ်ခဲ့တယ်။ "မီ" ကို စွဲလမ်းခဲ့တာတွေကို မရိုက်ခင်ကတည်းက ဒါရိုက်တာနဲ့တိုင်ပင်ပြီး တစ်ဆင့်ချင်းလုပ်ခဲ့တာပါ။ "မီ" ဝတ္ထုကို ဖတ်ပြီးသား ပရိသတ်တွေအနေနဲ့လည်း ဒီရုပ်ရှင်ဇာတ်ကားကို ကြိုက်လိမ့်မယ်လို့မြင်ပါတယ်" ဟု ပြောသည်။

အဆိုပါဇာတ်ကားတွင် နေတိုး၊ ပိုင်ဖြိုးသု၊ ရဲအောင်၊ မင်းဦး၊ သားညီ၊ အောင်ရဲထိုက်နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး ၁၉၅၀ ပြည့်နှစ်ကာလကိုအခြေခံကာ ရိုက်ကူးထားသည့် ဂန္ထဝင် အချစ်ဇာတ်ကားဖြစ်သည်။

သရုပ်ဆောင်မင်းဦးက "ဒီဇာတ်ကားလေးဟာ ခေတ်ကာလတစ်ခုကို ပေါ်လွင်အောင် ရိုက်ကူးထားတယ်။ အဲဒီခေတ်ကိုအားလုံး ပီပြင်အောင် ရိုက်ထားတယ်။ အဝတ်အစားတွေကိုလည်း အဲဒီခေတ်ကအတိုင်း ဝတ်ဆင်ခဲ့ရတယ်။ အဲဒီအတွက် ဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

သရုပ်ဆောင်များနှင့် ရိုက်ကူးရေးအဖွဲ့ဝင်အားလုံး အစွမ်းကုန်ကြိုးစားထားကြောင်း၊ လိုအပ်ချက်များရှိပါကလည်း ခွင့်လွှတ်ပေးစေရန်နှင့် နောက်ထပ် ရိုက်ကူးမည့်ဇာတ်ကားများကိုလည်း ယခုထက် ပိုမိုကောင်းမွန်အောင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ပိုင်ဖြိုးသုက ပြောသည်။

သရုပ်ဆောင် သားညီက "ကျွန်တော် ဒီဇာတ်ကားမှာ အခန်းတွေ အများကြီးမပါပါဘူး။ ဒါပေမယ့် ဘဝမှာ အခန်းနည်းနည်းလေးနဲ့ အခက်ခဲဆုံး သရုပ်ဆောင်ခဲ့ရတဲ့ ဇာတ်ကားအဖြစ် မှတ်တမ်းတင်ပါတယ်။ ထူးထူးခြားခြား သရုပ်ဆောင်ရတာ မဟုတ်ပေမယ့် တကယ့်ကို ခက်ခက်ခဲခဲ သရုပ်ဆောင်ခဲ့ရတာပါ" ဟု ဆိုသည်။

အဆိုပါ ဇာတ်ကားသည် စစ်မှန်သော ချစ်ခြင်းတရားကို လက်ကိုင်ထားသော ယောကျ်ားတစ်ဦး၏စွဲလမ်းမှုနှင့် ချစ်ခြင်းမေတ္တာများ၊ အကြောင်းအမျိုးမျိုးကြောင့် အမျိုးသားများနှင့် တွဲခဲ့ပြီး စစ်မှန်သော အချစ်စစ်ကိုတွေ့ရှိခဲ့သော်လည်း အတိတ်ကပုံရိပ်များကြောင့် စိတ်သောကရောက်ရပုံများကို စိတ်ဝင်စားဖွယ် ဖြစ်အောင် ရိုက်ကူးထားသော အချစ်ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သည်။

**သတင်း-ဇော်ကြီး(အနုပညာ)**
**ဓာတ်ပုံ-ဇေဇော်**

# (၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ (မူဆယ်)နှင့် (၁၃) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂**

(၁၇) ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ (မူဆယ်) နှင့် (၁၃) ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှု ပူးပေါင်း ညှိနှိုင်းရေးကော်မတီ (JBTCCC) အစည်းအဝေးကို မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ နယူးစတားလိုက် ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်၊ မူဆယ်ဗဟို စီးပွားရေးဇုန် (မင်္ဂလာမူဆယ်ဈေး) တွင် ဒီဇင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်သွားရမည် ဖြစ်သည်။ ယခုနှစ်ပြပွဲကို မူဆယ်ဗဟို စီးပွားရေးဇုန် (မင်္ဂလာမူဆယ်ဈေး) အတွင်းရှိ လမ်းများတွင် ၃ မီတာ x ၃ မီတာအကျယ်အဝန်းရှိ ပြခန်းပေါင်း ၄၀၀ ခန့်ဖြင့် တည်ဆောက်ခင်းကျင်းပြသသွားမည်ဖြစ်ရာ တရုတ်လုပ်ငန်းရှင်များမှ ပြခန်းပေါင်း ၃၀၀ ကျော်နှင့် မြန်မာလုပ်ငန်းရှင်များအတွက် ပြခန်း ၁၀၀ ခန့် ပါဝင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ နေပြည်တော် ဖုန်း- ၀၆၇-၄၃၀၄၄၆/၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@gmail.com ၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်) ဖုန်း- ၀၁-၂၅၄၀၂၄၊ Email:itpic.moc@gmail.com နှင့် မောရွှေလီကုန်သွယ်မှုဗဟိုဌာန (မူဆယ်) ဖုန်း- ၀၉-၄၄၀၀၀၃၅၅၄၊ Email:mawshweli.muse@gmail.com တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဘရောနီကာ(မြန်မာ)က မွေထိုင်းချန်ပီယံ ထုန်ထောင်း(ထိုင်း)ကို အလဲထိုးနိုင်

**ရန်ကုန် နိုဝင်ဘာ ၂**

ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် Diamond Super Fight ရိုးရာလက်ဝှေ့နှင့် မွေထိုင်းပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်က မဟာချိုင် ဝီလဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီး ၅၈ ကီလိုတန်း၌ မြန်မာ့ရိုးရာလက်ဝှေ့လက်ရွေးစင်မယ် ဘရောနီကာက မွေထိုင်း WMC ၅၈ ကီလိုချန်ပီယံ ထုန်ထောင်းကို ဒုတိယအချီတွင် အလဲထိုး အနိုင်ရရှိခဲ့သည်**(အောက်ပုံ)**။ ထို့ပြင် ၅၇ ကီလိုတန်း၌ အင်းသား (မြန်မာ)က မာဆွပ်(အီရန်)ကို စတုတ္ထအချီတွင် အလဲထိုးအနိုင်ရကာ ၆၀ ကီလိုတန်းတွင် ကျားဘဟိန်း(မြန်မာ)နှင့် ရောဝီထိရာ(ထိုင်း)က သရေကျပြီး ၆၅ ကီလိုတန်းတွင် ထွန်းလွင်မိုး(မြန်မာ)နှင့် ကျိုင်ဆင်း(ထိုင်း)တို့ အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

နောက်တစ်ပွဲဖြစ်သည့် ၆၇ ကီလိုတန်း မွေထိုင်းတွင် မြန်မာကစားသမားဖြစ်သော ရဲတံခွန် ဝင်ရောက်ထိုးသတ်ရာ ပြိုင်ဘက်ဖြစ်သော ဖစ်နန်အေကို သိသာစွာ တစ်ဖက်သတ်ထိုးနိုင်သော်လည်း ထိုင်းအမှတ်ပေးဒိုင်များက ဖစ်နန်အေကို အနိုင်ပေးသဖြင့် ပရိသတ်များက လှောင်ပြောင်ခဲ့ကြသည်။ ထို့အပြင် မွေထိုင်းပွဲစဉ်လေးပွဲ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အေကေလင်း**



# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းပြိုင်ပွဲဝင်အသင်းများအား တွေ့ဆုံ



**ရန်ကုန် နိုဝင်ဘာ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၁၈ ခုနှစ် (၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းပြိုင်ပွဲဝင်အသင်းများအား မိတ်ဆက်တွေ့ဆုံပွဲ အခမ်းအနားကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ယနေ့ညနေ ၃ နာရီက ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးက ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေါက်တာရွှေအိမ်စည်က ပြိုင်ပွဲဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသင်းအားလုံးအား အားဆေးများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

အဆိုပါ (၂၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုမှ အသက်(၁၂)နှစ်အောက် အငယ်တန်း ကိုးယောက်တွဲပြိုင်ပွဲ၊ အသက် (၁၃)နှစ်နှင့်အထက် အကြီးတန်း ကိုးယောက်တွဲ ပြိုင်ပွဲ၊ သုံးယောက်တွဲ ပြိုင်ပွဲ၊ တစ်ဦးချင်း ပြိုင်ပွဲနှင့် Myanmar Fitness Dance ပြိုင်ပွဲများထည့်သွင်း ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၉)ကြိမ်မြောက် ဂျပန်ဖလားကရာတေးပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနအသင်း တံခွန်စိုက်ဖလားဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၂**

(၉)ကြိမ်မြောက် ဂျပန်ဖလားကရာတေး ပြိုင်ပွဲဗိုလ်လုပွဲ ပြိုင်ပွဲများကို အောက်တိုဘာ ၃၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံရုံ၌ ကျင်းပခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက တံခွန်စိုက် ဆုဖလားသုံးကြိမ်ဆက်တိုက် ဆွတ်ခူးရရှိသွားသည်။

ဗိုလ်လုပွဲစဉ်များတွင် စီနီယာတန်း အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အသင်းလိုက်၊ ကီလိုတန်းလိုက် ခတ၊ ကုမိတဲ့ ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် ကီလိုတန်းလိုက်၊ ဂျူနီယာတန်း၊ စီနီယာတန်း အမျိုးသား၊ အမျိုးသမီး၊ အကောင်းဆုံး ဆုရရှိကြသူများ၊ အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုရ ရွှေခြောက်၊ ကြေးလေးဖြင့် ရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာန အသင်းအား လည်းကောင်း Embassy of Japan Counsellor မှ Ms.To Mo Ko Yoshihiro နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်တို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကလပ်အသင်းများအပါအဝင် အသင်း ၃၁ သင်း၊ အားကစားသမား ၄၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြခဲ့ကြကြောင်း သိရသည်။

**အေကေလင်း**

❍ *ကျောဖုံးမှ*

“ဟန်တီအနေနဲ့ Talent ပိုင်းအနေနဲ့ ရွေးချယ်မှုမှာ သီချင်းဆိုဖို့ ဆုံးဖြတ်လိုက်တယ်။ ဘာလို့လဲဆိုရင် ဟန်တီကိုယ်တိုင်က သီချင်းတွေဆိုဖူးတယ်။ ပြီးတော့ ဟန်တီ သီချင်းကနေပြီးတော့ လူတွေကို မက်ဆေ့ချ်ပို့ပေးချင်တယ်။ ဟန်တီရွေးထားတဲ့ သီချင်းဆိုရင် အလွန်ကိုအဓိပ္ပာယ်ရှိတဲ့ သီချင်းမျိုးလေး ရွေးထားပါတယ်” ဟု မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် အလှမယ် ဟန်တီက ပြောကြားသည်။ ထို့ပြင် Dances of the World ပြိုင်ပွဲအတွက်လည်း ကရင်ဒုံးယိမ်းအကဖြင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအသီးသီးမှ လာရောက်ယှဉ်ပြိုင်ကြသော အလှမယ်များအနေဖြင့် မိမိနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများကို ရိုက်ကူးထားသော Project တစ်ခုကို ပြိုင်ပွဲသို့ ယူဆောင်လာရပြီး အဆိုပါ Project များထဲမှ တစ်ခုကိုရွေးချယ်ကာ Miss World Organization အနေဖြင့် ပရဟိတလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

မြန်မာပရိသတ်များသည် voting များကို Mobstar Application ကို Download ရယူကာ Vote ပေးနိုင်ပြီး www.missworld.com မှလည်း ဝင်ရောက် vote ပေးနိုင်ကြောင်း သိရသည်။ နိုင်ငံကိုယ်စားပြုကာ သွားရောက်ယှဉ်ပြိုင်နေသော အလှမယ်၏ လှုပ်ရှားမှုလုပ်ဆောင်ချက်များကိုလည်း ဖေ့စ်ဘုတ်စာမျက်နှာဖြစ်သော MWMyanmar page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

တရုတ်နိုင်ငံ Sanya မြို့၌ ကျင်းပမည့် Miss World 2018 Grand Final ပြိုင်ပွဲကို ချန်နယ် ၇ ရုပ်သံလိုင်းတွင် ဒီဇင်ဘာ ၈ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲမှစ၍ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

**ဓာတ်ပုံ- ထိန်လင်း**

✪ *ကျောဖုံးမှ*

၂၀၂၀ တိုကျိုအိုလံပစ်ခြေစစ်ပွဲ ပထမအဆင့် အုပ်စု (ဂ) ကို နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် နီပေါအသင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တွင် ကျင်းပမည့် နိုင်ငံတကာ ဟော်ကီအဖွဲ့ချုပ်၏ (၄၆) ကြိမ်မြောက် ကွန်ဂရက်သို့ တက်ရောက်မည့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစောလုလုထော်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လတ်တို့အား နိုဝင်ဘာ ၁ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှမထွက်ခွာမီ တွေ့ရစဉ်။**

ဓာတ်ပုံ-ဟော်ကီအဖွဲ့ချုပ်



*စာမျက်နှာ ၉ မှ*

ဒီလိုပြသထားခြင်းအားဖြင့် ကလေးတွေက သူတို့ကျောင်းကို ပြန်ရောက်တဲ့အခါ ပြခန်းမှာ ပြထားတဲ့ အခြားသောကျောင်းတွေက ထုတ်လုပ်ထားတဲ့ ပစ္စည်းလေးတွေ၊ ပန်းချီတွေ၊ လက်မှုပစ္စည်းတွေကြည့်မိပြီး ပြန်လုပ်ကြည့်မယ်ဆိုရင် သူတို့ရဲ့ တီထွင်ဖန်တီးနိုင်မှု စွမ်းအင်တွေ တိုးပွားလာစေနိုင်တယ်။ သူတို့ကိုယ်တိုင်တီထွင် ဖန်တီးလိုတဲ့စိတ်တွေ၊ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု တိုးပွားစေတဲ့ စိတ်တွေ တိုးပွားလာစေမှာ ဖြစ်ပါတယ်။ ကလေး စာပေပွဲတော်က ကလေးတွေအတွက် အကျိုးကျေးဇူးတွေ အများကြီးရှိပါတယ်။ ပညာရေးပြခန်းတွေပါသလို အခြားသော ပြခန်းတွေလည်း ပါတဲ့အတွက် အဲဒီကတစ်ဆင့်ရတဲ့ အသိတရားတွေအပေါ်အခြေခံပြီး ကျောင်းရောက်တဲ့အခါ အသိပညာ၊ ဗဟုသုတတွေ ဒီထက်မက ပိုတိုးလာနိုင်ပါတယ်။ ။

# ရန်ကုန်ဗဟိုစာတိုက်ကြီးတွင် ပြည်ပမှပါဆယ်ထုပ်အား စစ်ဆေးခဲ့ရာ စိတ်ပြောင်းခေါင်းခါဆေးပြား ၉၅၀ သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၂**
ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗဟိုစာတိုက်ကြီး ပြည်ပချောစာဌာနသို့ ဂျာမနီနိုင်ငံမှ Mr. Bas Dijers အမှတ် ၆၀၈ ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်လိပ်စာဖြင့် ရောက်ရှိလာသော ပါဆယ်ထုပ်ကို မသင်္ကာ၍ စစ်ဆေးခဲ့ရာ MONCLER စာတန်းပါ စိတ်ပြောင်းခေါင်းခါဆေးပြား (Ecstasy) ၉၅၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် သိန်း ၉၅၀)ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် သတင်းဆက်ဖော်ထုတ်နိုင်ရေး စောင့်ဆိုင်းနေစဉ် ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် လာရောက်ရွေးယူသူ ကျော်ထွဋ် (၂၄ နှစ်)၊ ပွကြီး(ခ) ဇော်ကိုနိုင်(၃၀ နှစ်)တို့ နှစ်ဦးအား ယာဉ်အမှတ် YGN 1N/------ Mark II အဖြူရောင်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ထုတ်ယူရန် စေခိုင်းသူ ရန်ကင်းမြို့နယ် ၁၅ ရပ်ကွက် ဘောက်ထော်ဘူတာလမ်းနေ ရဲမင်းဆိုသူဖြစ်ကြောင်း သိရသဖြင့် ရဲမင်း(၃၅နှစ်)အား ယာဉ်အမှတ် YGN 1Q/------- နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ရဲမင်းမှာ Mr. Bas Dijers ဆိုသူအမည်ဖြင့် Mail Account ဖွင့်ထားပြီး Internet Website မှတစ်ဆင့် Ecstasy ဆေးပြားများ မှာယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် ၎င်းတို့ သုံးဦးအား ကျောက်တံတားမြို့မရဲစခန်းက အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မြင်းမူနှင့် မုံရွာမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**
မူးယစ်တပ်ဖွဲ့စု(၈) မုံရွာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် နံနက် ၁၀နာရီခွဲက မြင်းမူမြို့ ညောင်ဦးဖီးရပ်ကွက် ရေနံမြေလမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသူ အောင်ကိုဝင်း(ခ) လေအိုးအား စိတ်ကြွရူးသွပ်ဆေးပြား ၁၆၁ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နိုင်ထွန်း(ခ) အောင်နိုင်ထွန်းအား မြင်းမူမြို့အဝင် တိုးဂိတ်တွင် မော်တော်ယာဉ် တစ်စီး၊ ငွေကျပ် ၅၄၅၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အောင်နိုင်ထွန်းသည် တရားခံပြေးတစ်ဦးဖြစ်သည့်အပြင် တပည့်ဖြစ်သူ အိုက်စိုင်းထံတွင် အပ်နှံထားသော သေနတ်ရှိသေးကြောင်း သိရှိရသဖြင့် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီက အိုက်စိုင်းအား မုံရွာမြို့နယ်နှင့် အရာတော်မြို့နယ်အစပ်အနီးတွင် ချိန်းဆိုဖမ်းဆီးခဲ့ရာ အိုက်စိုင်းထံမှ အီတလီနိုင်ငံထုတ် ဘရက်တာအမျိုးအစား ပစ္စတိုတစ်လက်၊ ၎င်းကျည် လေးတောင့်၊ ၎င်းကျည်အိမ် တစ်ခု၊ ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။



အိုက်ညွှန့်၊ မနန်းမြ၊ စိုင်းပီး၊ မနန်းလိန်းအွန်နှင့် ပန်းအောင်(ခ)အောင်အောင်တို့အား ဖမ်းဆီးရမိသည့် ဘိန်းစိမ်းများနှင့် အတူ တွေ့ရစဉ်။

အလားတူ ညနေ ၄ နာရီက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-တန့်ယန်းသွားကားလမ်း ကော်နာစတုန်းသတ္တုသန့်စင်စက်ရုံ အနီး၊ မိုင်တိုင်အမှတ်(၅/၇)တွင် အိုက်ညွှန့် မောင်းနှင်ပြီး မနန်းမြ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၁၃ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဘိန်းစိမ်းများကို သယ်ဆောင်ခိုင်းသူ စိုင်းပီး မောင်းနှင်ပြီး မနန်းလိန်းအွန် လိုက်ပါလာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ခရီးဆောင်လက်ဆွဲအိတ်အတွင်းမှ ဘိန်းစိမ်း ၁၈ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ည ၉ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် လိန်းညားကျေးရွာအုပ်စု ဟန်းစိန်ကျေးရွာ အထွက်လမ်းတွင် တွေ့ရှိသူ ပန်းအောင် (ခ) အောင်အောင် အား ရှာဖွေရာ ဘိန်းစိမ်း ၁၀ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၃-၁၁-၂၀၁၈(စနေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast News |
| ၉း၁၅ | - | News Watch TV |
| ၉း၃၅ | - | "လှမ်းလာခဲ့ပါသစ်တောနှင့် သဘာဝပတ်ဝန်းကျင် ပြတိုက် တည်ရှိရာ" |
| ၁၀း၄၅ | - | ကဗျာရိပ်မြုံ "ဆွမ်းကုသိုလ်" |
| ၁၁း၀၀ | - | NHK Programme "လင်းပိုင်များအား လေ့လာခြင်း" |
| ၁၁း၃၅ | - | ချစ်စရာ့အရွယ် ကစားကြမယ် |
| ၁၂း၃၅ | - | မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၁၇) |
| ၁၃း၄၅ | - | ဟိုတုန်းက...ကက်ဆက်ဇာတ်လမ်းများ "သူနှင့်ကျွန်တော် လင်မယားတော်သည်" (ဟိန်းရှိုင်း၊ စောမြတ်နိုး၊ A-3၊ ချိုတေးလွင်လွင်) ဒါရိုက်တာ-သီတာလင်း |
| ၁၅း၂၀ | - | "ဘုံတလာရေတံခွန်သို့ အလည်တစ်ခေါက်" |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၃၅ | - | "သာယာအေးချမ်းခြင်းနှင့် အတူ ကြည်နူးရင်ခုန်စရာ ဆုံမှတ်ကမ္ဘာ" |
| ၁၈း၃၅ | - | Tasty Trip |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၃၆) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | "မြန်မာတို့ရဲ့ဂုဏ်ယူဖွယ်ရာ ပုဂံဒေသက ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များ" |
| | - | "ဟိုဘက်အိမ်က မီးထိန်ထိန်"(ဇော်ဦး၊ ဇင်ဝိုင်း၊ နေယံ၊ မေသဥ္ဇာဦး၊ ခင်မို့မို့အေး၊ သင်ဇာမြင့်မိုရ်) ဒါရိုက်တာ-အောင်သြဘာ |

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးရာမှ ဖုန်းမျိုးစုံစစ်ဆေးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇၁ စီး၊ သွင်းကုန် ၄၃၆ စီး၊ ရန်ကုန် - မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၅၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။


အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀ ဒသမ ၀၃၅ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၇၉၂ သန်း စုစုပေါင်းတားဆီးမှု သုံးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀ ဒသမ ၈၂၇ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တိုယိုတာကရောင်းယာဉ်တစ်စီးနှင့် တိုယိုတာမတ်တူးယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ဖုန်းမျိုးစုံ ၅၁ ဗာ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀ ဒသမ ၀၃၅ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့တွင် လူခုနစ်ဦးနှင့်အတူ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ကျောက်မဲ နိုဝင်ဘာ ၂**
ကျောက်မဲမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် အောင်နိုင်မိုးဦးစီးသည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက ကျောက်မဲမြို့ ရပ်ကွက် ၈ နယ်မြေ ၁၃ ရှိ စိုင်းနောင့်(ခ) စိုင်းကြည်ဖု၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်ရှင် စိုင်းနောင့်(ခ) ရီကြည်ဖုနှင့် မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည့် အမျိုးသားခြောက်ဦးကို တွေ့ရှိရသည်။



ဆက်လက်ရှာဖွေရာ ၎င်းတို့ထံမှ ဘိန်းဖြူအမှုန့် စုစုပေါင်း အလေးချိန် ၅ ဒသမ ၉၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၇ ပြား၊ ငွေကျပ် ၃၈၂၀၀ တို့ကို ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများဖမ်းဆီးရမိခဲ့သည့်အိမ်ရှင်နှင့် မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသည့် အမျိုးသားခြောက်ဦး **(ယာပုံ)**တို့ကို ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သုဝဏ္ဏဝတီမြို့၌ အလှူအိမ်တွင်ကျွေးသည့် အစားအစာများ စားပြီးနောက် လူ ၈၀ ကျော် အစာအဆိပ်သင့်

**သထုံ နိုဝင်ဘာ ၂**
မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်တွင် ယနေ့ မွန်းလွဲပိုင်းက မွေးနေ့အလှူပွဲတစ်ခုမှ ဧည့်ခံသည့်အစားအစာများ စားသောက်ရာမှ လူ ၈၀ ကျော်ခန့် အစာအဆိပ်သင့်ခဲ့ကြောင်း သိရသည်။

သိမ်ဆိပ်ရပ်ကွက် မင်းလမ်းတွင် ယနေ့နံနက် ၁၀ နာရီခွဲက ပြုလုပ်သည့် ကလေးမွေးနေ့အလှူတစ်ခုမှ ဧည့်ခံကျွေးမွေးသည့် ခေါက်ဆွဲကြော်၊ ရေခဲမုန့်၊ ပဲကြမ်းကြော်၊ လက်ဖက်သုပ်ကို စားသောက်သူများ မွန်းလွဲ ၁ နာရီခွဲမှစတင်ကာ အော့အန်မူးဝေ၍ သိမ်ဆိပ်တိုက်နယ်ဆေးရုံသို့ အရေးပေါ်လာရောက်ပို့ဆောင်ကုသကြရာ ကလေး လူကြီး စုစုပေါင်း ၈၀ ကျော်ခန့်ရှိပြီဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

"ဒီမှာ စောင့်ကြည့်ကုသပေးနေသလို သထုံခရိုင် ဆေးရုံကြီးကိုလည်း တချို့ခွဲပို့ပြီး စောင့်ကြည့်ကုသနေပါတယ်။ စိုးရိမ်ရတဲ့အနေအထားရှိသူ မတွေ့သေးပါဘူး။ အစားအစာတွေကိုတော့ ဓာတ်ခွဲစစ်ဆေးဖို့ ရန်ကုန်ကို ချက်ချင်းပို့ထားပါတယ် "ဟု သထုံမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးစိုးအောင်က ပြောသည်။

အဆိုပါ ဖြစ်ပွားရာသို့ သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သင်းသင်းအိနှင့်သက်ဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## စဉ့်ကူးမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**စဉ့်ကူး နိုဝင်ဘာ ၂**
စဉ့်ကူးမြို့နယ် လက်ပန်လှနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ခိုင်မိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက် နံနက် ၆နာရီ မိနစ် ၂၀က စဉ့်ကူးမြို့နယ် ဝါးဘိုးကျေးရွာနေ သန်းမင်း၏ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြားနှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ သန်းမင်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ ချစ်သဲဦးတို့ကို လက်ပန်လှနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

# ရွှေ့ပြောင်းနေထိုင်သူများက အမေရိကန်တပ်ဖွဲ့ကို ကျောက်တုံးဖြင့်ပစ်လျှင် ပြန်လည်ပစ်ခတ်မည်ဟု ထရမ့်ခြိမ်းခြောက်

**ဝါရှင်တန် နိုဝင်ဘာ ၂**

မက္ကဆီကိုနယ်စပ်တွင် တပ်ဖြန့်ချထားသော အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများက ၎င်းတို့ကိုခဲများဖြင့်ပစ်ပေါက်လျှင် ပြန်လည်တုံ့ပြန်ပစ်ခတ်နိုင်ကြောင်း အမေရိကန်သမ္မတ ထရမ့်က အမိန့်ပေးထားသည်။

မက္ကဆီကိုနယ်စပ်မှတစ်ဆင့် အမေရိကန်နယ်စပ်သို့ ရွေ့လျားလာသော ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းသွားလာသူ လူအုပ်ကြီးသည် မက္ကဆီကိုရဲများကို ခဲများဖြင့်ပစ်ပေါက်ကာ ကြမ်းတမ်းစွာပြုမူခဲ့ကြောင်း ထရမ့်က အိမ်ဖြူတော်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့များကို ကျောက်တုံးများဖြင့် ပစ်ပေါက်ပါက အမေရိကန်တပ်ဖွဲ့ဝင်များကလည်း ပြန်လည်တုံ့ပြန်လိမ့်မည်ဟု ထရမ့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မက္ကဆီကို တပ်ဖွဲ့ဝင်များကို ခဲများဖြင့် ပစ်သလိုမျိုး အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်ပေါက်ပါက ပြန်လည်တုံ့ပြန်သွားမည်ဟု ထရမ့်က ပြောကြားခဲ့သည်။ ထိန်းချုပ်၍ မရနိုင်သော တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို ဖြိုခွင်းနေသည့် ၎င်း၏ အငြင်းပွားဖွယ် မူဝါဒနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများ ပြုလုပ်နေစဉ် ထိုသို့ ပြောလိုက်ခြင်းဖြစ်သည်။

ပင်တဂွန်စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂျေမီဒေဗစ်က အမေရိကန်တပ်ဖွဲ့က စိတ်ကူးဖြင့် မှန်းဆနေသည့်အခြေအနေများကို ဆွေးနွေးသွားဖွယ်မရှိကြောင်း၊ သို့သော် အမေရိကန်တပ်ဖွဲ့ဝင်များကို မိမိကိုယ်ကိုယ် ကာကွယ်ရာ၌ ပညာရှင်ပီသစွာပြုမူသွားရန် လေ့ကျင့်ပေးထားပြီးဖြစ်ကြောင်း ပြောခဲ့သည်။



အမေရိကန်- မက္ကဆီကိုနယ်စပ်တွင် တပ်ဖြန့်ချထားမည့် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုသည် တရားဝင်နယ်စပ်ရုံးသို့ ဦးစွာသွားရောက်ကာ ခိုလှုံခွင့်မတောင်းခံဘဲ နိုင်ငံရေးအရ ခိုလှုံခွင့်တောင်းခံသူများကို အမေရိကန်က လက်ခံသွားတော့မည်မဟုတ်ကြောင်း ထရမ့်ကပြောကြားခဲ့သည်။ ခိုလှုံခွင့်တောင်းခံသူများသည် တရားဝင်ခွင့်ပြုချက်မရမီ သို့မဟုတ် နေရပ်သို့ပြန်ပို့မခံရမီ နယ်စပ်ရှိ ယာယီစခန်းများတွင် နေထိုင်ရမည်ဖြစ်သည်။ **အေအက်ဖ်ပီ**

# ဘရာဇီးသံရုံးကို ဂျေရုဆလင်သို့ ရွှေ့ပြောင်းမည်ဟု ဘရာဇီးရွေးကောက်ခံသမ္မတ အတည်ပြု

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂**

ဘရာဇီးလက်ယာစွန်းရောက်ရွေးကောက်ခံ သမ္မတ ဂျိုင်အာဘော်ဆွန်နယ်ရိုသည် အစ္စရေးနိုင်ငံရှိ ဘရာဇီးသံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့မည်ဟု ကြာသပတေးနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုက သံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့မှုကြောင့် အငြင်းပွားဖွယ်ပြဿနာများ ဖြစ်ပေါ်ပြီးနောက် လက်တင်အမေရိကနိုင်ငံတစ်ခုအနေဖြင့် သံရုံးရွှေ့ပြောင်းခြင်းပင် ဖြစ်သည်။

တဲလ်အဗစ်မြို့ရှိ သံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့ခြင်းသည် ပါလက်စတိုင်းတို့အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား၏ ဝေဖန်မှုကိုခံရဖွယ် ရှိသည်။ မစ္စတာ ဂျိုင်အာဘော်ဆွန်နယ်ရိုသည် ပြီးခဲ့သည့် တနင်္ဂနွေနေ့ကပြုလုပ်သော ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းကပြီးခဲ့သည့် ရွေးကောက်ပွဲပြီးကတည်းက တဲလ်အဗစ်မှ ဘရာဇီးသံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့ရန် ရည်ရွယ်ထားခဲ့ကြောင်း ပြောခဲ့သည်။ ၎င်းသည် ပြည်တွင်း၌လည်း ထိပ်တိုက်ရင်ဆိုင်မှုများ ပြုလုပ်ခဲ့ပြီး ဆာဂီရိုမော်ရိုကို ဘရာဇီးတရားရေးဝန်ကြီး အဖြစ်ခန့်အပ်ပြီး ဘရာဇီးနိုင်ငံရေးသမားများ၏ အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ရန် ပြုလုပ်သွားမည်ဖြစ်သည်။ ဆာဂီရိုမော်ရိုသည် ဘရာဇီးလူမျိုးများအတွက် သူရဲကောင်းသဖွယ် ဖြစ်နေသော်လည်း လက်ဝဲစွန်းရောက် သမ္မတဟောင်း လူအစ်အင်နာချိုလူလာဒီ ဆေးဗားအပေါ် ဆန့်ကျင်သည်။ နိုင်ငံရေးအရ ဖိနှိပ်မှုများရှိသည်ဟုလည်း ဆန့်ကျင်သူများက ပြောသည်။ သမ္မတအဖြစ် ရွေးကောက်ခံရသည့်အခါ မိန့်ခွန်းပြောရာ၌ ဘော်ဆွန်နယ်ရိုသည် ဘရာဇီး၏ကံကြမ္မာကို ပြောင်းလဲမည်ဟု ကတိပြုခဲ့သည်။



ဘရာဇီးသမ္မတ ဂျိုင်အာဘော်ဆွန်နယ်ရို။

ယခုကဲ့သို့ သံရုံးရွှေ့ပြောင်းခြင်းသည် သံတမန်ရေးအရ ရင်ဆိုင်မှုတစ်ခုဖြစ်ပြီး ၎င်းကို အပူပိုင်းဒေသ၏ထရမ့်ဟု ခေါ်ဝေါ်နေမှုများကို ပိုမိုအားကောင်းလာစေခဲ့သည်။ **အေအက်ဖ်ပီ**

# သီရိလင်္ကာနိုင်ငံ၌ ဝန်ကြီးချုပ်အသစ်ရွေးချယ်ရန် ပါလီမန်ခေါ်မည်

**ကိုလံဘို နိုဝင်ဘာ ၂**

သီရိလင်္ကာနိုင်ငံတွင် ဝန်ကြီးချုပ်အသစ် ရွေးချယ်ရန် လာမည့်သီတင်းပတ်အတွင်း ပါလီမန်ခေါ်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ လွန်ခဲ့သော သီတင်းပတ်က သီရိလင်္ကာသမ္မတ မိုင်သရီပါလာဆီရီဆီနာသည် ဝန်ကြီးချုပ် ရန်နေးဝစ်ခရန်မန်ဆင်းဂ်ကို ရုတ်တရက်ရာထူးမှထုတ်ပယ်ခဲ့ပြီး သမ္မတဟောင်း မဟင်ဒရာကို ဝန်ကြီးချုပ်အဖြစ် အစားထိုးခန့်အပ်ခဲ့သည်။

ထို့နောက် ပါလီမန်ကိုလည်း ရွှေ့ဆိုင်းခဲ့သည်။ လာမည့်တနင်္လာနေ့တွင် ပါလီမန်အစည်းအဝေးပြန်လည် ကျင်းပမည်ဟု ကြာသပတေးနေ့က အဆိုပြုခဲ့သည်။ မဟင်ဒရာသည် အစိုးရအသစ် ဖွဲ့စည်းထားပြီး ပါလီမန်အတွင်း ၎င်းတို့ဘက်မှ အနိုင်ရရှိရေး အမတ်များကို စုစည်းမှုများလည်း ပြုလုပ်ထားသည်။ ဖြုတ်ချခံဝန်ကြီးချုပ် ဝစ်ခရန်မန်ဆင်းဂ်ကို ထောက်ခံသူ တစ်သောင်းခန့်သည် အင်္ဂါနေ့က ဝန်ကြီးချုပ်နေအိမ်တစ်ဝိုက်တွင် စုဝေးဆန္ဒပြခဲ့ကြသည်။ ဖြုတ်ချခံဝန်ကြီးချုပ် ဝစ်ခရန်မန်ဆင်းဂ်သည် ဝန်ကြီးချုပ်နေအိမ်မှ ဖယ်မပေးဘဲ ဆက်လက်နေထိုင်လျက်ရှိသည်။ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခမှာ အိန္ဒိယလိုလားသော နိုင်ငံရေးအင်အားစုနှင့် တရုတ်လိုလားသော နိုင်ငံရေးအင်အားစုတို့ကြားပေါ်ပေါက်နေသော အားပြိုင်မှုဟုလည်း ထင်မြင်ယူဆကြသည်။ ဝစ်ခရန်မန်ဆင်းဂ်သည် အိန္ဒိယနှင့် အဆက်အဆံရှိပြီး မဟင်ဒရာသည် တရုတ်နှင့် ပို၍ရင်းနှီးသော ဆက်ဆံရေးရှိသည်။ သီရိလင်္ကာဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါလီမန်တွင် ယုံကြည်မှုမဲအများဆုံးရရှိသူသည် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်သမ္မတထရမ့် နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ကုန်သွယ်ရေးကိစ္စရပ်များ ဆွေးနွေး

**ဝါရှင်တန် နိုဝင်ဘာ ၂**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် ကုန်သွယ်ရေးကိစ္စများနှင့် မြောက်ကိုရီးယားအရေးတို့ကို တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယခုတစ်ကြိမ် တယ်လီဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခြင်းသည် ခြောက်လအတွင်းပထမဆုံးအကြိမ် ဖြစ်သည်ဟု ယူဆရသည်။ တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံစလုံးမှာ ကုန်သွယ်ရေးနှင့်ပတ်သက်၍ အဓိကအငြင်းပွားလျက်ရှိသည်။

သမ္မတထရမ့်က တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ကောင်းမွန်စွာဆွေးနွေးနိုင်ခဲ့ကြောင်း ကြာသပတေးနေ့က ၎င်း၏တွစ်တာစာမျက်နှာပေါ်တွင် ရေးသားထားသည်။ တွစ်တာပေါ်တွင် သမ္မတထရမ့်က ၎င်းအနေဖြင့်သမ္မတရှီနှင့် ကိစ္စများစွာဆွေးနွေးခဲ့ကြောင်း၊ ကုန်သွယ်ရေးကိစ္စမှာ အဓိကအကြောင်းအရာပင်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားအရေးလည်း ကောင်းမွန်စွာဆွေးနွေးနိုင်ခဲ့ကြောင်း ရေးသားခဲ့သည်။

ယခုဆွေးနွေးမှုမှာ အဆင်ပြေပြေ ပြီးဆုံးသွားပြီး နိုဝင်ဘာလအတွင်း အာဂျင်တီးနား၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံသွားရန်ရှိကြောင်းလည်း ထရမ့်ကပြောသည်။ တရုတ်သတင်းဌာနဆင်ဟွာ၌လည်း သမ္မတရှီသည် အမေရိကန်သမ္မတနှင့် ဆွေးနွေးမှုမှာ ကျေနပ်ဖွယ်ကောင်းကြောင်း ဖော်ပြခဲ့ကြသည်။ အာဂျင်တီးနား၌ ပြုလုပ်မည့် ဂျီ - ၂၀ ထိပ်သီးအစည်းအဝေးတွင်လည်း သမ္မတထရမ့်နှင့် တွေ့ဆုံသွားရန် စိတ်အားထက်သန်လျက်ရှိကြောင်း၊ ထိုသို့တွေ့ဆုံလျှင် နှစ်နိုင်ငံဆက်ဆံရေးနှင့် အဓိကကိစ္စရပ်များကိုဆွေးနွေးသွားရန်ရှိကြောင်း သမ္မတရှီက ထပ်ပြောသည်။

အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံစလုံးမှအရာရှိများသည် ခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးမှုမှာအပြုသဘောဆောင်ကြောင်းပြောခဲ့ကြသည်။ သို့သော် နှစ်နိုင်ငံကြားဖြစ်ပေါ်နေသော ကုန်သွယ်ရေး တင်းမာမှုများကိုဖြေရှင်းရာတွင် ယခုတစ်ကြိမ်ဆွေးနွေးမှုမှာ မည်မျှအထောက်အပံ့ဖြစ်မည်ကိုမူ မည်သူမျှ တပ်အပ် မပြောနိုင်သေးပေ။ အမေရိကန်သည် တရုတ်နိုင်ငံမှ တင်ပို့သောကုန်ပစ္စည်းများကို အခွန်စည်းကြပ်မှုပြုလုပ်ထားပြီး တရုတ်နိုင်ငံဘက်မှလည်း အလားတူ အခွန်စည်းကြပ်မှုကို ပြုလုပ်ခဲ့သည်။ တရုတ်နိုင်ငံဘက်မှ ညှိနှိုင်းမှုမပြုခဲ့လျှင် အခွန်စည်းကြပ်ရန် ကျန်ရှိနေသေးသည့် တရုတ်ကုန်ပစ္စည်းများအားလုံးကို အခွန်စည်းကြပ်မှုပြုလုပ်သွားမည်ဟု အမေရိကန်ဘက်မှ ခြိမ်းခြောက်ထားသည်။ **အင်န်အိတ်ချ်ကေ**




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်။

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်တောင်ပိုင်း မက္ကဆီကိုနယ်စပ်၌ တပ်ဖွဲ့ဝင် ၁၅၀၀၀ ထပ်မံဖြန့်ကြက်မည်

**ဝါရှင်တန်  နိုဝင်ဘာ ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန် အလယ်ပိုင်း ရွှေ့ပြောင်း ဒုက္ခသည်ဝင်ရောက်ခြင်းကိုတားဆီးရန် အမေရိကန်တောင်ပိုင်း မက္ကဆီကိုနယ်စပ်သို့ တပ်ဖွဲ့ဝင် ၁၅၀၀၀ အထိ စေလွှတ်သွားမည်ဖြစ်ကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။

အမေရိကန်နယ်စပ်၌ ချထားမည့် တပ်ဖွဲ့ဝင်အရေအတွက်နှင့်ပတ်သက်ပြီး တပ်ဖွဲ့ဝင်ဦးရေ ၁၀ ဦးမှ ၁၅၀၀၀ အထိ မည်သည့်နေရာမဆို သွားရောက်နိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်၌ သတင်းသမားများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကျူးကျော်သူများဟု အမည်ပေးထားသော အမေရိကတိုက် အလယ်ပိုင်းမှ ရွှေ့ပြောင်းအခြေချသူများကို ရပ်တန့်ရန်နှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရန် အမေရိကန်-မက္ကဆီကိုနယ်စပ်သို့ တပ်ဖွဲ့ဝင် ၅၂၀၀ စေလွှတ်ခဲ့ကြောင်း ယခုရက်သတ္တပတ် အစောပိုင်းက ပင်တဂွန်စစ်ဌာနချုပ်၏ ကြေညာချက်ထွက်ပေါ်လာပြီးနောက် ယခုလို ထရမ့်၏ မှတ်ချက်စကား ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသူများကိုလည်း ဖမ်းဆီးခြင်းနှင့် ပြန်လွှတ်ခြင်း ပြုလုပ်နေမှုများလည်း အဆုံးသတ်သွားမည်ဖြစ်ကြောင်း ထရမ့်က ပြောခဲ့သည်။ **ဆင်ဟွာ**

### ဆော်ဒီသတင်းထောက် သေဆုံးခဲ့ပုံကို တူရကီရှေ့နေချုပ်ပြော

**အန်ကာရာ  နိုဝင်ဘာ ၂**

ဆော်ဒီသတင်းထောက် ဂျမားလ်ခါရှော့ဂီသည် တူရကီနိုင်ငံ အစ္စတန်ဘူလ်ရှိ ဆော်ဒီသံရုံးထဲဝင်သွားပြီးပြီးချင်း လည်ပင်းညှစ်သတ်ခံရပြီးမှ ခန္ဓာကိုယ်ကို အပိုင်းပိုင်းခုတ်ဖြတ်ခံရခြင်း ဖြစ်ကြောင်း တူရကီအစိုးရရှေ့နေချုပ်က ပြောကြားခဲ့သည်။

ခါရှော့ဂီ သတ်ဖြတ်ခံရမှုနှင့် ပတ်သက်ပြီး ဆော်ဒီအာရေဗျမှ အဖမ်းခံရသူ ၁၈ ဦးကို လွှဲပြောင်းပေးရန် တူရကီဘက်မှ ဖိအားပေးနေချိန်တွင် ယခုကဲ့သို့ အစ္စတန်ဘူလ် ရှေ့နေချုပ် အစ်ဖရန်ဖီဒန်၏ ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အမှန်တရားရရန် ဆော်ဒီရှေ့နေချုပ် ဆော့ဒ် အယ်လ်မိုဂျက်နှင့် ဆွေးနွေးမှုမှာလည်း ခိုင်မာသည့်ရလဒ်များ ထွက်မလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယခုကဲ့သို့သော သတ်ဖြတ်မှုကို ကျူးလွန်ရန် အနည်းဆုံး အဆင့်မြင့် ဆော်ဒီအာဏာပိုင်တစ်ဦး၏ အမိန့်လိုအပ်ကြောင်း တူရကီအာဏာရပါတီ ပြောခွင့်ရပုဂ္ဂိုလ်က မကြာသေးမီက ပြောခဲ့သည်။ **အေအက်ဖ်ပီ**

# အိန်ဂျလာမာကယ်ရဲ့နောက် ဥရောပကိုဦးဆောင်မယ့်သူ ဘယ်သူဖြစ်လာမလဲ

**ခြူးစန္ဒီနွေး**

**ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ဟာ ဥရောပနိုင်ငံရေးစင်မြင့်မှာ အချိန်အတော်ကြာ အမိန့်ပေးစေခိုင်းသူတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူပါ။ ဥရောပရဲ့ ဒီမိုကရေစီမှာလည်း အိန်ဂျလာမာကယ်ဟာ အဓိကကျတဲ့နေရာက ပါဝင်ခဲ့ပါတယ်။**



**ဥရောပ၏ အာဏာအရှိဆုံးအမျိုးသမီးဟု သတ်မှတ်ခံထားရသည့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ် ကော်ဇောနီပေါ် လျှောက်လှမ်းလာသည်ကို တွေ့ရစဉ်။**

### အံ့သြသွားစေတဲ့ကြေညာချက်

ဒါပေမယ့် အခုချိန်မှာတော့ ဥရောပမှာ သူ့ရဲ့ ပုံရိပ်ဟာ ကျဆင်းလာပါတယ်။ တစ်ချိန်တုန်းက အိန်ဂျလာမာကယ်နဲ့ ဂျာမနီနိုင်ငံဟာ တည်ငြိမ်အေးချမ်းခြင်းရဲ့သင်္ကေတတစ်ခုလို အသိအမှတ်ပြုခြင်း ခံရပေမယ့် အခုအချိန်မှာတော့ ဂျာမနီနိုင်ငံကို နိုင်ငံရေးမတည်မငြိမ်ဖြစ်နေတဲ့ နိုင်ငံအဖြစ် ရှုမြင်လာကြပါတယ်။ ဒီလိုအခြေအနေမျိုးတွေ ဖြစ်ပေါ်နေတဲ့အချိန်မှာပဲ အိန်ဂျလာမာကယ်ဟာ ဂျာမနီမှာ နောက်ထပ်ဝန်ကြီးချုပ်သက်တမ်းအတွက် ယှဉ်ပြိုင်တော့မှာမဟုတ်ဘူးလို့ ကြေညာခဲ့ပါတယ်။ အဲဒီကြေညာချက်ဟာ ဥရောပသမဂ္ဂရဲ့ ဇဟိုချက်ကို တုန်လှုပ်သွားစေပါတယ်။

### ဥရောပသမဂ္ဂအတွက် အရေးပါတဲ့သူ

အိန်ဂျလာမာကယ်ဟာ ပြည်တွင်းမှာ လူကြိုက်များမှု ကျဆင်းလာတယ်။ အခြားသူတွေအပေါ် သူ့ရဲ့လွှမ်းမိုးနိုင်မှုဟာ ကျဆင်းလာတာမှန်ပေမယ့် ဥရောပသမဂ္ဂရဲ့ တစ်ခုတည်းသော စုစည်းညီညွတ်မှုအတွက်တော့ သူဟာ တကယ်အလုပ်လုပ်နိုင်သူလို့ ယုံကြည်ကြသူတွေ အများကြီးရှိပါတယ်။ မာကယ်ဟာ ဥရောပသမဂ္ဂအတွက် ယုံကြည်အားကိုးရသူ၊ စိတ်ချရသူ၊ သင့်တော်သူအဖြစ် သတ်မှတ်ခံထားရသူပါ။ အီတလီ၊ ဟန်ဂေရီနဲ့ ပိုလန်နိုင်ငံတို့မှာ ကြီးစိုးလာတဲ့ ပေါ်ပြူလစ်ဝါဒကို ဥရောပသမဂ္ဂကြီးအတွင်းမှာ ကူးစက်မလာအောင် အကောင်းဆုံးထောက်ကန်ပေးနေသူလည်း ဖြစ်ပါတယ်။

### ဘယ်သူ့ကို အစားထိုးမလဲ

ဥရောပသမဂ္ဂမှာ အိန်ဂျလာမာကယ်မပါဘဲ ဘယ်လိုရှေ့ဆက်မလဲဆိုတာ ပေါ့တန်တန်မေးခွန်းတစ်ခုတော့ မဟုတ်ပါဘူး။ ဥရောပမှာ အမျိုးသားရေးဝါဒီတွေ တဖြည်းဖြည်းကြီးစိုးလာပြီး သမဂ္ဂရဲ့ စည်းလုံးညီညွတ်မှုကိုလည်း ခြိမ်းခြောက်လာခဲ့ပါတယ်။ ၂၀၂၁ နှစ်ကုန်ပိုင်းမှာ အိန်ဂျလာမာကယ်ဟာ ဝန်ကြီးချုပ်နေရာကနေ နုတ်ထွက်တော့မယ်လို့ ရုတ်တရက် ကြေညာလိုက်တဲ့အခါမှာတော့ ဥရောပသမဂ္ဂအဖွဲ့ကြီးကို ဆက်လက်ပြီး စုစည်းညီညာနေစေဖို့ ဘယ်သူက ဆက်လက်တာဝန်ယူဆောင်ရွက်ပေးမှာလဲ။ အိန်ဂျလာမာကယ်ဟာ ဥရောပသမဂ္ဂရဲ့ စုစည်းညီညွတ်မှုကို တာဝန်ယူဆောင်ရွက်ပေးခဲ့သူဖြစ်လို့ သူ့နေရာမှာ ဘယ်သူ့ကို အစားထိုးမှာပါလဲ။

### အသက်ငယ်တဲ့ ပြင်သစ်ခေါင်းဆောင်

သူ့နောက်မှာ အလားအလာရှိတာကတော့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ပဲ ဖြစ်ပါတယ်။ အသက်ငယ်တဲ့ ပြင်သစ်ခေါင်းဆောင်ဟာ ရည်မှန်းချက်လည်း ကြီးမားတယ်၊ ဒီနေရာရဲ့ လုပ်ပိုင်ခွင့်နဲ့ သူဟာ အသင့်တော်ဆုံးဖြစ်တယ်လို့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဉာဏ်ကြီးရှင်အဖွဲ့ဖြစ်တဲ့ Carnegie Europe မှ တွန်မက်စ်ဗယ်လာဆီခ်က ပြောပါတယ်။ ဒါပေမယ့်လည်း ပြင်သစ်သမ္မတ မက်ခရွန်ဟာ ပြင်သစ်နိုင်ငံတွင်းမှာတော့ လူကြိုက်များတဲ့ ခေါင်းဆောင်တစ်ဦးတော့ မဟုတ်ပါဘူး။ ပြီးတော့ မေလအတွင်းမှာကျင်းပမယ့် ဥရောပပါလီမန်ရွေးကောက်ပွဲမတိုင်မီတော့ မက်ခရွန်ဟာ ဥရောပပါလီမန်မှာ နေရာရလာဖို့ မလွယ်ပါဘူး။

### ဂျာမနီရဲ့ထောက်ပံ့မှု လိုအပ်ဆဲ

နောက်ပြီးတော့ ဥရောပသမဂ္ဂအဖွဲ့ကြီးနဲ့ ယူရိုဇုန်မှာ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်မယ်ဆိုတဲ့ သူ့ရဲ့အတွေးအခေါ် အယူအဆတွေဟာ ဆွဲဆောင်မှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့ပါတယ်။ မက်ခရွန်အတွက် နောက်ထပ်ပြဿနာတစ်ခုဟာ ဥရောပမှာ ခေါင်းဆောင်နိုင်လောက်တဲ့အထိ သူ့ရဲ့အင်အားဟာ မပြည့်ဝသေးပါဘူး။ သူဟာ ဂျာမနီရဲ့အထောက်အပံ့ကို လိုအပ်နေဆဲဖြစ်ပါတယ်။ ပြင်သစ်သမ္မတ မက်ခရွန်ရဲ့ယူရိုဇုန်ပြုပြင်ပြောင်းလဲရေးနဲ့ ဥရောပရဲ့ စာမျက်နှာအသစ်ကို ဖွင့်လှစ်မယ်ဆိုတဲ့ အယူအဆတွေကို ထောက်ခံမှုတွေ ပြုလုပ်သွားမယ်လို့ အိန်ဂျလာမာကယ်က စာရွက်ပေါ်မှာ ကတိပြုထားပါတယ်။

### စိတ်ကြိုက်ချယ်လှယ်ခွင့်မရှိတော့

မစ္စတာမက်ခရွန်ရဲ့အကြံပြုချက်တစ်ခုဖြစ်တဲ့ ဥရောပဘဏ္ဍာရေးဝန်ကြီးတွေရဲ့ လုပ်ပိုင်ခွင့်အာဏာတိုးမြှင့်ဖို့ဆိုတဲ့ အဆိုပြုချက်ကို အိန်ဂျလာမာကယ်ဘက်က စိတ်ပါလက်ပါ မရှိဘူးဆိုရင် ကျိုးကြောင်းဆီလျော်တဲ့ ကိစ္စတွေမှာသာ ထောက်ပံ့မှုပြုသွားလို့လည်းရပါတယ်။ အိန်ဂျလာမာကယ်ရဲ့နေရာမှာ ဆက်ခံမယ့်သူတွေကလည်း မက်ခရွန်ရဲ့ အကြံပြုချက်တွေကို လက်ခံသွားနိုင်ဖွယ် မရှိပါဘူး။ မစ္စတာမက်ခရွန် တောင်းဆိုတဲ့အတိုင်းသာ လုပ်လိုက်ရင် ဥရောပသမဂ္ဂအဖွဲ့ရဲ့ အရှိန်အဝါဟာ အိန်ဂျလာမာကယ်ဦးဆောင်စဉ်ကလို မဟုတ်ဘဲ ဂုဏ်သိက္ခာညှိုးနွမ်းသွားစေနိုင်လို့ပါပဲ။

ဘာတွေပဲဖြစ်ဖြစ် ယခုနှစ်ကုန်ပိုင်းမှာတော့ တိုးတက်မှုအနည်းငယ်သာရှိလိမ့်မယ်လို့ ဘာလင်မြို့က ဥရောပကောင်စီဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးဌာနက ဂျိုဆက်ဂျန်နင်းက ပြောပါတယ်။ အိန်ဂျလာမာကယ်ဟာ ပါတီမှာ ခေါင်းဆောင်သစ်ရွေးချယ်မှုမပြုခင်အထိတော့ မကြာခင်မှာ ရာထူးက ဖယ်ရှားခံရတော့မယ့်လူအဖြစ် ရှိနေမှာဖြစ်ပြီး ဥရောပမှာလည်း စိတ်ကြိုက်ချယ်လှယ်ခွင့် ရှိတော့မှာ မဟုတ်ပါဘူး။

### မျှော်လင့်သလောက်ဖြစ်မလာ

၂၀၁၈ ခုနှစ်ဟာ ဥရောပမှာ ပြုပြင်ပြောင်းလဲရေးပြုလုပ်ရမယ့်နှစ်ဆိုပြီး သတ်မှတ်ထားပေမယ့် မျှော်လင့်ထားသလောက် ဘာမှဖြစ်မလာသလို ဖြေရှင်းဖို့ရှိတဲ့ ပြဿနာတွေဟာလည်း ဖြေရှင်းနိုင်စွမ်းမရှိပါဘူးလို့ မစ္စတာ ဂျိုဆက်ဂျန်နင်းက ပြောပါတယ်။ အိန်ဂျလာမာကယ်ဟာ အခုနှစ်ပိုင်းတွေအတွင်း အဖွဲ့ကြီးရဲ့ အနာဂတ်ခရီးအတွက်လည်း လုပ်ဆောင်ဖို့ရှိတာတွေ လုပ်ဆောင်ပေးဖို့ ပျက်ကွက်ခဲ့ပေမယ့် လစ္စဘွန်းစာချုပ်ကို တည်မြဲအောင် လုပ်ဆောင်နိုင်ပြီး အတိုက်အခံတွေကြားထဲက ဂရိကို ဥရောပဇုန်မှာပဲဆက်ရှိနေဖို့ စွမ်းဆောင်နိုင်ခဲ့ပါတယ်။

### အိန်ဂျလာမာကယ်ကို မနှစ်မြို့သူများ

ဒါပေမယ့် အချို့သောဥရောပခေါင်းဆောင်တွေကတော့ အိန်ဂျလာမာကယ် ထွက်ခွာသွားတာကို သဘောကျကြပါတယ်။ ဘဏ္ဍာရေးအကျပ်အတည်းတွေနဲ့ ကြုံတွေ့စဉ် သူ့ရဲ့ခြိုးခြံချွေတာရေး အစီအစဉ်တွေနဲ့ သန်းနဲ့ချီတဲ့ ဒုက္ခသည်တွေကို ခွဲဝေလက်ခံပေးဖို့ ဆုံးဖြတ်ချက်ချခဲ့တာဟာဆိုရင် ဥရောပသမဂ္ဂအတွင်းမှာ အခြေခံလူတန်းစားတွေ အကျိုးဆောင်ရွက်မယ်ဆိုတဲ့ ပေါ်ပြူလစ်ဝါဒီတွေကို ပိုမိုအားကောင်းလာစေသလို ဥရောပရဲ့အကြီးဆုံး စိန်ခေါ်မှုတစ်ရပ် ဖြစ်လာခဲ့ပါတယ်။

ပိုလန်နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ဂျာရိစလောကတ်ဇိုင်စကီးက အိန်ဂျလာမာကယ်ကို ဒုက္ခသည်တွေ ခွဲဝေလက်ခံခိုင်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မကောင်းဆိုးရွားတစ်ဦးသဖွယ် ပြောဆိုခဲ့ပါတယ်။ ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအိုဗန်ကလည်း အီတလီ ခေါင်းဆောင်တွေနဲ့အတူ မေလအတွင်းမှာ ကျင်းပမယ့် ဥရောပပါလီမန်ရွေးကောက်ပွဲမှာ အိန်ဂျလာမာကယ်ကို ဆန့်ကျင်သွားမယ်ဆိုပြီး ကြွေးကြော်ထားသူတစ်ဦး ဖြစ်ပါတယ်။

### ဘဏ္ဍာရေးမူဝါဒကို ထောက်ခံသူလည်းရှိ

ဗဟိုဥရောပနိုင်ငံတွေဟာ အိန်ဂျလာမာကယ်ရဲ့ ဒုက္ခသည်ခွဲဝေလက်ခံရေးမူဝါဒကို အပြင်းအထန်ပဲ ဆန့်ကျင်ကြပါတယ်။ ဒါပေမယ့်လည်း ချက်နဲ့ ဆလိုဗက်တို့ကတော့ အိန်ဂျလာမာကယ်ရဲ့ ဘဏ္ဍာရေးမူဝါဒကို လက်ခံကြတယ်လို့ Carnegie Europe မှ ညွှန်ကြားရေးမှူးဖြစ်သူ ဗယ်လာဆီခ်က ပြောပါတယ်။ နောက်ပြီးတော့ ဂျာမနီရဲ့ ဗဟိုဥရောပနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုဟာ အဲဒီဒေသရဲ့ စီးပွားရေးအတွက် မရှိမဖြစ်ပဲလို့လည်း ၎င်းက သုံးသပ်ပြပါတယ်။

### ဆက်ခံသူ ဘယ်သူဖြစ်လာမလဲ

ဥရောပရဲ့ အာဏာအရှိဆုံးအမျိုးသမီးကြီးလို့ တင်စားရတဲ့ အိန်ဂျလာမာကယ်ဟာ ၂၀၂၁ ခုနှစ်မှာ ဝန်ကြီးချုပ်ရာထူးကနေ နုတ်ထွက်ပါတော့မယ်။ သူ့နေရာမှာ ဘယ်သူလာမလဲဆိုတာတော့ မသိသေးပါဘူး။ ဥရောပသမဂ္ဂကို ကောင်းစွာဦးဆောင်နိုင်ခဲ့တဲ့ အိန်ဂျလာမာကယ်နေရာမှာ ဘယ်သူက အစားထိုးဝင်ယူနိုင်မလဲဆိုတာလည်း မသိရသေးပါဘူး။ ဒါပေမယ့်လည်း ဥရောပမှ တည်ငြိမ်မှုနဲ့ ကြွယ်ဝမှုရဲ့ ပြယုဂ်အဖြစ် အချိန်အတော်ကြာ ထိန်းထားနိုင်ခဲ့တဲ့ အိန်ဂျလာမာကယ် ထွက်ခွာသွားတာကို နှစ်သက်သူတွေရှိသလို မနှစ်မြို့သူတွေပါ ရှိတာကတော့ အသေအချာပါပဲ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> **“ဥရောပသမဂ္ဂမှာ အိန်ဂျလာမာကယ်မပါဘဲ ဘယ်လိုရှေ့ဆက်မလဲဆိုတာ ပေါ့တန်တန်မေးခွန်းတစ်ခုတော့ မဟုတ်ပါဘူး။ ဥရောပမှာ အမျိုးသားရေးဝါဒီတွေ တဖြည်းဖြည်းကြီးစိုးလာပြီး သမဂ္ဂရဲ့ စည်းလုံးညီညွတ်မှုကိုလည်း ခြိမ်းခြောက်လာခဲ့ပါတယ်။ ၂၀၂၁ နှစ်ကုန်ပိုင်းမှာ အိန်ဂျလာမာကယ်ဟာ ဝန်ကြီးချုပ်နေရာကနေ နုတ်ထွက်တော့မယ်လို့ ရုတ်တရက် ကြေညာလိုက်တဲ့အခါမှာတော့ ဥရောပသမဂ္ဂအဖွဲ့ကြီးကို ဆက်လက်ပြီး စုစည်းညီညာနေစေဖို့ ဘယ်သူက ဆက်လက်တာဝန်ယူဆောင်ရွက်ပေးမှာလဲ”**

# ဂျပန်နိုင်ငံသို့ နည်းပညာသင်တန်းသားများအဖြစ် အလုပ်လုပ်ကိုင်ရင်း နိုင်ငံအတွက် ပြန်လည်အကျိုးပြုနိုင်ပါပြီ

ခင်ရတနာ၊ ဓာတ်ပုံ-သော်တာဝင်း

**နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များတွင် ပြည်တွင်းနေနိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသောစီးပွားရေးလုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်လည်း ပါဝင်သည်။**

အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေး၊ လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ ရွှေ့ပြောင်းသွားလာခြင်းမှတစ်ဆင့် ကောင်းမွန်သောအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများ ရရှိနိုင်ရေးတို့သည် နိုင်ငံအတွက် လိုအပ်ပါသည်။

**အလုပ်သင်သင်တန်းသား လေ့ကျင့်ရေး**

၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများဖြင့် မြန်မာအလုပ်သမားများသည် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ကာတာနိုင်ငံ၊ ယူအေအီးနိုင်ငံ၊ ဂျော်ဒန်နိုင်ငံ၊ မကာအို အထူးအုပ်ချုပ်ခွင့်ရဒေသများသို့ တရားဝင်သွားရောက်ခွင့်ရရှိထားသည်။ ဂျပန်နိုင်ငံရှိ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းများသို့လည်း ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများဖြင့် ၁၉၉၉ မှစ၍ ၂၀၁၈ စက်တင်ဘာအထိ သင်တန်းသားအလုပ်သမား ၁၁၀၀၀ ကျော် စေလွှတ်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် မြန်မာအလုပ်သမားများအနေဖြင့် နည်းပညာသစ်နှင့် အတွေ့အကြုံသစ်များ ရရှိလိုခြင်း၊ လုပ်ခလစာများ ပိုမိုရရှိလိုခြင်းတို့ကြောင့် ဂျပန်နိုင်ငံသို့ သွားရောက်လုပ်ကိုင်မှု ပိုမိုများပြားလာသည်။ ထို့ကြောင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ တရားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာနတို့အကြား နည်းပညာ အလုပ်သင်သင်တန်းသား လေ့ကျင့်ရေးအစီအစဉ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို သံတမန်နည်းလမ်းဖြင့် ယခုနှစ်ဧပြီလတွင် နေပြည်တော်၌ လက်မှတ်ရေးထိုးထားခဲ့သည်။

**နားလည်မှုစာချွန်လွှာ**

နားလည်မှုစာချွန်လွှာကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်၊ နည်းပညာအလုပ်သင်သင်တန်းသားများ စေလွှတ်ရန်နှင့် လက်ခံရန်၊ ဂျပန်နိုင်ငံ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဝန်ကြီးဌာနတို့အကြား ကတိကဝတ်များ ချမှတ်ခြင်းအားဖြင့် နည်းပညာ အလုပ်သင် သင်တန်းသား အစီအစဉ်မှတစ်ဆင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ အဆင်ပြေချောမွေ့စွာ လွှဲပြောင်းပေးနိုင်ရန် ရည်ရွယ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

နည်းပညာ အလုပ်သင်သင်တန်းသား စီမံချက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလအတွင်း ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ စေလွှတ်ထားသော နည်းပညာ အလုပ်သင် သင်တန်းသားများ၏ သင်ကြားလေ့ကျင့်မှု အခြေအနေများနှင့် နှစ်နိုင်ငံ အလုပ်သင် သင်တန်းသားကဏ္ဍ ဖွံ့ဖြိုးရေးအစီအစဉ်များကိုဆွေးနွေးရန် သွားရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ANA Narita Airport Service တွင် တက်ရောက်နေသည့် မြန်မာနည်းပညာအလုပ်သင် သင်တန်းသား ၁၅ ဦးနှင့် တွေ့ဆုံကာ နည်းပညာရပ်များကို ကြိုးစားသင်ယူရန်နှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် စနစ်တကျ အသုံးပြုရန် မှာကြားခဲ့ကြောင်းသိရသည်။ နှစ်နိုင်ငံဝန်ကြီးဌာနတို့ နည်းပညာ အလုပ်သင် သင်တန်းသားလေ့ကျင့်ရေးအစီအစဉ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်၍ အလုပ်သမားများ တရားဝင်လမ်းကြောင်းမှ စရိတ်သက်သာစွာဖြင့် သွားရောက်နိုင်ရေး၊ အလုပ်သမားဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ စိုးရိမ်ကြောင့်ကျကင်းပြီး လုံခြုံစွာ နေထိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်းလည်း ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မှာကြားခဲ့သည်။

သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းအတွက် အလုပ်သမားများစေလွှတ်ခွင့်ကို ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့ပြီးဖြစ်၍ လိုအပ်သည့်လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ပေးရေး၊ သင်တန်းသားများ လုပ်ငန်းခွင်အဆင်ပြေစေရေး၊ အခြားလုပ်ငန်းခွင်သို့ သွားရောက်လုပ်ကိုင်မှု လျော့နည်းရေးတို့ကို ဂျပန်နိုင်ငံရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်အတွက် သံရုံးတာဝန်ရှိသူများအား အသိပေးပြီးဖြစ်သည့်အတွက် ပိုမိုလုံခြုံစိတ်ချရသည့် အလုပ်သမားများ၊ သင်တန်းသားများအဖြစ် သွားရောက်နိုင်မည်ဖြစ်သည်။



**လက်မှတ်ရေးထိုးပွဲ**

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် NPO-AET တို့ ပူးပေါင်း၍ နည်းပညာဆိုင်ရာ အလုပ်သင်သင်တန်း အစီအစဉ် အထောက်အပံ့ဖြစ်စေရေး အထွေထွေကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို လွှတ်တော်အဆောက်အအုံတွင် ကျင်းပခဲ့ပြီးဖြစ်သည်။ NPO-AET မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Akio Kawakami နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်တို့ အပြန်အလှန်လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံနှင့် NPO-AET တို့သည် ၂၀၁၃ ခုနှစ်မှစ၍ ကောင်းမွန်သည့် ဆက်ဆံရေးရှိခဲ့ပြီး ဝန်ကြီးဌာနနှင့် NPO-AET တို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း မြေနေရာ၌ နည်းပညာဆိုင်ရာ အလုပ်သင်သင်တန်း အစီအစဉ် အထောက်အပံ့ဖြစ်စေရေး အထွေထွေကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း တည်ထောင်ပြီး ကျွမ်းကျင်မှု သင်တန်းများ ဖွင့်လှစ်သင်ကြားရန်လည်းရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကျောင်းက မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် ဂျပန်ကုမ္ပဏီများအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။ အလုပ်သင် သင်တန်းသားစနစ်သည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး သတ်မှတ်ကာလ ပြီးဆုံးချိန်တွင် လေ့လာတတ်မြောက်ခဲ့သော နည်းပညာများနှင့် အတွေ့အကြုံကောင်းများကို မိမိနိုင်ငံတည်ဆောက်ရေး လုပ်ငန်းများနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပြန်လည်အသုံးချနိုင်မည်ဖြစ်သည်။

**ပြည်ထောင်စုဝန်ကြီး၏ ဂျပန်ခရီးစဉ်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီး၏ ဂျပန်ခရီးစဉ်အတွင်း ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေး ဝန်ကြီးဌာနသို့ သွားရောက်၍ Minister Mr.Takumi Nemoto ဦးဆောင်သောအဖွဲ့အား တွေ့ဆုံခဲ့ပြီး သက်ကြီးရွယ်အိုနှင့် နာမကျန်းသူများစောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်းကို ခွင့်ပြုပေးခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံ အလုပ်သင်သင်တန်းသားများကို ဂျပန်နိုင်ငံဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ စေလွှတ်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ မကြာမီသွားရောက်အလုပ်လုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။ ၂၀၂၀ အိုလံပစ်အတွက် လိုအပ်သည့် အလုပ်သင်သင်တန်းသားများ ပိုမိုစေလွှတ်နိုင်ရေးအတွက်လည်း ဂျပန်နှင့် မြန်မာတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အလုပ်သင်သင်တန်းသားများအတွက် သင်တန်းအောင်မြင်ပြီးမြောက်ကြောင်း သင်တန်းဆင်းလက်မှတ် ထုတ်ပေးရန်လည်း ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဂျပန်အာဏာပိုင်များထံ ပြောကြားခဲ့သည့်အတွက် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာချိန်အတွက်ပါ အဆင်ပြေနိုင်သည့် အသိအမှတ်ပြုလက်မှတ်များ ဖြစ်လာနိုင်ပါသည်။

အလုပ်သင်သင်တန်းသား အလုပ်သမားများသည် ဂျပန်နိုင်ငံ၌ သတ်မှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာ လုပ်ကိုင်ကြရမည်ဖြစ်ပြီး လက်ခံသည့်အဖွဲ့အစည်းများက သင်တန်းသား အလုပ်သမားအတွက် ဝန်ဆောင်စရိတ်အနည်းဆုံးဖြင့် ခေါ်ယူရန်အတွက်လည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။ ခေါ်ယူသည့် အဖွဲ့အစည်းများကို OTIT အဖွဲ့က စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်နှင့် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် ဂျပန်အစိုးရတို့ ပူးပေါင်းကာ အလုပ်သမားရေးရာကိစ္စရပ်များနှင့် အလုပ် ရှင်နှင့် အလုပ်သမားကြား ဖြစ်ပေါ်လာနိုင်သည့် အလုပ်သမားရေးရာပြဿနာများကို ပူးပေါင်းဖြေရှင်းပေးရန် ပြင်ဆင်ထားကြောင်းလည်း ဝန်ကြီးဌာနမှသိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ နဂိုယာမြို့သင်တန်းကျောင်းတွင် သင်ယူနေသည့် မြန်မာလုပ်သားများကိုလည်းကောင်း၊ တိုယိုတာ ကားအစိတ်အပိုင်းထုတ်လုပ်သည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသည့် မြန်မာ အလုပ်သင် သင်တန်းသားများကိုလည်းကောင်းတွေ့ဆုံကာ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရေး၊ ဂျပန်နိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာပြီး နည်းပညာများရယူ၍ မြန်မာနိုင်ငံအတွင်း ပြန်လည်အသုံးပြုနိုင်ရေး၊ ကျန်းမာရေးဂရုစိုက်၍ မိမိစွမ်းရည် မြင့်မားတိုးတက်အောင် အလေးထားကြိုးစားရေး၊ မိသားစုလွှဲပို့ငွေများကို စနစ်တကျ ပေးပို့ရေး၊ အခက်အခဲရှိက ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် ချိတ်ဆက်ဆောင်ရွက်ရေးတို့ကိုလည်း မှာကြားခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်သင်ကြားပေးခြင်းကို ဝန်ကြီးဌာနနှစ်ခုက ကဏ္ဍခွဲ၍ ဆောင်ရွက်နေပြီး ပညာရေးဝန်ကြီးဌာနအနေဖြင့် စက်မှုလက်မှု အထက်တန်းကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများ ဖွင့်လှစ်ပို့ချလျက်ရှိကာ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို နည်းပညာတက္ကသိုလ်တွင် ချိတ်ဆက်သင်ကြားပေးလျက်ရှိသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် သင်တန်းကျောင်း ခြောက်ကျောင်း ဖွင့်လှစ်ထားပြီး GIZ၊ Swiss contact အကူအညီများဖြင့် လုပ်ငန်းခွင်အတွင်းရှိ လုပ်သားများအား အသက်မွေးဝမ်းကျောင်းအလိုက် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ စိစစ်ထုတ်ပေးနေကြောင်း၊ အလုပ်အကိုင်များ ရရှိရေးအတွက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့် အောင်မြင်ပြီးသူများကို ခွင့်ပြုသင်ကြားပေးနေကြောင်းသိရသည်။ ယခုအခါ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ကာ ဂျိုက်ကာမှတစ်ဆင့် မြန်မာနိုင်ငံရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် သင်ကြားပေးနိုင်ရေးကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဟု သိရသည်။

**ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှု**

ပြည်ထောင်စုဝန်ကြီးသည် Japan Chamber of Commerce (JCCI)သို့သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံရှိ သီလဝါစက်မှုဇုန်၌ ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုသည် များစွာအရေးပါကြောင်း၊ ဂျပန်နိုင်ငံ၌ လုပ်သားဈေးကွက်များ လိုအပ်လျက်ရှိပြီး မြန်မာနိုင်ငံတွင် လူငယ်လုပ်သားအင်အား များစွာရှိနေ၍ နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိစေမည့် အသက်မွေး သင်တန်းကျောင်းများဖွင့်လှစ်ပြီး ကျွမ်းကျင်လုပ်သားများမွေးထုတ်၍ ဥပဒေနှင့်အညီ ပိုမိုစေလွှတ်နိုင်ရေးဆောင်ရွက်နေကြောင်း၊ ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံမှ IT ကျွမ်းကျင်သူနှင့် အင်ဂျင်နီယာ ၂၀၀ ကျော် ရောက်ရှိလုပ်ကိုင်နေကြောင်း သိရပြီး IT ကျွမ်းကျင်သူများ ထပ်မံခေါ်ယူမည်ဟု သိရှိရ၍ ဝမ်းမြောက်မိကြောင်း၊ အလုပ်သင် သင်တန်းသားများကို အလုပ်ရှင်ကိုယ်တိုင် လာရောက်ရွေးချယ်ပါက ပိုမိုအဆင်ပြေနိုင်ကြောင်း၊ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ခရီးသွားလာမှု လွယ်ကူစေရန် အောက်တိုဘာ ၁ ရက်နေ့မှစ၍ ဂျပန်နိုင်ငံမှ လာရောက်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုခဲ့ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ သီလဝါစက်မှုဇုန်တွင် စီးပွားရေးကုမ္ပဏီပေါင်း ၁၀၀ ခန့် လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိရာ အများစုမှာ ဂျပန်ကုမ္ပဏီများဖြစ်၍ မြန်မာနိုင်ငံသား ၁၀၀၀၀ ကျော်အား အလုပ်အကိုင် ပေးအပ်နိုင်ခဲ့သည်။ လက်ရှိတွင် နိုင်ငံခြားသားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဥပဒေပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်နှင့် လူသားအရင်းအမြစ်ပေါများပြီးအာဆီယံနိုင်ငံများနှင့် ရေကြောင်း/ကုန်းကြောင်းဆက်သွယ်နိုင်သည့် အချက်အချာကျသည့်နိုင်ငံတစ်ခု ဖြစ်သည်နှင့်အညီ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာအတွေ့အကြုံများနှင့် မြန်မာနိုင်ငံ၏ သဘာဝအရင်းအမြစ်၊ လူသားအရင်းအမြစ် ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးရှိနိုင်မည်ဖြစ်သည်။ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ရန်လိုအပ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ကူညီပေးရန်နှင့် ဂျပန်နိုင်ငံ၏ဥပဒေအရ ခွင့်ပြုသည့် အခြားကဏ္ဍများသို့ ကျွမ်းကျင်လုပ်သားများ စေလွှတ်နိုင်ရေးကိုလည်း မျှော်လင့်ရသည်။

**ပိုမိုကောင်းမွန်သည့် တံခါးများ**

နည်းပညာ အလုပ်သင် သင်တန်းသားစနစ် လေ့ကျင့်ရေးအစီအစဉ်များကို ဂျပန်နိုင်ငံမှ Organization for Technical Intern Training (OTIT)က ကြီးကြပ်မည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက President Mr. Yoshio Suzuki နှင့် တွေ့ဆုံခဲ့ရာတွင် မြန်မာနည်းပညာအလုပ်သင် သင်တန်းသားများအနေဖြင့် ဂျပန်နိုင်ငံသို့ လာရောက်လုပ်ကိုင်နိုင်ရန်ချေးငွေများယူဆောင်ခဲ့ရပြီး ဝန်ဆောင်စရိတ် ပိုမိုပေးဆောင်ရခြင်း၊ သတ်မှတ်လစာထက် လျော့နည်းရရှိခြင်းနှင့် ဂျပန်တွင် အနေကြာသည့် ပွဲစားများ၏ မက်လုံးပေးဆွဲဆောင်မှုများကြောင့် လုပ်ငန်းခွင်မှထွက်ပြေးမှုများ ရှိနေခြင်းဖြစ်သည်ဟု

**ဂျပန်နိုင်ငံ၌ လုပ်သားဈေးကွက်များ လိုအပ်လျက်ရှိပြီး မြန်မာနိုင်ငံတွင် လူငယ်လုပ်သားအင်အား များစွာရှိနေ၍ နှစ်နိုင်ငံ အပြန်အလှန်အကျိုးရှိစေမည့် အသက်မွေးသင်တန်းကျောင်းများဖွင့်လှစ်ပြီး ကျွမ်းကျင်လုပ်သားများ မွေးထုတ်၍ ဥပဒေနှင့်အညီ ပိုမိုစေလွှတ်နိုင်ရေး ဆောင်ရွက်နေကြောင်း၊ ဂျပန်နိုင်ငံသို့ မြန်မာနိုင်ငံမှ IT ကျွမ်းကျင်သူနှင့် အင်ဂျင်နီယာ ၂၀၀ ကျော် ရောက်ရှိလုပ်ကိုင်နေကြောင်း သိရပြီး IT ကျွမ်းကျင်သူများ ထပ်မံခေါ်ယူမည်ဟု သိရှိရ၍ ဝမ်းမြောက်မိ**

*စာမျက်နှာ ၂၀ သို့*

# ရေနစ်မြုပ်ပျက်စီးသည့် လယ်မြေများအတွက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ထောက်ပံ့

**ပွင့်ဖြူ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်လများက ဖြစ်ပွားခဲ့သော ရေကြီးနစ်မြုပ်မှုများကြောင့် ပျက်စီးခဲ့သော လယ်မြေများနှင့် သီးနှံများအတွက် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ပွင့်ဖြူမြို့နယ် ဦးဉတ္တမခန်းမ၌ အောက်တိုဘာ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်း၊ ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ထောက်ပံ့ငွေပေးအပ်မှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေမြုပ်ပျက်စီးခဲ့သော မိုးစပါးစိုက်လယ်မြေများအတွက် ထောက်ပံ့ငွေကျပ် ၄၂၉ သိန်းကျော်၊ ပဲတီစိမ်းစိုက်ခင်းများအတွက် ကျပ်ကိုးသိန်းကျော်၊ မိုးနှမ်းစိုက်ခင်းများအတွက် ငွေကျပ် ၂၉ သိန်းကျော်နှင့် နွေနှမ်းစိုက်ခင်းများအတွက် ငွေကျပ် ၁၉၄ သိန်းကျော်ကို ဝန်ကြီးနှင့် တာဝန်ရှိသူများက တောင်သူလယ်သမားများကိုယ်စားသက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ကြောင်း သိရသည်။

**မော်မော်ဝင်း**



# လှိုင်ကော်လေဆိပ်စီမံကိန်းအခြေအနေများကို ကယားပြည်နယ်ဝန်ကြီးချုပ်ထံ ရှင်းလင်းတင်ပြ

**လွိုင်ကော် နိုဝင်ဘာ ၂**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လွိုင်ကော်လေဆိပ်နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် Master Plan အရ အနာဂတ်တွင်ဆောင်ရွက်မည့် အခြေအနေများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်အစိုးရအဖွဲ့ထံသို့ အောက်တိုဘာ ၃၀ ရက်က လာရောက်ရှင်းလင်းတင်ပြခဲ့သည်။



လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က မြန်မာနိုင်ငံအတွင်း လေယာဉ်ကွင်းပေါင်း ၆၉ ကွင်းရှိပြီး လက်ရှိအသုံးပြုမှုအနေဖြင့် နိုင်ငံတကာလေယာဉ်ကွင်း သုံးကွင်းနှင့် ပြည်တွင်းလေယာဉ်ကွင်း ၃၁ ကွင်း၊ စုစုပေါင်း လေယာဉ်ကွင်းပေါင်း ၃၄ ကွင်းဖြစ်ကြောင်း၊ လေကြောင်းပို့ဆောင်ရေးဦးစီးဌာနအနေဖြင့် လေယာဉ်ကွင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှအကူအညီဖြင့် စီမံချက်များ ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ရေးဆွဲထားပြီးသော စီမံချက်တွင် ကယားပြည်နယ်ရှိ လွိုင်ကော်လေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ် ပေ ၁၀၀၀၀ အထိ တိုးချဲ့ဆောင်ရွက်ရန် လျာထားကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက လွိုင်ကော်လေဆိပ်ကိုယခင်က ပြေးလမ်းအရှည်ပေ ၅၂၀၀၊ အကျယ် ၇၅ ပေမှ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်ဆင့် တိုးချဲ့တည်ဆောက်ခဲ့ရာ လက်ရှိလေယာဉ်ပြေးလမ်းသည် အရှည် ပေ ၇၀၀၀ ရှိလာပြီး လေယာဉ်များ အဆင်းအတက် အသုံးပြုလျက်ရှိကြောင်း၊ လွိုင်ကော်လေဆိပ် မြေဧရိယာမှာ ၂၃၆ ဒသမ ၆ ဧကဖြစ်ကြောင်း၊အဆိုပါလေဆိပ်ပိုင်မြေအတွင်း ပါဝင်နေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းမြေဧရိယာ ၄ ဒသမ ၅၅ ဧကကိုလေကြောင်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနပိုင်မြေအဖြစ် လွှဲပြောင်းစွန့်လွှတ်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနထံ ညှိနှိုင်းမေတ္တာရပ်ခံခဲ့ရာ လမ်းဦးစီးဌာနက စွန့်လွှတ်နိုင်ကြောင်း အကြောင်းပြန်ကြားခဲ့ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ တောင်းဆိုချက်အရ လွိုင်ကော်လေဆိပ် မြောက်ဘက်ခြမ်းတွင် လေဆိပ်အပြင်ခြံစည်းရိုးကို မူလမြေမှ ပေ ၁၅၀ ခွာ၍ ကာရံထားပြီး မြို့အတွင်းသို့ အဝင်လမ်းအတွက် ချန်လှပ်၍ ကာရံခဲ့သဖြင့် လေဆိပ်ကန့်သတ်နယ်မြေအတွင်း မြေကွက်လပ် ဖြစ်ပေါ်လျက်ရှိကြောင်း၊ လွိုင်ကော်လေဆိပ် လေယာဉ်ပြေးလမ်းကို အရှည်ပေ ၁၀၀၀၀ အထိ တိုးချဲ့ပြီး နိုင်ငံတကာလေဆိပ်အဖြစ်ဆောင်ရွက်ရန် စီမံချက်ထားရှိကြောင်း၊ စီမံချက်အရ အကောင်အထည်ဖော်မည်ဆိုလျှင် ၇၁၂ ဧကကျော် လိုအပ်မည်ဖြစ်သဖြင့် လက်ရှိအနေအထားတွင် နေအိမ်များ၊ ဌာနဆိုင်ရာရုံးများ၊ ဘာသာရေးအဆောက်အဦများနှင့် လွတ်ကင်းမှုမရှိကြောင်း ရှင်းလင်းတင်ပြပြီး လေယာဉ်ကွင်းဧရိယာအတွင်း အထပ်မြင့်အဆောက်အဦများ ဆောက်လုပ်မှုမရှိစေရေး ကန့်သတ်အတိုင်းအတာများကိုလည်း အသေးစိတ်တင်ပြခဲ့သည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးက လက်ရှိလေယာဉ်ပြေးလမ်းနှင့် စီမံချက် ပေ ၁၀၀၀၀ ပြေးလမ်းတို့အတွက် ကန့်သတ်နယ်မြေပြမြေပုံများ ရလိုကြောင်း၊ လေယာဉ်ကွင်းလုံခြုံရေး ခြံစည်းရိုးကာရံရေးကိစ္စရပ်များအတွက် ပြည်သူများသို့ အသိပေးချပြရမည်ဖြစ်ကြောင်း၊ လေယာဉ်ကွင်းဧရိယာအတွင်း သက်သာဆိုင်ခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေများနှင့် စီမံချက်အရဆောင်ရွက်မည့် အနေအထားတွင် နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများ ပါဝင်နေမှုအခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်ကလည်း မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင်နှင့် ညီအစ်မမြို့တော်အဖြစ် MoU ရေးထိုးထားပြီးဖြစ်သဖြင့် နှစ်နိုင်ငံခရီးသွားကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ မယ်ဟောင်ဆောင်နှင့် လွိုင်ကော်ကြား လေကြောင်းခရီးစဉ် တိုးချဲ့ပြေးဆွဲနိုင်ရန် ဆောင်ရွက်လိုကြောင်း၊ လွိုင်ကော်လေဆိပ်ကို ယခုထက် အဆင့်မြှင့်မည့်တိုးချဲ့မှုမျိုးကို လိုလားကြောင်း၊ စီမံချက်အရ ပေ ၁၀၀၀၀ အထိ တိုးချဲ့မည်ဆိုပါက လူနေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများရှိနေ၍ ခက်ခဲမည်ဖြစ်ကြောင်း၊ ဆောင်ရွက်မည်ဆိုပါက ဖယ်ရှားမည့် အဆောက်အအုံများအတွက် လျော်ကြေးစရိတ်များ၊ မြေအစားထိုးပေးနိုင်ရန် မြေကွက်ဖော်ထုတ်စရိတ်များသည် ခေတ်ကာလအခြေအနေအရ အလွန်များပြားစွာ ကုန်ကျနိုင်ပြီး လေယာဉ်ကွင်းသစ်တစ်ကွင်း ဆောက်လုပ်နိုင်သည့် စရိတ်လောက်ရှိသွားနိုင်ကြောင်း၊ သို့ဖြစ်၍ လွိုင်ကော်လေဆိပ်ကို လက်ရှိအတိုင်းထားပြီး ပေါင် ၁၅၀၀၀၀ ရှိလေယာဉ်များ ဆင်းသက်နိုင်သည့် နိုင်ငံတကာအဆင့်မီ လေဆိပ်ပုံစံမျိုးကို ဆောင်ရွက်သင့်ကြောင်း၊ ယခုလက်ရှိ လွိုင်ကော်လေဆိပ်မြေကို ဌာနပိုင်မြေအမည်ပေါက်ရရှိရေး လိုအပ်သည်များ ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးမှုရလဒ်များကို ပြည်ထောင်စုဝန်ကြီးထံသို့လည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

**ထွန်းလေး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၁၁-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၇၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၉၀ ကျပ် | ၁၁၁၀/၁၁၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၀၀ ကျပ် | ၁၁၁၅/၁၁၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၀/၁၀၃၅ ကျပ် | ၁၀၆၀/၁၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၀၈၅ ကျပ် | ၁၁၃၅/၁၁၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၈ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၃၉ ・ ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၃၈ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၁ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၂၉ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၆၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၉ ・ ၂၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၅ ・ ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၆၉၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်အောင်ပွဲအဖြစ် ဆွမ်းလောင်းလှူပွဲကျင်းပ

**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ အထင်ကရ ဘုရားတစ်ဆူဖြစ်သော ဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မုံရွာမြို့ပေါ်ကျောင်းတိုက်များရှိ သံဃာ့ကုန် ဆွမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၁ ရက်က ဘုရားဝင်းအတွင်းရှိ သံဃဒါနဆွမ်းလောင်းတန်းတွင် ကျင်းပခဲ့သည်။

ဆွမ်းလောင်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆွမ်းအလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မုံရွာမြို့ပေါ်ကျောင်းတိုက်များရှိ သံဃာအပါး ၃၅၀၀ ကျော်အား ဆွမ်းလောင်းလှူခဲ့ကြသည်။

"ဘုရားပွဲကို နှစ်စဉ်ကျင်းပသလို အောင်မြင်ခြင်းအထိမ်းအမှတ်အနေနဲ့ ဆွမ်းလောင်းလှူပွဲကိုလည်း နှစ်စဉ်လုပ်ပါတယ်။ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးမှာ နှစ်စဉ် ဝါတွင်းဆွမ်းလုံးပွဲလုပ်တာ (၁၂၅) ကြိမ်မြောက်ရှိပြီ၊ အခုလုပ်တဲ့ ဆွမ်းလောင်းလှူပွဲကတော့ ဝါတွင်းဆွမ်းလုံးပွဲထက်စောတဲ့အတွက် အကြိမ် ၁၃၀ ကျော်မှာရှိတယ်။ မြို့ပေါ်ကျောင်းတိုက်က သံဃာတော်တွေအပြင် အာဂန္တုသံဃာတွေပါမကျန် လောင်းလှူပါတယ်"ဟု ဆုတောင်းပြည့်ဘုရားကြီး ဂေါပကအဖွဲ့မှ ဦးတင်အောင်က ပြောသည်။ မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်မှ သီတင်းကျွတ်လကွယ်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဇာတ်ကားများအတွက် ကမ်းလှမ်းမှုရှိသော်လည်း စိတ်ကြိုက်ဇာတ်ရုပ်ကို ရွေးချယ်ပိုင်ခွင့်မရှိသေးကြောင်း ပိုင်တံခွန် ပြောကြား




ကြော်ငြာနှင့် ဓာတ်ပုံရိုက်ကူးမှုများကြောင့် ပရိသတ်အကြား ထင်ရှားလာသည့် မော်ဒယ် ပိုင်တံခွန်သည် ဇာတ်ကားများတွင် သရုပ်ဆောင်ရန်အတွက် ကမ်းလှမ်းမှုများကို ရရှိနေပြီဖြစ်သော်လည်း ၎င်းအနေဖြင့် ဇာတ်ရုပ်နှင့်ပတ်သက်ပြီး စိတ်ကြိုက်ရွေးချယ်ခွင့်မရှိသေးကြောင်း ပြောသည်။

"ကျွန်တော့်ကို ဇာတ်ကားရိုက်ကူးဖို့တွေ ကမ်းလှမ်းထားတာမျိုးတော့ ရှိပါတယ်၊ မသေချာသေးတာကြောင့် မပြောသေးတာပါ၊ ကျွန်တော် ကြော်ငြာလောက်ပဲ ပုံမှန်ရိုက်ဖြစ်တယ်၊ မြန်မာနိုင်ငံမှာ ဇာတ်အိမ်ကောင်းကောင်းနဲ့ ပရိသတ်အကြိုက်တွေ့တဲ့ကားမျိုးတွေ ထွက်လာတာတွေ့ရတယ်၊ အဲတော့ ကျွန်တော်လည်း ကားကောင်းကောင်းလေး တစ်ကားဆိုတစ်ကား ရိုက်ချင်တယ်၊ အက်ရှင်ကားဆိုလည်း တကယ် အက်ရှင်အမိုက်စားမျိုးပေါ့နော်၊ ဒရာမာဆိုလည်း ဒရာမာအလျောက် ရိုမန်တစ်ဆန်တဲ့ ပုံလေးတွေလည်း ကြိုက်တယ်၊ ကျွန်တော့်အနေနဲ့တော့ ဇာတ်ရုပ်ကို ရွေးချယ်ခွင့်ဆိုတာ မရှိသေးဘူး၊ ဒါပေမယ့် ကိုယ့်ကိုလာပြောတဲ့အခါ ဆိုရင်တော့ ကိုယ်တိုင်က ပြည်ပကကားတွေ အက်ရှင်ပုံစံတွေ ကြည့်တာများတော့ ငါ့အလှည့်ကျရင် ဒီလိုပုံစံမျိုးရိုက်လိုက်ရရင် မိုက်မှာပဲဆိုတဲ့ အတွေးတော့ ရှိခဲ့တာပေါ့"ဟု ပြောသည်။

၎င်းသည် လတ်တလောတွင် ပညာရေးဘက်ကိုလည်း ဦးစားပေးနေရကြောင်း ပိုင်တံခွန်က ပြောသည်။ ထို့အပြင် ပြီးခဲ့သောရက်များအတွင်းက လူမှုကွန်ရက်စာမျက်နှာတွင် ပိုင်တံခွန်နှင့် သူငယ်ချင်းအချင်းချင်း စနောက်ပြောကြားထားသော စကားအချို့ကို ဟက်ကာများကခိုးယူပြီး ပြဿနာဖန်တီးမှုရှိခဲ့ရာ ထိုကိစ္စနှင့်ပတ်သက်၍လည်း ပိုင်တံခွန်က ယခုလို ဆက်လက်ရှင်းပြခဲ့သည်။

"ကိုယ်တိုင်က အနုပညာရှင်တစ်ယောက်ဖြစ်တော့ ဒီအလုပ်လုပ်ရင် ပြဿနာဆိုတာကတော့ရှိမှာပဲ၊ အနည်းနဲ့အများလေ၊ ကျွန်တော်တို့က ချမ်းမင်းသူနဲ့ စနောက်နေတာ ဟိုတုန်းကတည်းကပဲ၊ ဒါကို အရှက်ခွဲချင်တဲ့လူက လုပ်တာမဆန်းပါဘူး၊ တစ်ခါတလေ ဒီဖေ့စ်ဘုတ်ဆိုတာကို သုံးဖို့ဆိုတာ တော်တော်စဉ်းစားရတယ်၊ ဆိုရှယ်မီဒီယာကို သုံးလည်းသုံးချင်တယ်၊ မသုံးလည်းမသုံးချင်တော့ဘူး၊ ကိုယ်ချင်းစာတရားဆိုတာ ဘာဆိုတာ နားမလည်ကြတဲ့သူတွေ များလာကြတယ်၊ အဲဒီတော့ နောက်ဆုံးစိတ်ကိုပဲ ဒုန်းဒုန်းချလိုက်တယ်၊ ဒါတွေ ဂရုစိုက်မနေတော့ဘူး၊ ကိုယ်မှန်ရင် မကြောက်ဘူးဆိုတာမျိုးပေါ့"ဟု ပိုင်တံခွန်က ဆိုသည်။

**ကိုလင်း**

# လေးနှစ်ကျော်ကြာအောင် ရိုက်ကူးခဲ့ရသည့် မော်ဝင်သမန်းကျား ရုပ်ရှင် အထူးပွဲပြသ

ကျောက်ဆူးရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး၏ ပွဲဦးထွက် ရုပ်ရှင်ကားကြီးဖြစ်သည့် မော်ဝင်သမန်းကျား ရုပ်ရှင်ကားကို လေးနှစ်ကျော်ကြာအောင် အချိန်ယူရိုက်ကူးခဲ့ရပြီးနောက် ရုပ်ရှင်ဇာတ်ကား အထူးပွဲကို အောက်တိုဘာ ၂၈ ရက်က ရန်ကုန်မြို့ရှိ သမ္မတရုပ်ရှင်ရုံတွင် ပြသခဲ့သည်။

အဆိုပါ မော်ဝင်သမန်းကျား ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ ခွန်းဆင့်နေခြည်က "ဒီရုပ်ရှင်ကားကြီးကို ရိုက်ကူးတဲ့အခါ အခက်အခဲတွေ အများကြီးတွေ့ကြုံခဲ့ရတယ်။ ကျားအစစ်တွေနဲ့ ရိုက်ကူးခဲ့တာကြောင့် ထိခိုက်ဒဏ်ရာရခဲ့တာတွေလည်းရှိတယ်။ လေးနှစ်ကျော်လောက်အချိန်ယူပြီး အသေးစိတ် တည်းဖြတ်ရိုက်ကူးခဲ့တဲ့အတွက် ငွေကြေးကုန်ကျမှုလည်း အလွန်များပါတယ်။ ပရိသတ်တွေအတွက် ရသခံစားမှုအသစ်အဆန်းတွေ ရရှိနိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ကျောက်ဆူးထုတ်လုပ်ရေးရဲ့ပွဲဦးထွက်ရုပ်ရှင်ကားကြီးပါ"ဟု ပြောသည်။

မော်ဝင်သမန်းကျား ရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်ညွှန်း-ထူးနွယ်အိမ်က ရေးသားပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာအဖြစ် မောင်မျိုးမင်း(ရင်တွင်းဖြစ်)က တာဝန်ယူရိုက်ကူးထားကာ အကယ်ဒမီရန်အောင်၊ မင်းမော်ကွန်း၊ သူထူးစံ၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ လင်းဇာနည်ဇော်၊ ခွန်းဆင့်နေခြည်တို့ ပါဝင်သရုပ်ဆောင်ထားသည်။ အထူးပွဲတွင် သရုပ်ဆောင်များဖြစ်သည့် ခွန်းဆင့်နေခြည်၊ အကယ်ဒမီစိုးမြတ်သူဇာ၊ လင်းဇာနည်ဇော်နှင့် အခြားအနုပညာရှင်များ တက်ရောက်၍ ပရိသတ်များနှင့်တွေ့ဆုံကာ အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ခဲ့သည်။

မော်ဝင်သမန်းကျား ရုပ်ရှင်ဇာတ်ကားသည် လူစင်စစ်မှ ကျားဖြစ်သွားသည့် ထမံသီကျေးရွာမှ ဂမ္ဘီရဆန်ဆန် သည်းထိတ်ရင်ဖိုဇာတ်လမ်းကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ကျားအစစ်များဖြင့် သွားရောက်ရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားကြီး သုံးကားစာခန့် ငွေကြေးအကုန်အကျခံကာ လူအင်အား ၁၀၀ ကျော်ဖြင့် ရိုက်ကူးပုံဖော်ခဲ့ကြောင်းနှင့် နိုဝင်ဘာ ၂ ရက်မှစ၍ နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



ရုပ်ရှင်အထူးပွဲတွင် တွေ့ရသော သရုပ်ဆောင် ခွန်းဆင့်နေခြည်

# တောက်ချလိုက်မယ် ရုပ်ရှင်ဇာတ်ကားကြီးကို ခင်လှိုင်က ဒါရိုက်တာအဖြစ် ရိုက်ကူးသွားမည်

ဟာသသရုပ်ဆောင် ခင်လှိုင်က ခင်လှိုင်(ဉာဏ်ကြီးရှင်)အမည်ဖြင့် ဇာတ်လမ်းနှင့် ဒါရိုက်တာအဖြစ် တာဝန်ယူ၍ ပထမဆုံးရိုက်ကူးမည့် "တောက်ချလိုက်မယ်" ရုပ်ရှင်ဇာတ်ကားကြီးကို နိုဝင်ဘာလ ပထမပတ်အတွင်း စတင်ရိုက်ကူးမည်ဖြစ်သည်။

"အရင်တုန်းကတော့ ဉာဏ်ကြီးရှင်ဆိုတဲ့နာမည်နဲ့ ဗီဒီယိုတွေ အများကြီးရိုက်ခဲ့ဖူးပါတယ်။ သရုပ်ဆောင် ဒါရိုက်တာ လုပ်ခဲ့ပေမယ့် အဲဒီတုန်းကတော့ သိပ်ပြီး ဟဲဗီးမလုပ်ဖြစ်ပါဘူး။ ခုကတော့ ရုပ်ရှင်ကားကြီးဖြစ်နေလို့ စိတ်ဖိစီးမှုတော့ နည်းနည်းများပါတယ်။ ဇာတ်လမ်းအမျိုးအစားကိုတော့ ကျွန်တော်က ဟာသပုံစံမျိုးကိုမှ တစ်မျိုးခွဲထွက်တဲ့ပုံစံ ရိုက်ကူးတင်ဆက်သွားမှာပါ။ ဇာတ်ကတော့ မြင်နေကျအတိုင်းလို့ထင်ရပေမယ့် လှည့်ကွက်လေးတွေတော့ ထည့်သုံးထားပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်တုဂုဏ်ပြိုင်လုပ်တာဟာ မကောင်းတာကို Message ပေးထားတဲ့ ဇာတ်ကားပါ"ဟု ခင်လှိုင်က ပြောသည်။ အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးတွင် အကယ်ဒမီ ခန့်စည်သူ၊ အကယ်ဒမီ မြင့်မြတ်၊ ပက်ထရစ်ရှာ၊ ရွှေသမီး၊ အရိုင်း၊ ခင်လှိုင်၊ ဒိန်းဒေါင်နှင့် အခြားသရုပ်ဆောင်များ ပါဝင်မည်ဖြစ်သည်။

**ကိုလင်း**





# တစ်ကိုယ်တော်အခွေအသစ်အတွက် ဝိုင်းစုခိုင်သိန်း ပြင်ဆင်နေ

အချစ်သီချင်းအေးအေးလေးများဖြင့် ပရိသတ်အချစ်တော် အဆိုတော်တစ်ယောက်ဖြစ်သည့်အပြင် သရုပ်ဆောင်တစ်ဦးအဖြစ်နှင့်ပါ အနုပညာလောကတွင် အောင်မြင်မှုများရရှိထားသူ ဝိုင်းစုခိုင်သိန်းက တစ်ကိုယ်တော်တေးသီချင်းခွေ ခြောက်ခွေထွက်ရှိခဲ့ပြီး ထပ်မံထွက်ရှိမည့် တစ်ကိုယ်တော်ခွေအတွက်လည်း ပြင်ဆင်နေကြောင်း သိရသည်။

"ဝိုင်းစု နောက်ထွက်မယ့် စီးရီးထဲက သီချင်းတွေအကုန်လုံး ကောင်းတယ်၊ ပထမတုန်းက ထွက်ထားတဲ့နှစ်ခွေနဲ့ သိပ်ကပ်နေတာမို့ မထွက်ဖြစ်သေးတာပါ၊ ဘာလို့လဲဆိုတော့ ပရိသတ်က ပထမခွေတုန်းကသီချင်းတွေကို အခုထိကြိုက်ပြီး အားပေးနေကြတာ တွေ့ရတယ်၊ အဲလို အားပေးတာကြောင့်လည်း နောက်ထပ်အခွေကို ခဏခွာထားတာပါ၊ တကယ်လို့ ထွက်မယ်ဆို နိုဝင်ဘာ သို့မဟုတ် ဒီဇင်ဘာလထဲ ထွက်နိုင်အောင်တော့ ကြိုးစားမှာပါ"ဟု ပြောသည်။

ဝိုင်းစုခိုင်သိန်းက နောက်ပိုင်း ပြောင်းလဲလာသည့် ဂီတပုံစံများအတွက် ပုံဖော်ဖန်တီးမှုပိုင်းနှင့်ပတ်သက်၍ ယခုလို ပြောပြသည်။ "အရင်ကတည်းက ဝိုင်းစုသီချင်းလေးတွေကို ကိုအောင်လက သေချာရွေးပြီး ဆိုသင့်တယ် မဆိုသင့်ဘူး ဆိုတာမျိုးကို သင်ပေးခဲ့တယ်၊ အခုလည်း ဒီလိုပါပဲ၊ သူ့သီချင်းဆိုလည်း ဝိုင်းစုက သေချာနားထောင်တယ်၊ ကောင်းတယ် မကောင်းဘူးဆိုတာမျိုးပေါ့နော်၊ နှစ်ယောက်လုံးက သီချင်းတွေဖန်တီးရင် ပရိသတ်အတွက် အကြိုက်ဖြစ်စေတာမျိုးကိုလည်း အဓိကထားသလို ကိုယ်တိုင်ကြိုက်ပြီဆိုမှ ချပြရတာကို ပိုအားသန်ကြတယ်၊ ကိုယ်တိုင်မကြိုက်ဘဲ တခြားသူကို ဆိုပြတာမျိုးတော့ ဝိုင်းစုမလုပ်ခဲ့ပါဘူး"ဟု ပြောသည် ။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# Time's Up လှုပ်ရှားမှုကြောင့် နာတလီပေါ့မန်းအတွက် သူငယ်ချင်းတွေရရှိခဲ့

ရုပ်ရှင်သရုပ်ဆောင် နာတလီပေါ့မန်းဟာ ငယ်စဉ်ကလေးဘဝကတည်းက သရုပ်ဆောင်လောကထဲမှာ ကျင်လည်ခဲ့တာဖြစ်ပေမယ့် ဟောလိဝုဒ်မှာ သူ့အတွက် အမျိုးသမီး သူငယ်ချင်းဆိုတာ မရှိခဲ့ဘူးလို့ ပြောပါတယ်။ အသက် ၃၇ နှစ်အရွယ်ရှိပြီး ဖြစ်တဲ့ ပေါ့မန်းဟာ ရုပ်ရှင်လောကမှာကျင်လည်လာတာ ၂၅ နှစ်ရှိပါပြီ။ ဒါပေမယ့် သူ့မှာ သူငယ်ချင်းဆိုတာမရှိဘူးလို့ အင်္ဂါနေ့မှာထုတ်ဝေခဲ့တဲ့ Vanity Fair ဆိုတဲ့ မဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ ဒါပေမယ့်လည်း ရုပ်ရှင်လုပ်ငန်းခွင်မှာ အမျိုးသမီးတွေ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံရတာကို ရပ်တန့်ပေးဖို့တောင်းဆိုတဲ့ Time's Up နဲ့ Me Too ဆိုတဲ့ လှုပ်ရှားမှုတွေ ပေါ်လာတဲ့အခါမှာတော့ နာတလီပေါ့မန်းရဲ့ အထီးကျန်ဆန်မှုဟာ အဆုံးသတ်သွားပါတယ်။

ဟောလိဝုဒ်မှာ ထုတ်လုပ်သူ ဟာဗေးဝင်းစတိန်းကစလို့ အမျိုးသမီးတွေအပေါ် လုပ်ငန်းခွင်မှာလိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုတွေ ပေါ်ပေါက်ခဲ့တဲ့အခါမှာတော့ Time's Up လှုပ်ရှားမှု ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီလှုပ်ရှားမှုမှာ ရုပ်ရှင်မင်းသမီး နာတလီပေါ့မန်းကလည်း တက်တက်ကြွကြွပါဝင်ခဲ့ပါတယ်။ Time's Up လှုပ်ရှားမှု မတိုင်မီကတော့ နာတလီပေါ့မန်းဟာ ရုပ်ရှင်လုပ်ငန်းမှာအပေါင်းအသင်းမရှိခဲ့ပေမယ့် အဲဒီလှုပ်ရှားမှုထဲမှာပါဝင်လာခဲ့တဲ့ အခါမှာတော့ နာတလီပေါ့မန်းဟာ အပေါင်းအသင်းတွေ ရှိလာခဲ့တယ်လို့ဆိုပါတယ်။

အပေါင်းအသင်းတွေ ရှိလာသလို တက်တက်ကြွကြွနဲ့အတူ ပူးပေါင်းဆောင်ရွက်ဖြစ်တယ်လို့လည်း နာတလီပေါ့မန်းက ဖြေပါတယ်။ ရုပ်ရှင်လုပ်ငန်းက အခြားသော အမျိုးသမီးတွေနဲ့ ရင်းရင်းနှီးနှီးနဲ့ သတင်းအချက်အလက်ချင်း၊ အတွေ့အကြုံချင်းဖလှယ်တာမျိုးတွေ လုပ်ဖြစ်လာတယ်လို့ နာတလီပေါ့မင်းက ဖြေခဲ့ပါတယ်။

**စီအင်န်အင်န်**



# အဆိုတော် မက်မေလာအတွက် ရည်စူးပြီး ချီးကျူးဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနား ကျင်းပ

မကြာသေးခင်ကမှသေဆုံးသွားတဲ့ အဆိုတော် မက်မေလာအတွက် ရည်စူးပြီး သူ့ရဲ့ မိသားစုတွေနဲ့ သူငယ်ချင်းတွေစုပေါင်းပြီးဗုဒ္ဓဟူးနေ့ညပိုင်းမှာပဲ သူ့ကိုချီးကျူးဂုဏ်ပြုဖျော်ဖြေမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲကို လော့စ်အိန်ဂျလိစ်မြို့မှာရှိတဲ့ ဂရိကဇာတ်ရုံမှာ ကျင်းပခဲ့ပြီး မေလာရဲ့ ဘဝနေထိုင်မှုကို ရိုက်ကူးထားတဲ့ ဗီဒီယိုကို ပြသခဲ့ပါတယ်။ အဲဒီဗီဒီယိုမှာ မက်မေလာ ကလေးဘဝကမွေးနေ့ပွဲကျင်းပတဲ့ပုံရိပ်တွေကအစ တဖြည်းဖြည်း ဂီတလောကမှာ အောင်မြင်လာတဲ့ပုံရိပ်တွေကိုပါ ပြသခဲ့ပါတယ်။

စက်တင်ဘာ ၇ ရက်က သေဆုံးခဲ့တဲ့ မက်မေလာဟာ သူသေဆုံးချိန်မှာအသက် ၂၆ နှစ်သာရှိပါသေးတယ်။ မေလာရဲ့မိခင်ဖြစ်သူကလည်း ဒီပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့ကြတဲ့ အဆိုတော်များ၊သားဖြစ်သူရဲ့မိတ်ဆွေသူငယ်ချင်းများ အားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်တယ်လို့ ပြောခဲ့ပါတယ်။ အဲဒီပွဲမှာ ဂျွန်မေရာ၊ တာဗစ်စကောက်၊ မီဂူရယ်၊အင်ဒရာဆင် အစရှိတဲ့ နာမည်ကျော်အဆိုတော်တွေလည်း ပါဝင်ဖျော်ဖြေပေးခဲ့ပါတယ်။

**စီအင်န်အင်န်**



မြား

# စကားလုံးနှင့် အနက်အဓိပ္ပာယ်(၇)



**မောင်ခင်မင် (ဓနုဖြူ)**

"စကားလုံးတစ်လုံးဟာ အသုံးရွေ့သွားလို့ အနက်ကျယ်လာတာ။ လုပ်ငန်းအရ သီးသန့်သုံးလို့ အနက်ကျယ်လာတာ။ ဥပစာတင်စားသုံးလို့ အနက်ကျယ်လာတာတွေကြောင့် စကားတစ်လုံးမှာ အနက်တစ်ခုထက် ပိုလာပုံတွေ ဘဘပြောတာ သမီးနားလည်ပါတယ်နော်"

"နားလည်ပါတယ်ဘဘ"

"အသွင်တူပြီး အနက်ကွဲတဲ့ စကားလုံးတွေကျတော့လည်း စကားလုံးအသွင်က တစ်ခုတည်း၊ အနက်က တစ်ခုမကရှိနေတာ မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"အဲဒီစကားလုံးနှစ်မျိုးစလုံးကို ဘဘတို့နေ့တိုင်း တွင်တွင်ကျယ်ကျယ် သုံးနေကြလို့ အသုံးများတဲ့စကားလုံးတွေဖြစ်နေပြီလေ"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီတော့ အဲဒီစကားလုံးနှစ်မျိုးစလုံးကို သုံးတဲ့အခါ ဘယ်အဓိပ္ပာယ်နဲ့ သုံးထားတယ်ဆိုတာ ဖတ်တဲ့သူ၊ နားထောင်တဲ့သူ ရှင်းခနဲသိဖို့လိုတယ်ကွဲ့။ အဲဒီလို ရှင်းအောင်လည်း စကားအဆက်အစပ်ကို ပြည့်ပြည့်စုံစုံသုံးရတယ်ဆိုတာ အရင်အပတ်က ပြောခဲ့တယ်"

"ဟုတ်ကဲ့"

"စကားအဆက်အစပ် မရှင်းရင် အဓိပ္ပာယ်နားလည်ပုံ တစ်ယောက်တစ်မျိုးဖြစ်တတ်တဲ့အကြောင်း ဘဘတို့ဆရာ မြန်မာစာပါမောက္ခ ဦးမောင်မောင်ကြီး တစ်ခါက ရေးဖူးတာ သတိရလို့ပါ"

"ပြောပြပါ ဘဘ"

"တစ်နေ့မှာ ဆရာက အိမ်ရှေ့မှာ သတင်းစာထိုင်ဖတ်ရင်း ဆရာကတော်ဈေးက ပြန်လာတာ လှမ်းမြင်လိုက်တယ်။ အိမ်ဝရောက်လို့ ကြည့်လိုက်တော့ ဈေးခြင်းထဲမှာ ကြက်ခြေထောက်နှစ်ချောင်းလှမ်းမြင်တော့ ဆရာက ဆရာကတော် ကြက်သားဝယ်လာတာ သိလိုက်ပြီး 'ဘယ်ဈေးလဲ' လို့ လှမ်းမေးလိုက်သတဲ့"

"ဟုတ်ကဲ့"

"ဒီတော့ ဆရာကတော်က ပြန်ဖြေတယ်။ ဘယ်လိုဖြေတယ်ထင်သလဲ"

"'ပုဇွန်တောင်ဈေး' လို့ ဖြေသတဲ့"

"သြော်…"

"'ဘယ်ဈေးလဲ' ဆိုတဲ့ စကားကို နားလည်ပုံတစ်မျိုးစီဖြစ်သွားတာကို ဆရာက ဆိုလိုတာပါ။ ဆရာမေးတာက ကြက်သား 'ဘယ်ဈေးနဲ့ ဝယ်ခဲ့ရသလဲ' လို့ မေးတာကို ဆရာကတော်က 'ဘယ်ဈေးက ပြန်လာတာလဲ' လို့ မေးတယ်ထင်ပြီး ပုဇွန်တောင်ဈေးလို့ ပြန်ဖြေတာလေ"

"ဟုတ်တယ်နော် ဘဘ။ ဒီနေရာမှာ ဈေးဆိုတာ ဈေးနှုန်းလို့လည်း အဓိပ္ပာယ်ရတယ်။ ဈေးရုံလို့လည်း အဓိပ္ပာယ်ရနေတာကိုး"

"တကယ်လို့သာ ဆရာက 'ဘယ်ဈေးလဲ' လို့ တုံးတိတိမမေးဘဲ 'ကြက်သား ဘယ်ဈေးလဲ' လို့သာ မေးလိုက်ရင် ဆရာကတော်ရဲ့အဖြေကလည်း တစ်ပိဿာကို ဘယ်လောက်ဈေးနဲ့ ဝယ်ရတယ်ဆိုတာမျိုး ဖြစ်မှာပေါ့။ အဲဒီဆောင်းပါးမှာ ဆရာက ဟာသသဘော ခပ်ရွှင်ရွှင်ရေးထားတာပါ"

"ကောင်းပါတယ် ဘဘ။ မှတ်သားထားပါ့မယ်။ သြော် ဒါထက် ဘဘပြောတဲ့ အသွင်တူ အနက်ကွဲတွေထဲမှာ လမ်းသွားတဲ့ 'သွား' နဲ့ ပါးစပ်ထဲက 'သွား' လည်း ပါတယ်နော်"

"အေးလေ"

"လမ်းသွားတဲ့ 'သွား' က ကြိယာ၊ ပါးစပ်ထဲက 'သွား' က နာမ်ဆိုတော့ ဝါစင်္ဂ မတူဘူးပေါ့နော်။ အဲဒါစဉ်းစားမိလို့ပါ"

"သံတူကြောင်းကွဲမှ အသံလည်းတူ ဝါစင်္ဂလည်းတူရင် ပိုရှင်းတာပေါ့။ ဘဘပြောတဲ့ ဆွေမျိုး 'တူ' နဲ့ သံရိုက်တဲ့ 'တူ' လိုဟာမျိုးပေါ့။ နှစ်ခုစလုံးနာမ်တွေချည်းပဲလေ။ အဲ ဆွေမျိုး 'တူ' နဲ့ 'တူညီသည်' ဆိုတဲ့ 'တူ' နဲ့ကျတော့ တစ်ခုက နာမ်၊ တစ်ခုက ကြိယာဖြစ်နေတာပေါ့။ ဘဘပြောခဲ့တာ 'စိတ်တစ်ခုယုတ် ကိုးဆယ်' နဲ့ 'စိတ်တစ်ခု ရုပ်ကိုးဆယ်' ကျတော့ 'ယုတ်' နဲ့ 'ရုပ်' က အသံပဲတူပြီး စာလုံးပေါင်းကွဲတာပေါ့။ အဲဒါတွေအားလုံးကို သံတူကြောင်းကွဲ ဒါမှမဟုတ် အသွင်တူ အနက်ကွဲလို့ ခေါ်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"အသံသက်သက်မကြည့်ဘဲ စာလုံးပေါင်းသတ်ပုံပါကြည့်ရင် အသံတူပြီး စာလုံးပေါင်းသတ်ပုံကွဲတဲ့ စကားလုံးတွေ မြန်မာစကားမှာ အများကြီးတွေ့နိုင်ပါတယ်။ 'ကျောင်း' နဲ့ 'ကြောင်း'၊ 'ခြင်' နဲ့ 'ချဉ်'၊ 'ယုန်' နဲ့ 'ယုံ' ဆိုတာမျိုးတွေလည်း ပါတာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"ဘဘ"

"ပြောလေ"

"အသွင်တူပြီး အနက်ကွဲတဲ့စကားလုံးတွေရှိသလို အနက်တူပြီး အသွင်ကွဲတဲ့ စကားလုံးတွေ ရှိမယ်ထင်တယ်နော်"

"ဟေ… ပြောစမ်းပါဦး၊ ဘယ်လိုပါလိမ့်"

"ဒီလိုပါ ဘဘ။ သမီးတို့ သေတဲ့အကြောင်းကိုပြောရင် 'သေသည်၊ ကွယ်လွန်သည်၊ အနိစ္စရောက်သည်၊ ဘဝပြောင်းသည်' ဆိုပြီးသုံးသလို အနက်အဓိပ္ပာယ်တူတဲ့ စကားလုံးတွေ အများကြီးရှိမယ်ထင်လို့ပါ"

"နေပါဦး။ သမီးက ဘာဖြစ်လို့ ဒီလိုစဉ်းစားမိတာလဲ"

"အသွင်တူပြီး အနက်ကွဲတာရှိရင် အနက်တူပြီး အသွင်ကွဲတာရော မရှိဘူးလားလို့ အပြန်အလှန် စဉ်းစားမိလို့ပါ ဘဘ"

"အေး…အေး… ကောင်းတယ်။ အကြောင်းတစ်ခုကို စဉ်းစားရင် အဲဒီလို ဆက်စပ်စဉ်းစားဖို့ လိုတာပေါ့။ ဟုတ်ပါတယ် သမီးရယ်။ အနက်တူ အသွင်ကွဲတွေလည်း ရှိတာပေါ့။ မြန်မာစာပေတွေမှာ 'ကြောင်းတူသံကွဲ' လို့ ခေါ်ကြတယ်။ စကားပရိယာယ်လို့လည်း ခေါ်ကြတယ်။ အင်္ဂလိပ်လိုတော့ synonym ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ခုနသမီးပြောတဲ့ သေတာကိုဖော်ပြတဲ့စကားလုံးတွေ ဆက်စပ်တာ ကြည့်ပါလား။ ဘာတွေရှိဦးမလဲ"

"ဟုတ်ကဲ့။ 'ဘဝနတ်ထံပျံလွန်တော်မူသည်၊ နတ်ရွာစံသည်၊ ကံတော်ကုန်သည်' ဆိုတဲ့ စကားတွေလည်း ရှိပါတယ်။ သြော်… ဘုရားရှင်ကျတော့ 'ပရိနိဗ္ဗာန်ပြုသည်' လို့ သုံးပါတယ်"

"အေး… အဲဒီစကားလုံးတွေအားလုံး 'သေသည်' လို့ အဓိပ္ပာယ်ရတာမို့ ကြောင်းတူသံကွဲတွေပဲပေါ့။ အဲ… တစ်ခုတော့ရှိတယ်။ ကြောင်းတူသံကွဲဆိုပေမယ့် ထပ်တူထပ်မျှတော့ မတူဘူးလေ"

"ဘယ်လိုပါလဲ ဘဘ"

"'သေသည်' ကတော့ အခြေခံအကျဆုံးစကားလုံးပေါ့။ သက်ရှိဘဝကနေ အသက်မရှိတော့ပဲ ဖြစ်သွားတာလေ။ 'အသက် ထွက်သည်'၊ 'အသက်ဆုံးသည်' လို့လည်း သုံးကြတယ်။ 'အနိစ္စရောက်သည်' တို့၊ 'ဘဝတစ်ပါး ပြောင်းသွားသည်' တို့ကျတော့ နောက်ကွယ်မှာ တရားသဘောပါနေတယ်။ အနိစ္စ အမြဲမရှိတဲ့ သဘော၊ 'ဘဝတစ်ခုကစုတေပြီး နောက်ဘဝတစ်ခုမှာ သန္ဓေတည်တဲ့ သဘောတွေပါတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ… လူမှုအဆင့်အတန်းအရ သတ်မှတ်သုံးတဲ့ အသုံးတွေ ဘုရားဆိုရင် ပရိနိဗ္ဗာန်ပြုသည်၊ ဘုန်းကြီးဆိုရင် ပျံတော်မူသည်၊ ဘုရင်ဆိုရင် နတ်ရွာစံသည် စတဲ့အသုံးမျိုးတွေပေါ့"

"ဟုတ်ကဲ့ပါ"

"သေတာနဲ့ ကွယ်လွန်တာနဲ့ ယှဉ်ကြည့်ရင်လည်း ယဉ်ကျေးသိမ်မွေ့တဲ့ သဘောချင်းကွာတာပေါ့။ 'လူတစ်ယောက်ကားတိုက်ခံရလို့ သေသွားတယ်' ဆိုတဲ့အသုံးနဲ့ 'ယာဉ်မတော်တဆဖြစ်လို့ ကျွန်တော့်ဦးလေးတစ်ယောက် ကွယ်လွန်သွားတယ်' ဆိုတဲ့ အသုံးကို နှိုင်းယှဉ်ကြည့်လေ"

"ဟုတ်ကဲ့ပါ"

"သုံးတဲ့အသုံးကိုကြည့်ပြီး ဘယ်လိုသဘောထား၊ ဘယ်လိုခံစားချက်နဲ့ သုံးတာလဲဆိုတာကို ဖော်ထုတ်ပြတဲ့ သာဓကကလေးတွေ ဘဘပြောပြဦးမယ်။ လူငယ်တစ်ယောက်က သူ့အဖေကွယ်လွန်တဲ့အကြောင်းကို ပြောတယ်ဆိုပါတော့"

"ဟုတ်ကဲ့"

"'ကျွန်တော်၏ ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်အနိစ္စရောက်သွားပါပြီ' လို့လည်း ပြောနိုင်တယ်။ 'ကျွန်တော့်အဖေ ဆုံးသွားပြီ' လို့လည်း ပြောနိုင်တယ်။ 'ကျွန်တော့် အဘိုးကြီး ရှောသွားပြီလို့လည်း ပြောနိုင်တယ်လေ"

"ဟုတ်ကဲ့ပါ"

"ပထမစကားမှာ အဖေကို 'ကျေးဇူးရှင်ဖခင်ကြီး' လို့ သုံးတယ်။ 'ကွယ်လွန်အနိစ္စရောက်သွားပါပြီ' လို့ သုံးတယ်။ ဒီအသုံးတွေကို ကြည့်ရင် ပြောနေတဲ့သူဟာ သူ့အဖေကို ရိုသေလေးစားတဲ့၊ ဝမ်းနည်းကြေကွဲတဲ့ သဘောထားနဲ့ ပြောနေမှန်း ထင်ရှားတာပေါ့"

"ကျွန်တော့်အဖေဆုံးသွားပြီလို့ သုံးရင်တော့ ပုံမှန်ပါပဲ။ အဖေဆုံးတဲ့ အကြောင်းကို ဖြစ်ရပ်တစ်ခုအနေနဲ့ ပုံမှန်ပြောပြတာပဲ။ သဘောထားတို့၊ ခံစားမှုတို့ မပါဘူးလေ"

"ဟုတ်ကဲ့ပါ"

"အဲ… ကျွန်တော့်အဘိုးကြီး ရှောသွားပြီလို့သုံးရင်တော့ အဖေကို မလေးစားတဲ့၊ အဖေဆုံးလို့ ဝမ်းနည်းရကောင်းမှန်း မသိတဲ့ သဘောထားမျိုး ထင်ဟပ်နေတာပေါ့။ အဲဒီသဘောထားတွေကို ကြောင်းတူသံကွဲတွေက ဖော်ပြနေတယ်လေ"

**"သံတူကြောင်းကွဲမှ အသံလည်းတူ ဝါစင်္ဂလည်းတူရင် ပိုရှင်းတာပေါ့။ ဘဘပြောတဲ့ ဆွေမျိုး 'တူ' နဲ့ သံရိုက်တဲ့ 'တူ' လိုဟာမျိုးပေါ့။ နှစ်ခုစလုံးနာမ်တွေ ချည်းပဲလေ။ အဲ ဆွေမျိုး 'တူ' နဲ့ 'တူညီသည်' ဆိုတဲ့ 'တူ' နဲ့ကျတော့ တစ်ခုက နာမ်၊ တစ်ခုက ကြိယာဖြစ်နေတာပေါ့။ ဘဘပြောခဲ့တာ 'စိတ်တစ်ခုယုတ် ကိုးဆယ်' နဲ့ 'စိတ်တစ်ခု ရုပ်ကိုးဆယ်' ကျတော့ 'ယုတ်' နဲ့ 'ရုပ်' က အသံ ပဲတူပြီး စာလုံးပေါင်းကွဲတာပေါ့။ အဲဒါတွေအားလုံးကို သံတူကြောင်းကွဲ ဒါမှမဟုတ် အသွင်တူ အနက်ကွဲလို့ ခေါ်နိုင်ပါတယ်"**

# ဒုတိယမြောက် လူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ်ကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် MPT ပူးပေါင်းပြုလုပ်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၂**

အော်ပရေတာတစ်ခုဖြစ်သော MPT က မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် လက်တွဲ၍ ၂၀၁၉ ခုနှစ် မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လူငယ်နည်းပညာစွန့်ဦးတီထွင်အသင်းများအနေဖြင့် ဆက်သွယ်ရေး သို့မဟုတ် နည်းပညာကို အခြေခံထားသော ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းပုံစံများ တင်သွင်းယှဉ်ပြိုင်ခြင်းဖြင့် ဆုငွေနှင့်အတူ စီးပွားရေးလုပ်ငန်းအကောင်အထည်ဖော်နိုင်ရန် အခွင့်အလမ်းများကို ရရှိမည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် စီးပွားရေးလုပ်ငန်းတစ်ခု၏ အခက်အခဲများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်းများကို အဆိုပြုတင်သွင်းခြင်းနှင့် ၎င်းတို့၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများအတွက် ၎င်းတို့ပစ်မှတ်ထားထိုးဖောက်မည့် ဈေးကွက်နယ်ပယ်ပုံစံကိုလည်း ဖော်ပြရမည်ဖြစ်ကာ ယခု အစီအစဉ်မှတစ်ဆင့် လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်မည့် နည်းလမ်းများကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယှဉ်ပြိုင်ရာတွင် ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နည်းပညာများ၊ လူမှုပတ်ဝန်းကျင်အတွက် အသုံးတည့်သော နည်းပညာနှင့် အသုံးချဖြေရှင်းရေးနည်းလမ်းများ၊ Open Data Solution များ၊ ပညာရေးအတွက် အထောက်အကူပြုနည်းပညာများ၊ ဖျော်ဖြေရေးနှင့် စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာများ စသည်တို့ကို အခြေခံထားသည့် စိတ်ကူးစိတ်သန်း အစီအစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကာ ပြိုင်ပွဲဝင်မည့် လူငယ်အသင်းများအနေဖြင့် အစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် အောက်တိုဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အတွင်း လျှောက်ထားနိုင်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများမှ အထက်မြန်မာပြည် (မန္တလေးအခြေစိုက်) အတွက် ၁၅ သင်းကို မန္တလေးတွင်လည်းကောင်း၊ အောက်မြန်မာပြည် (ရန်ကုန်အခြေစိုက်) အတွက် ၁၅ သင်းကို ရန်ကုန်တွင်လည်းကောင်း ရွေးချယ်သွားမည်ဟု သိရသည်။

၂၀၁၉ ဇန်နဝါရီလတွင် အဆိုပါအသင်းများက ၎င်းတို့၏ လုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာ စိတ်ကူးစိတ်သန်းများကို အကဲဖြတ်အဖွဲ့ဝင်များ၏ရှေ့တွင် ပြသခွင့်ရရှိမည်ဖြစ်ပြီး ထိုအသင်း ၃၀ ထဲမှ ဆန်ခါတင်ရွေးချယ်ခံရမည့် အသင်း ၁၀ သင်းအနေဖြင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အစီအစဉ်စိတ်ကူးများအတွက် အခွင့်အလမ်းများကို မြန်မာနိုင်ငံ၏ ထိပ်တန်းစွန့်ဦးတီထွင်လုပ်ငန်းရှင်ခေါင်းဆောင်များထံမှ လမ်းညွှန်ပြသမှုများ ရရှိမည်ဖြစ်သည်။ ထို့နောက် ဖေဖော်ဝါရီလတွင် ကျင်းပမည့် နောက်ဆုံးအကဲဖြတ်ပွဲ၌ စိတ်ကူးစိတ်သန်းများကို အကဲဖြတ်အဖွဲ့ဝင်များ၊ မီဒီယာများ၏ရှေ့တွင် ချပြယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး အသင်းသုံးသင်းကို ဆုရွေးချယ်မည်ဖြစ်သည်။ ယခုနှစ်တွင် အနိုင်ရရှိမည့် အသင်းသုံးသင်းအနေဖြင့် ဆုကြေးကျပ်သိန်း ၈၀ စီကို စီးပွားရေးလုပ်ငန်း ရင်းနှီးမတည်ငွေအဖြစ် လက်ခံရရှိမည်ဖြစ်ပြီး ယင်းပမာဏမှာ ယခင်နှစ်ကပေးအပ်သည့် ဆုကြေး ကျပ်သိန်း ၅၀ ထက် ပိုမိုတိုးမြှင့်၍ ပေးအပ်ထားခြင်းဖြစ်သည်။

အနိုင်ရရှိသည့် အသင်းများအနေဖြင့် ဆုကြေးငွေအပြင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစင်တာဖြစ်သည့် Kanaung Hub တွင် အခြားသော အောင်မြင်မှု ရရှိနေသည့် လုပ်ငန်းငယ်များနှင့်အတူ အနီးကပ်အလုပ်လုပ်ကိုင်နိုင်မည့် နေရာတစ်ခုကိုလည်း မတ်လမှသြဂုတ်လအထိ ခြောက်လတိတိ အခမဲ့အသုံးပြုခွင့်ကိုရရှိမည်ဖြစ်ပြီး လမ်းညွှန်ပြသပေးနိုင်မည့်သူများ၏ အနီးကပ်ကူညီထောက်ပံ့မှုနှင့် ကြီးကြပ်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးမှုများကိုလည်း ရရှိမည်ဖြစ်သည်။

ယခုပြုလုပ်မည့် လူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ်မှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအစီအစဉ်ကို ယခု ၂၀၁၈ ခုနှစ်အတွင်း ပြုလုပ်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက "ကျွန်တော်တို့အနေနဲ့ အခုလို MPT နဲ့အတူတကွ ထပ်မံလက်တွဲပြီး နိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍနဲ့ နည်းပညာကဏ္ဍပိုင်းတွေမှာ ဦးစားပေးလုပ်ကိုင်နေကြတဲ့ လူငယ်စွန့်ဦးတီထွင်သမားတွေကို စိတ်ဓာတ်တက်ကြွလာစေဖို့ ခွန်အားပေးနိုင်တဲ့ အခုလိုအစီအစဉ်ကောင်းကို လုပ်ဆောင်နိုင်တဲ့အတွက် တကယ်ကို စိတ်ကျေနပ်အားရမိပါတယ်"ဟု ပြောသည်။

MPT-KSGM Joint Operations မှ တာဝန်ရှိသူတစ်ဦးကလည်း "ပြီးခဲ့တဲ့နှစ်မှာ မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါပြီ။ အခု တစ်ဖန်ပြန်ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နဲ့ ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံက စွန့်ဦးတီထွင်လူငယ်လေးတွေအတွက် ဆက်လက်ပံ့ပိုးကူညီသွားဖို့ MPT က စိတ်အားထက်ထက်သန်သန်နဲ့ ဆောင်ရွက်သွားဦးမှာဖြစ်ပါတယ်။ အရည်အချင်းရှိတဲ့ စွန့်ဦးတီထွင်သမားတွေအတွက် သူတို့လိုအပ်တဲ့ ကျွမ်းကျင်မှုအတတ်ပညာတွေ ဖြည့်ဆည်းထောက်ပံ့ပေးတာမျိုး၊ ဒါမှမဟုတ် ဘယ်လိုအောင်မြင်အောင် လုပ်ဆောင်ရမယ်ဆိုတဲ့နည်းလမ်းတွေ လမ်းညွှန်ပြသပေးတာ စသဖြင့် စီးပွားရေးလုပ်ငန်းသစ်တွေ ပိုပြီးမွေးဖွားပေးနိုင်ဖို့အတွက် အမျိုးမျိုးသော လှုပ်ရှားမှုတွေ၊ အစီအစဉ်တွေကို လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ပြိုင်ပွဲဝင် လူငယ်အသင်းများအနေဖြင့် လျှောက်လွှာများကို အွန်လိုင်းမှတစ်ဆင့်သော်လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MPT ရုံးများတွင်လည်းကောင်းရယူနိုင်ပြီး လျှောက်လွှာတင်ခြင်းနှင့် ဆောင်ရွက်ရမည့်အဆင့်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက www.mmtechnopreneurship.com ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# Xiaomi Mi 8 ရဲ့ဈေးနှုန်းထက် ပိုသက်သာတဲ့ မော်ဒယ်သစ် Mi 8 Lite

Mi 8 Lite ဟာ Xiaomi ရဲ့တန်ဖိုးမြင့်ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်တဲ့ Mi 8 ကို အချို့နေရာတွေမှာ စွမ်းဆောင်ရည်အနည်းငယ်ပိုလျော့ပြီး ထုတ်ထားတဲ့ စမတ်ဖုန်းဖြစ်ပါတယ်။ နိုင်ငံတကာမှာ စက်တင်ဘာလအတွင်းက စတင်မိတ်ဆက်ခဲ့ပြီးတော့ ပြည်တွင်းဈေးကွက်ထဲကိုတော့ အောက်တိုဘာ လလယ်ခန့်က ဝင်ရောက်နေတာဖြစ်ပါတယ်။



Mi 8 Lite ဟာ မျက်နှာပြင်အကျယ် ၆ ဒသမ ၂၆ လက်မရှိလို့ အရွယ်အစားကြီးမားပေမယ့် မျက်နှာပြင်နဲ့ ကိုယ်ထည်အချိုးမှာ မျက်နှာပြင်က ၈၂ ရာခိုင်နှုန်းလောက်ရှိတာကြောင့် ကိုယ်ထည်က သိပ်ကြီးနေတယ်လို့ မထင်ရဘဲ ကိုင်တွယ်အသုံးပြုရတာ အဆင်ပြေတဲ့ အရွယ်အစားဖြစ်ပါတယ်။ မျက်နှာပြင်ဟာ Notch ဒီဇိုင်းဖြစ်ပြီး ဖုန်းရဲ့ဘေးပေါင်တွေက မရှိသလောက်ကျဉ်းမြောင်းသလို မျက်နှာပြင်ရဲ့ အထက်အောက်ပေါင်နေရာကလည်း အနည်းငယ်သာရှိလို့ စခရင်အပြည့်နီးပါးဖြစ်ပါတယ်။ Resolution က 1080x2280 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးပိုင်းမှာ အထူးကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းက 8.1 (Oreo) ဖြစ်ပြီး Octa-core(4x2.2 GHz) CPU ကို အသုံးပြုထားပါတယ်။ အင်တာနယ်မင်မိုရီနဲ့ RAM အပိုင်းမှာ နိုင်ငံတကာဈေးကွက်မှာတော့ RAM 4GB, အင်တာနယ်မင်မိုရီ 64GB လို့ တစ်မျိုး၊ RAM 6GB, အင်တာနယ်မင်မိုရီ 64GB လို့ တစ်မျိုး၊ RAM 6GB, အင်တာနယ်မင်မိုရီ 128GB လို့ တစ်မျိုးနဲ့ သုံးမျိုးအထိ ခွဲထွက်ထားပေမယ့် လက်ရှိအချိန် ပြည်တွင်းဈေးကွက်မှာတော့ RAM 6GB, အင်တာနယ်မင်မိုရီ 128GB တစ်မျိုးတည်းကိုသာ တွေ့ရပါသေးတယ်။ အင်တာနယ်မင်မိုရီ ပမာဏများပေမယ့် သီးသန့်မင်မိုရီကတ် ထပ်စိုက်သုံးဖို့ အပေါက်မပါတာကတော့ အားနည်းချက်တစ်ခုဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၂ မဂ္ဂါပစ်ဇယ်နဲ့ ၅ မဂ္ဂါပစ်ဇယ်ရှိတဲ့ Dual ကင်မရာဖြစ်ပြီး Depth sensor ကြောင့် အလင်းရောင်အားနည်းတဲ့အချိန်တွေမှာပါ အရည်အသွေးမြင့်တဲ့ပုံတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ Video ကိုလည်း 2160p HD အရည်အသွေးအထိ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ရှေ့ဘက် ဆယ်လ်ဖီကင်မရာကတော့ ၂၄ မဂ္ဂါပစ်ဇယ်ရှိပါတယ်။

မိုဘိုင်းနက်ဝပ်အနေနဲ့ GSM နက်ဝပ်မှာ အသုံးပြုနိုင်ပြီး ဆင်းကတ်နှစ်ကတ် သုံးနိုင်ပါတယ်။ အင်တာနက်သုံးဖို့အတွက်လည်း 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။ Fingerprint sensor ကတော့ Mi ဖုန်းအများစုရဲ့ ထုံးစံအတိုင်း ကျောဘက်မှာ ပါဝင်ပါတယ်။

ဘက်ထရီပိုင်းမှာ 3350 mAh ရှိတဲ့ Li-Po ဘက်ထရီကို အသုံးပြုထားလို့ စွမ်းရည်မြင့်ပြီး အလျင်အမြန် အားသွင်းနိုင်တဲ့ Quick Charge 3.0 လုပ်ဆောင်ချက်လည်း ပါဝင်ပါတယ်။ ကိုယ်ထည်အရောင်ကတော့ နိုင်ငံတကာဈေးကွက်မှာ ရွှေရောင်၊ အပြာရောင်နဲ့ အနက်ရောင် သုံးမျိုးရနိုင်ပြီး ပြည်တွင်းမှာတော့ အနက်နဲ့ အပြာကိုသာရနိုင်တာ တွေ့ရပါတယ်။ ဈေးနှုန်းက ကျပ် ၃၂၀၀၀၀ ခန့်ရှိပါတယ်။

**သူရဖြိုး**

# Mytel သုံးစွဲသူများအတွက် Shake Again အစီအစဉ်ကို ထပ်မံမိတ်ဆက်ထား

ပြည်တွင်းမှ Mytel သုံးစွဲသူများ အကြိုက်တွေ့ပြီး အောင်မြင်ခဲ့သည့် ပရိုမိုးရှင်းအစီအစဉ်တစ်ခုဖြစ်သော Shake-Shake ပရိုမိုးရှင်းအစီအစဉ်ထက် ပိုမိုစိတ်လှုပ်ရှားစေမည့် Shake Again အစီအစဉ်သစ်ကို Mytel က အောက်တိုဘာ ၂၂ ရက်က စတင်မိတ်ဆက်ခဲ့သည်။

Shake Again အစီအစဉ်တွင် ၁၀၀၀ ဂရမ် ရွှေတုံးဆု အပါအဝင် အခြားဆုကြီးများအဖြစ် ၇၃.၈ ဂရမ် ရွှေတုံးဆု ငါးဆု၊ ၄၉.၂ ဂရမ် ရွှေတုံးဆု ၁၅ ဆု၊ HP Pavilion X360 Laptop ရှစ်လုံး၊ iPhone XS လေးလုံး စသည့်ဆုများပါဝင်ပြီး နေ့စဉ်လက်ဆောင်အစီအစဉ်များအဖြစ် Mytel 4G စမတ်ဖုန်းများ၊ Mytel ဖုန်းနံပါတ်အလှများ၊ ဆင်းကတ်ငွေဖြည့်သွင်းမှုအပို လက်ဆောင်များ၊ ဒေတာအပိုလက်ဆောင်များ၊ on-net ဖုန်းခေါ်ဆိုမှုမိနစ်များ ပါဝင်မည်ဖြစ်သည်။

ပရိုမိုးရှင်းအစီအစဉ်တွင် ပါဝင်ရန်အတွက် Mytel သုံးစွဲသူများအနေဖြင့် Mytel Application တွင် စာရင်းသွင်းကာ အကောင့်ဝင်ထားရမည်ဖြစ်ပြီး ဖုန်းကို လှုပ်ခါ၍ ကံစမ်းရမည်ဖြစ်ကာ တစ်နေ့လျှင် ၁၀ ကြိမ်အထိ ကံစမ်းနိုင်မည် ဖြစ်သည်။ တန်ဖိုးအမြင့်ဆုံး အထူးဆုကံထူးသူအဖြစ် ပရိုမိုးရှင်းစတင်သည်မှ အဆုံးသတ်ချိန် ဒီဇင်ဘာ ၂၁ ရက်အထိ အမှတ်အများဆုံး ရရှိသူအား ရွေးချယ်မည်ဖြစ်သည်။

**သွန်းဝသန်**

## အူရီဒူးသုံးစွဲသူများအတွက် VIP အစီအစဉ်ကို စတင်မိတ်ဆက်

အူရီဒူးဆင်းကတ်များကို အစဉ်တစိုက်သုံးစွဲလာသူများအတွက် အစီအစဉ်သစ်တစ်ခုဖြစ်သည့် Ooredoo VIP အစီအစဉ်ကို အူရီဒူးမြန်မာက အောက်တိုဘာ ၃၁ ရက်တွင် စတင်မိတ်ဆက်ခဲ့သည်။

အူရီဒူး၏ VIP အစီအစဉ်ကို My Ooredoo App အသုံးပြုခြင်းဖြင့် ပါဝင်နိုင်မည်ဖြစ်ပြီး အက်ပလီကေးရှင်းမှတစ်ဆင့် Ooredoo VIP အစီအစဉ်အတွက် စာရင်းပေးသွင်းခြင်းဖြင့် ဖုန်းဘေလ်ဖြည့်တိုင်းတွင် ရမှတ်များရရှိမည်ဖြစ်ကာ ထိုရမှတ်များဖြင့် စားသောက်ဆိုင်များ၊ ဟိုတယ်များနှင့် Gym များစသည့် နေရာပေါင်း ၁၀၀ ကျော်တွင် လျှော့ဈေးအစီအစဉ်များ ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် Spin the Wheel နှင့် ကံစမ်းခြင်းဖြင့် 50GB အထိ အသုံးပြုနိုင်သော ဒေတာများကိုလည်း လက်ဆောင်ရရှိနိုင်မည်ဖြစ်သလို နိုဝင်ဘာလနှင့် ဒီဇင်ဘာလထဲတွင် စာရင်းသွင်းသည့် သုံးစွဲသူတိုင်းအနေဖြင့် အထူးဆုကြီးဖြစ်သည့် iPhoneX တစ်လုံးနှင့် ရွှေ ၁ ကီလိုဂရမ်ကို ကံထူးနိုင်မည့် အခွင့်အရေးတွင်လည်း ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ အက်ပလီကေးရှင်းကို စတင်စာရင်းသွင်းခြင်းအတွက်လည်း welcome points ရမှတ်များနှင့်အတူ အထူးဆုကြီးဖြစ်သည့် ရွှေ ၁ ကီလိုဂရမ်အတွက် ကံစမ်းမဲလက်မှတ်တစ်စောင်ကိုလည်း ရရှိမည်ဟု သိရသည်။

**သူရဖြိုး**

## ဂျပန်၌ အထူးနှုန်းဖြင့် အင်တာနက်သုံးနိုင်မည့် အစီအစဉ်သစ် တယ်လီနောမိတ်ဆက်

ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ကြမည့်သူများ သို့မဟုတ် ခရီးတိုထွက်မည့်သူများအတွက် အထူးနှုန်းထားဖြင့် အင်တာနက်အသုံးပြုနိုင်မည့် ပရိုမိုးရှင်းကို တယ်လီနောက အောက်တိုဘာ ၂၉ ရက်က စတင်လိုက်ကာ အဆိုပါ JapanPass ပရိုမိုးရှင်းအရ တယ်လီနော၏ prepaid အသုံးပြုသူနှင့် တယ်လီနောစတား post-paid အသုံးပြုသူများအားလုံးသည် ဂျပန်သို့ ရောက်ရှိနေသည့်အချိန်တွင် အင်တာနက်ဒေတာကို 1 MB လျှင် ၂၅ ကျပ်နှုန်းဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

တယ်လီနောအသုံးပြုသူများအနေဖြင့် ယခု အထူးပရိုမိုးရှင်းအစီအစဉ်တွင် ပါဝင်ရန်အတွက် ခုနစ်ရက်စာ စာရင်းပေးသွင်းခ ၁၅၀၀ ကျပ် ကျသင့်မည်ဖြစ်ပြီး ယခုပရိုမိုးရှင်းအစီအစဉ်သည် ဂျပန်နိုင်ငံရှိ ပြည်တွင်းအော်ပရေတာများအတွက် အကျုံးဝင်မည်မဟုတ်သဖြင့် အသုံးပြုသူများအနေဖြင့် အခြားသော အော်ပရေတာများ၏ ခရီးသွားဧည့်သည်ဆင်းကတ်များကို မှတ်ပုံတင်စရာ၊ ပြောင်းလဲသုံးစွဲစရာ လိုအပ်မည်မဟုတ်ဘဲ မိမိတို့၏ တယ်လီနောဆင်းကတ်ဖြင့်ပင် အင်တာနက်ကို တိုက်ရိုက်သုံးနိုင်မည်ဟု သိရသည်။ ဂျပန်နိုင်ငံတွင် ပြည်ပမှဆင်းကတ်များဖြင့် ပုံမှန် အင်တာနက်အသုံးပြုပါက နှုန်းထားသည် 1MB လျှင် ၂၅၀၀ ကျပ်ခန့် ကျသင့်သည့်အတွက် ယခု ပရိုမိုးရှင်းအစီအစဉ်အရ အသုံးပြုသူများသည် ၉၉ ရာခိုင်နှုန်းအထိ ပိုမိုသက်သာသော ဈေးနှုန်းဖြင့် အသုံးပြုနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**သူရဖြိုး**

*စာမျက်နှာ ၁၆ မှ*

သုံးသပ်မိကြောင်း၊ ဂျပန်နိုင်ငံမှ လုပ်သားလိုအပ်ချက်အပေါ် မြန်မာနိုင်ငံမှ သင်တန်းသားအလုပ်သမားများ စေလွှတ်ခြင်းဖြင့် နှစ်နိုင်ငံလိုအပ်ချက်များ အပြန်အလှန်ပံ့ပိုးကူညီပေးရန် OTIT သည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေ၍ ပူးပေါင်းဆောင်ရွက်ပေးရန် ပြောကြားနိုင်ခဲ့သည်။ ထို့ကြောင့် နည်းပညာသင်တန်းသားများအတွက် ပိုမိုကောင်းမွန်သည့် တံခါးများ ပွင့်လာပေဦးမည်။

ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသည့် မြန်မာအလုပ်သင် သင်တန်းသားများသည် သင့်တင့်ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေတွင် လုပ်ကိုင်နေရခြင်း၊ ထိုက်တန်သည့် လုပ်ခလစာရရှိခြင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုရရှိခြင်း၊ ဂျပန်အလုပ်ရှင်အများစုသည် မြန်မာအလုပ်သင် သင်တန်းသားများ၏ ကြိုးစားမှုကို သဘောကျနှစ်သက်၍ ပိုမိုခေါ်ယူလိုခြင်းနှင့် နည်းပညာ လက်ဆင့်ကမ်းရယူပြီး မိခင်နိုင်ငံသို့ပြန်လည်ရောက်ရှိချိန်တွင် အသုံးပြုနိုင်ခြင်းတို့ကို တွေ့ရကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောကြားသည်။

ထို့ပြင် နည်းပညာ အလုပ်သင် သင်တန်းသားလေ့ကျင့်ရေးအစီအစဉ်နှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပမည့် အိုလံပစ်ပွဲတော်အတွက် အလုပ်သင် သင်တန်းသားများ အများအပြား လိုအပ်လျက်ရှိရာ ဂျပန်နိုင်ငံ၏ လိုအပ်သည့် လုပ်ငန်းကဏ္ဍအလိုက် သင်တန်းသား အလုပ်သမားများကို ဥပဒေသတ်မှတ်ချက်များနှင့်အညီ စေလွှတ်နိုင်ခြင်းဖြင့် ဂျပန်နှင့် မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုခိုင်မြဲစေမည် ဖြစ်သည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် NPO-AET တို့ ပူးပေါင်း၍ နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းအစီအစဉ် အထောက်အပံ့ဖြစ်စေရေးအတွက် မန္တလေးတွင် တည်ထောင်ဖွင့်လှစ်မည့် အထွေထွေကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းမှလည်း အဆင့်မီလုပ်သားများ မွေးထုတ်ပေးနိုင်သည်နှင့်အမျှ မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်၍ မြန်မာ နည်းပညာ အလုပ်သင်သင်တန်းသားများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းပြီး လုံခြုံစိတ်ချစွာ နေထိုင်လုပ်ကိုင်နိုင်သည့် ရွှေ့ပြောင်းလုပ်ကိုင်မှုမှတစ်ဆင့် မိသားစုစီးပွားရေး တိုးတက်စေမည်ဖြစ်သလို မိမိတို့ လုပ်ကိုင်ခဲ့သည့် လုပ်ငန်းခွင်မှ ကျွမ်းကျင်မှုများကို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် အကျိုးရှိစွာ အသုံးချနိုင်ခြင်းဖြင့် လူမှုဘဝ သာယာလှပစေနိုင်မည်ဖြစ်ပေသည်။ ။

# အခက်အခဲတွေကြားက မီးလင်းခဲ့သည့် ဘူးသီးတောင်မြို့



ဦးမင်းနိုင်



ဦးမျိုးဝင်း



ဦးနိုင်ဇာစောထွေး



ဦးဝဏ္ဏ




ဦးဟိန်းမိုးထက်



ဒေါ်တင်တင်ချို

**နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့တွင် အောက်တိုဘာ ၃၀ ရက် ညပိုင်းမှစတင်၍ လျှပ်စစ်ဓာတ်အားရရှိခဲ့ပြီဖြစ်သည်။**

**အဆိုပါ လျှပ်စစ်ဓာတ်အားကို ပုဏ္ဏားကျွန်း- ရသေ့တောင် ဓာတ်အားခွဲရုံမှ ဘူးသီးတောင်ဓာတ်အားခွဲရုံသို့ သွယ်တန်းခဲ့ခြင်းဖြစ်ပြီး ဘူးသီးတောင်မြို့ လျှပ်စစ်ဓာတ်အား စတင်ရရှိခဲ့ခြင်းအပေါ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၏ ဝမ်းသာပီတိစကားသံများကို ယခုလို ကြားသိရပါသည် -**

**ဦးမင်းနိုင် (ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးစီမံကိန်း)**

ရခိုင်ပြည်နယ်က အခြားဒေသတွေနဲ့ မတူဘဲ မြစ်ချောင်းနဲ့ တောင်တန်းတွေပေါများတဲ့ဒေသဖြစ်ပြီး ရေလမ်းခရီးကို အဓိကအားထားနေရတဲ့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ နှောင့်နှေးကြန့်ကြာမှုတွေ ရှိခဲ့ပါတယ်။

အလုပ်သမားရှားပါးမှုနဲ့ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေကြားက ကျွန်တော်တို့ ဝန်ထမ်းတွေ ကြိုးစားဆောင်ရွက်ခဲ့ရပါတယ်။ ဘူးသီးတောင်ဓာတ်အားခွဲရုံကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ စတင်တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ရေးအတွက် လိုအပ်တဲ့ပစ္စည်းတွေကို ရေလမ်းကနေ သယ်ယူခဲ့ရပါတယ်။ ဒီလိုအခက်အခဲတွေထဲက ဘူးသီးတောင်ကို လျှပ်စစ်မီးရရှိဖို့အတွက် ဝန်ထမ်းအင်အား ၂၀၀ ကျော်နဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့လို့ ယခုလို အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။

**ဦးမျိုးဝင်း (ပြည်နယ်လျှပ်စစ် ဒုတိယအင်ဂျင်နီယာချုပ်)**

ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားရရှိတာ ၂၀၁၄ ခုနှစ်က ဖြစ်ပါတယ်။ ရသေ့တောင် -ဘူးသီးတောင် - မောင်တောမြို့တွေကို နိုင်ငံတော်ဓာတ်အားစနစ်ကနေ မီးလင်းရေးအတွက် နိုင်ငံတော်က ငွေကျပ် ၃၀ ဒသမ ၃၃၅ ဘီလီယံနဲ့ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားမရသေးတာက မာန်အောင်နဲ့ မောင်တောဖြစ်ပါတယ်။ အဲဒီမြို့တွေကို မကြာမီ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်း - ရသေ့တောင် ဓာတ်အားခွဲရုံကနေ ဘူးသီးတောင်ဓာတ်အားခွဲရုံကို မဟာဓာတ်အားလိုင်းစနစ်က ၅၀၀ ကေဗွီအေ၊ ၄၀၀ ကေဗွီအေ ဓာတ်အားစနစ်နဲ့ သွယ်တန်းပြီး ဘူးသီးတောင်မြို့ပေါ် ရပ်ကွက် ခုနစ်ရပ်ကွက်ကို ဓာတ်အားပို့လွှတ်ပေးတာ ဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၁၃ ရွာကိုလည်း ဓာတ်အားဆက်လက် ဖြန့်ဖြူးပေးမှာဖြစ်ပါတယ်။

ဘူးသီးတောင်မြို့နယ်နဲ့ ပတ်ဝန်းကျင်ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိဖို့အတွက် ၂၀၁၇-၂၀၁၈ ခုနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနဲ့ ထရန်စဖော်မာလေးလုံး၊ ၂၀၁၇ - ၂၀၁၈ ခုနှစ် ပြည်ထောင်စုအစိုးရ ရန်ပုံငွေနဲ့ ကျေးရွာကိုးရွာမီးလင်းရေးအတွက် ထရန်စဖော်မာကိုးလုံးကို ကြိုတင်တည်ဆောက်ခဲ့ပါတယ်။ မကြာမီ ပတ်ဝန်းကျင်ကျေးရွာ ၁၃ ရွာက အိမ်ထောင်စု ၂၆၂၈ စုကို ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားမှာဖြစ်တဲ့အတွက် ဒေသခံပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

**ဦးနိုင်ဇာစောထွေး (မန်နေဂျာ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေး စီမံကိန်း)**

အခု လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ဖို့တာဝါတိုင် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာမှာ လမ်းမပေါက်တဲ့နေရာက ၈၀ ရာခိုင်နှုန်းရှိပါတယ်။ ဒါကြောင့် လမ်းမိုင်အတိုင်းမဟုတ်ဘဲ ရှိရင်းမိုင်ကိုချုံ့ပြီး မိုင်တိုတိုနဲ့ ထိရောက်မှုရှိအောင် တောင်တန်းတွေပေါ်က ဖြတ်သန်းတည်ဆောက်ခဲ့ပါတယ်။ ဒါ့အပြင် ဒီရေတောတွေနဲ့ မြစ်ချောင်းတွေကို ကျော်ဖြတ်ပြီး သွယ်တန်းရတဲ့အတွက် ကျွမ်းကျင်မှုနဲ့ လုပ်ရည်ကိုင်ရည်ရှိတဲ့ ဝန်ထမ်းတွေကို ဦးစားပေးခန့်ထားရပါတယ်။ အခက်အခဲတွေကြားကနေ ဆောင်ရွက်ခဲ့ရပေမယ့် ဘူးသီးတောင်မြို့ မီးလင်းတာမြင်ရတော့ ဝမ်းသာရပါတယ်။

**ဦးဝဏ္ဏ (တာဝန်ခံအင်ဂျင်နီယာ၊ ဓာတ်အားခွဲရုံ တည်ဆောက်ရေး)**

အခုလို ဓာတ်အားခွဲရုံတည်ဆောက်ပြီး ဘူးသီးတောင်မြို့ပေါ် ရပ်ကွက်တွေကို ဓာတ်အားအပြည့်အဝပေးနိုင်ဖို့အတွက် ခွဲရုံမှာသုံးတဲ့ ပစ္စည်းတွေကို ဥရောပထုတ် စက်ပစ္စည်းတွေ အသုံးပြုထားတဲ့အတွက် လုံခြုံစိတ်ချမှုက အပြည့်အဝရှိပါတယ်။ ဒီလိုဒေသမှာ လျှပ်စစ်မီး ၂၄ နာရီ အပြည့်အဝပေးနိုင်တာကြောင့် အတိုင်းမသိဝမ်းသာပါတယ်။ ဘူးသီးတောင်မြို့ပေါ် ရပ်ကွက်တွေအပြင် ကျေးရွာတွေအထိ လျှပ်စစ်မီးကို အခုခွဲရုံက အပြည့်အဝပေးနိုင်ပါတယ်။ အခုလို နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိနေတာတွေ့ရတဲ့အတွက် ကျွန်တော်တို့ကြုံခဲ့ရတဲ့ အခက်အခဲတွေ၊ ပင်ပန်းမှုတွေပြေပျောက်ပြီး ဝမ်းသာပီတိ ဖြစ်ရပါတယ်။

**ဦးဟိန်းမိုးထက် (ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး)**

ဘူးသီးတောင် ဓာတ်အားခွဲရုံနဲ့ တာဝါတိုင်တွေ အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့တဲ့အတွက် အောက်တိုဘာ ၃၀ ရက် ညပိုင်းကစပြီး ဘူးသီးတောင်မြို့ပေါ်ရပ်ကွက်တွေကို ဓာတ်အားစတင်ပို့လွှတ်ပေးခဲ့ပါတယ်။ လက်ရှိအိမ်ထောင်စု ၁၃၀၀ ကျော်က ဓာတ်အားရရှိနေပြီး ကျန်ရှိတဲ့ အိမ်ထောင်စုတွေ ဓာတ်အားရရှိဖို့အတွက် မီတာဘောက်တွေကို ဆက်လက်တပ်ဆင်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၈ ဒီဇင်ဘာလအကုန်မှာ မောင်တောမြို့ကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်ကနေ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဘူးသီးတောင်မှာ လျှပ်စစ်မီးရရှိနေပြီဖြစ်တာကြောင့် ဝန်ထမ်းတွေအနေနဲ့ လျှပ်စစ်အသုံးပြုသူ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးခြင်းနဲ့ လက်ကမ်းစာစောင် ဖြန့်ဝေတာတွေကို ဆောင်ရွက်နေပါတယ်။

**ဦးခင်မောင်ဆွေ (ဒေသခံ၊ အမှတ် ၆ ရပ်ကွက်)**

လျှပ်စစ်မီးရလို့ တစ်မြို့လုံး ဝမ်းသာပျော်ရွှင်နေပါတယ်။ အရင်က မီးစက်နဲ့ မီးပေးတာကြောင့် ညပိုင်းသာရရှိခဲ့ပြီး ယခုမဟာဓာတ်အားလိုင်းက ပို့လွှတ်ပေးတာကြောင့် ၂၄ နာရီ လျှပ်စစ်မီး ရရှိနေပါတယ်။ အခုလိုအချိန်ပြည့် မီးရနေတာကြောင့် နောက်ပိုင်းမှာ အသေးစား စက်မှုလက်မှုလုပ်ငန်းတွေပေါ်များပြီး ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိမယ်လို့ ထင်ပါတယ်။ ဒါ့အပြင် ဒေသခံတွေအနေနဲ့ မီးသွေးနဲ့ ထင်းသုံးစွဲမှု လျော့နည်းလာမှာဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းလာနိုင်မယ်လို့ ထင်ပါတယ်။

**ဒေါ်တင်တင်ချို(မိတ္တူနှင့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်)**

ကျွန်မက မိတ္တူလုပ်ငန်းနဲ့ လျှပ်စစ်ပစ္စည်းတွေရောင်းတဲ့လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ အရင်က လျှပ်စစ်မီးမရတဲ့အတွက် မီးစက်နဲ့ အလုပ်လုပ်ရပါတယ်။ အခုလို ၂၄ နာရီ လျှပ်စစ်မီးရရှိလာတဲ့အတွက် အလုပ်လုပ်ရတာ ပိုပြီးအဆင်ပြေတဲ့အပြင် ကုန်ကျစရိတ်လည်း သက်သာလာပါတယ်။ ချက်ရေးပြုတ်ရေးမှာလည်း လျှပ်စစ်မီးနဲ့ အသုံးပြုရတဲ့အတွက် အချိန်ကုန်သက်သာပြီး ပိုအဆင်ပြေလာပါတယ်။ အခုလို လျှပ်စစ်မီးရရှိအောင် လုပ်ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ကျော်သူဝင်း၊ အောင်ကျော်ဦး၊ ဓာတ်ပုံ - မောင်ကျော်ကြီး**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မြဝတီမြို့နယ်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၃**

မနီလာဝင်း နှင့် ကိုအောင်စိုးဝင်း(ခ)သားငယ်
**တရားလို** **တရားပြိုင်**

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ ပန်းဘဲတန်းရပ်ကွက်၊ "ကျွမ်းကျင်သူ" ဓာတ်ခွဲခန်းရှေ့နေ ကိုအောင်စိုးဝင်း(ခ)သားငယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မနီလာဝင်းက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၁၃ ရက်(၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောလင်းထက်ဦး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မြဝတီမြို့နယ်တရားရုံး**

## မင်္ဂလာနှစ်ပတ်လည်(၁၁)နှစ်ပြည့်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၃ ရက် (၁၃၈၀ပြည့်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ စနေနေ့) မင်္ဂလာနှစ်ပတ်လည် (၁၁)နှစ်ပြည့် အခါသမယ၌ ချစ်ဇနီး ဒေါ်ခင်ခင်စိုး၊ သား မောင်စွမ်းကျော်အောင်၊ သမီး မပြည့်ချစ်မေတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ထာဝရပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မောင်ရေစက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
**တင်ဒါအမှတ်စဉ်(၃/၂၀၁၈-၂၀၁၉)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ လမ်းအထူးအဖွဲ့ (၁၂)၊ မတူပီမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ကတ္တရာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

မှတ်ချက်။ ပထမအကြိမ် တင်ဒါကျင်းပသည့်အချိန်တွင် အနည်းဆုံးတင်သွင်းသောဈေးသည် သတ်မှတ်ကြမ်းခင်းဈေးထက် သိသာထင်ရှားစွာ မြင့်မားနေပါသဖြင့် ဒုတိယအကြိမ် ကတ္တရာတင်ဒါထပ်မံခေါ်ယူခြင်းဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံ၊တင်ဒါစည်းကမ်းချက်များနှင့် အတူ စတင်ရောင်းချမည့်ရက်** | - ၂-၁၁-၂၀၁၈ ရက် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - ၂၈-၁၁-၂၀၁၈ ရက်၊ ညနေ ၄ နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - ၂၉-၁၁-၂၀၁၈ရက်၊ နံနက် ၉:၄၅ နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၂)၊ ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မတူပီ၊ ဖုန်း- ၀၉-၇၇၄၈၅၄၁၄၇၊ ၀၉-၇၇၉၈၃၅၇၇၃ တို့သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## အမည်မှန်

ပခုက္ကူမြို့နယ်၊ လမ်းရွာ ကျေးရွာနေ ဦးချစ်ဦး(ခ) ဦးချစ်ဦးမောင်၏ အမည်မှန်မှာ ဦးချစ်ဦးမောင် ၈/ပခက(နိုင်)၀၇၈၃၇၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ကျောက်တန်းမြို့နယ်၊ ကျုံချိုက်မူလွန် စတုတ္ထတန်းမှ မောင်အီတိုး(၁၉၃)၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၂-၂၀၀၇ ဖြစ်ပါကြောင်း။

## အမည်နှင့်ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ ကျုံချိုက်မူလွန် စတုတ္ထတန်းမှ မသဉ္ဇာကျော်(၁၈၂)၏ အမည်နှင့်ဖခင်အမည်မှန်မှာ မတင်ဇာကျော်(ဘ)ဦးကျော်ကျော်ဝင်း ဖြစ်ပါကြောင်း။

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ**
**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လှည်းကူးမြို့နယ် ဦးစီးမှူးရုံးနှင့် ခြံစည်းရိုး ကာရံဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) လှည်းကူးမြို့နယ် ဦးစီးမှူးရုံးတည်ဆောက်ခြင်း RC နှစ်ထပ် (၇၀'x၄၀')

(ခ) လှည်းကူးမြို့နယ်ဦးစီးမှူးရုံး (၈၀'x၆၀') RCခြံစည်းရိုးကာရံခြင်း၊

| | |
|---|---|
| **တင်ဒါပိတ်မည့်ရက်** | - ၂၀၁၈ ခု ဒီဇင်ဘာ ၁ ရက်၊ ညနေ ၄:၃၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - ၂၀၁၈ ခု ဒီဇင်ဘာ ၃ ရက်၊ နံနက် ၁၀ နာရီ |
| **လျှောက်လွှာဝယ်ယူခြင်းနှင့် တင်ဒါတင်သွင်းရမည့်နေရာ** | - ရန်ကုန်တိုင်းဒေသကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်း၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |

၂။ တင်ဒါပုံစံများအား ရန်ကုန်တိုင်းဒေသကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာ/ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၃၁၇၅၆၃၊ ၀၁-၈၂၂၂၅၉၃၊ ၀၁-၈၃၁၇၅၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ**
**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကယားပြည်နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ အဆောက်အအုံ ဆောက်လုပ်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**အဆောက်အအုံ** ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံး တည်ဆောက်ခြင်း ပေ(၇၀x၄၅) = (၃၁၅၀ စတုရန်းပေ) (နှစ်ထပ်) Streel Structure (၁)လုံး

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် အထက်ဖော်ပြပါ ဆောင်ရွက်လိုသည့် လုပ်ငန်းများအလိုက် အတိုင်းအတာများ၊ ဒီဇိုင်းပုံစံများကို လက်ရှိမြေပြင်အခြေအနေအတိုင်းအတာအရ အသေးစိတ်တွက်ချက်ရေးဆွဲ၍ ပူးတွဲတင်ပြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ပုံစံများကို ၅-၁၁-၂၀၁၈ ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၅-၁၂-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ နောက်ဆုံးထား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ အမှတ်(၁၆၆/စစ်တပ်တောင်ကွင်း) နမ့်ဘဝမ်ရပ်ကွက် (ဇက ၅၀၀) လွိုင်ကော်မြို့သို့ တင်ဒါသွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၂၂၄၁၀၆၊ ၀၈၃-၂၂၂၄၁၄၅၊ ၀၈၃-၂၂၂၄၁၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁-၁၁-၂၀၁၈ရက် မြန်မာ့အလင်းနှင့် ၂-၁၁-၂၀၁၈ရက် ကြေးမုံသတင်းစာများတွင် အိတ်ဖွင့်တင်ဒါစည်းကမ်းချက်နှင့် ပုံစံရောင်းချမည့်ရက်အား ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အမည်၊မွေးသက္ကရာဇ်နှင့် မိဘအမည်မှန်

ကျောက်တန်းမြို့နယ်၊ ကျုံချိုက်မူလွန် စတုတ္ထတန်းမှ မနေခြည်ဦး(၂၉၇)၏ အမည်၊ မွေးသက္ကရာဇ်နှင့် မိဘအမည်မှန်မှာ မနေကြည်ဦး (၃၀-၈-၂၀၀၈) (မိဘ) ဦးဝင်းသန်း-ဒေါ်ဆန်းအေး ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/3101 Toyota Landcruiser, S/W ယာဉ်လက်ဝယ်ရှိသူ ဦးအန်ကွဲ ၁၃/နခန(နိုင်)၀၅၂၀၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အမည်ပြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ ဗညားနွဲ့လမ်းနေ ဦးမင်းမင်းထွန်း ၁၀/မဒန(နိုင်)၁၉၃၄၇၄၏ သမီး မခိုင်သဇင် (၁၇-၈-၂၀၁၅) အား မခင်အိအိချောဟု ပြောင်းလဲခေါ်ပါရန်။

**မခင်အိအိချော**

## အမည်ပြောင်း

ဦးအောင် မြင့်နိုင် ၁၀/ခဆန(နိုင်)၀၀၉၉၆၄၏သား ကရင်ပြည်နယ်၊ ဘားအံမြို့၊ အထက (ခွဲ) ဘုရားကုန်းဆဋ္ဌမတန်းမှ မောင်သူရိန်ထွန်းအား ဟိန်းသီဟအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**ဟိန်းသီဟအောင်**

## ဖခင် အမည်မှန်

သထုံမြို့နယ်၊ အထက(၄)၊ အဋ္ဌမတန်း(C)မှ မမေမိုးအေး၏ ဖခင်အမည်မှန်မှာ ဦးထွေးမြင့် ၁၀/သထန(နိုင်)၁၀၂၀၀၈ ဖြစ်ပါကြောင်း။

**ဦးထွေးမြင့်**

## အမည် ပြောင်း

ဦးဇင်ဝိုင်းထွေး၏သမီး ဧရာဝတီတိုင်းဒေသကြီး၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ အမက(၈)ချောင်းသာ စတုတ္ထတန်း(B)မှ မပြည့်ဖူးဝေအား မခေတ်ခွန်းဆင့်ဟု ပြောင်းလဲခေါ်ပါရန်။

**မခေတ်ခွန်းဆင့်**

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အထက(ခွဲ)၊ ကရင်ဝင်းစိန် တက္ကသိုလ်ဝင်တန်းမှ နော်စိုးစိုးစံ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြ ၁၀/ခဆန(နိုင်)၁၀၈၇၀၁ ဖြစ်ပါကြောင်း။

**ဦးအောင်မြ**

## ဖခင်အမည်မှန်

ချောင်းဆုံ အထက၊ သတ္တမတန်း(B)မှ မောင်ဟိန်းမင်းစံ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇေယျဦး ၇/ပခန(နိုင်)၂၃၄၄၀၈ ဖြစ်ပါကြောင်း။

**ဦးကျော်ဇေယျဦး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးမောင်မောင်အေး ၅/မရန(နိုင်)၀၃၉၈၀၁၏သား မောင်မိုးပြည့်စုံ (ခ) မြတ်ကိုနိုင် ၈/တတက(နိုင်)၁၄၆၉၁၃သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှစ်ပါးအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေရန် အကြိမ်ကြိမ်အခါခါ ဒုက္ခအမျိုးမျိုးပေးနေသူဖြစ်၍ ၁-၁၁-၂၀၁၈ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးမောင်မောင်အေး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပေါက်တောမြို့နယ်၊ ငပြီကျွန်းကျေးရွာနေ ဦးထွန်းသာမောင်၏သား မောင်ထွေးလှအောင် ၁၁/ပတန(နိုင်)၀၇၀၃၂၈ နှင့် မောင်ထွီးလှအောင်မှာ (တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်အရ) တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ထွေးလှအောင်(ခ)**
**မောင်ထွီးလှအောင်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၂၂၄၆၂ Honda-90 ယာဉ်လက်ဝယ်ရှိသူ ဦးနီ ၈/ပခက(နိုင်)၀၂၄၁၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

# ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာ ၇ရက် (ဗုဒ္ဓဟူးနေ့) ဒီပါဝလီနေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၄င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# မင်္ဂလာဧည့်ခံပွဲအခမ်းအနား ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ
ဦးကျင်အောင် (မန်နေဂျာ-ငြိမ်း)စီးပွား/ကူးသန်းဝန်ကြီးဌာန နှင့်
ဒေါ်ဝင်းဝင်း (မန်နေဂျာ-ငြိမ်း)စီးပွား/ကူးသန်းဝန်ကြီးဌာန
တို့၏ သားထွေး

**မောင်ကျော်သီဟ**

**BBA(Yangon Institute of Economics)**
**Member of Association of Chartered Certified Accounts**
**Managing Director**
**KAMP Accounting & Corporate Services**

**နှင့်**

မန္တလေးမြို့၊ နန်းတော်ရှေ့နေ ဦးစက်မောင်-(ဒေါ်မြမြရီ)
ရွှေပြည့်ဖြိုး-ရွှေနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
တို့၏ တစ်ဦးတည်းသောသမီး

**မဝင်းမို့မို့သင်း**

**BBA(Southern Cross University,Australia)**
**Master of Science Business with Management**
**Northumbria University(UK)**

တို့၏ ၂၈-၁၀-၂၀၁၈ ရက်တွင် Sule Shangri-La Yangon ၌ ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကြီးလှဌေးဝင်း(ငြိမ်း) နှင့်ဇနီး ဒေါ်မာမာဝေအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးသန်းတင့် Managing Director-Khin Su Htay & Associates Limited (Certified Public Accounts)နှင့်ဇနီး ဒေါ်ငွေငွေဦး (Director Finance)(ငြိမ်း)၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့တက်ရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)၏ဇနီး ဒေါ်ယဉ်ယဉ်မြင့်အားလည်းကောင်း၊ ဗိုလ်မှူးချုပ်မြင့်ဟိန်း(ငြိမ်း)၏ဇနီး ဒေါ်ခိုင်ဝါဝါတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ၊ သီတဂူသစ်ခွါ၊ မိတ်ကပ်နှင့်ဆံပင်အလှပြင်ဆင်ပေးပါသော မေဦးမောင်၊ ဓာတ်ပုံနှင့်ဗီဒီယို Forever Studio၊ ပန်းအလှပြင်ဆင်ပေးပါသော ချစ်သူတို့အတွက် အနာဂတ်မင်္ဂလာစီမံကိန်း၊ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံပေးပါသော Sule Shangri-La Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော နှစ်ဖက်သောဆွေမျိုး၊ မိတ်သင်္ဂဟများအားလည်းကောင်း၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်သီဟ-မဝင်းမို့မို့သင်း**

**စက်မှုဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)ရှိ ကုန်ချောအဖြစ်ဆောင်ရွက်ရန် အရည်အသွေးမပြည့်မီသော Steel Billet တန် ၃၇၀ အား မြန်မာကျပ်ငွေဖြင့် ရောင်းချဆောင်ရွက်လိုပါသည်။

၂။ **လေလံပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၈-၁၁-၂၀၁၈ ရက်
**လေလံပိတ်မည့်ရက်** - ၃၀-၁၁-၂၀၁၈ ရက်

၃။ အိတ်ဖွင့်လေလံပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

**စီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၅၁၅၈၊ ၀၆၇-၃၄၀၅၃၂၂**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အသုံးပြုရန် လိုအပ်လျက်ရှိသော ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာ ၅၈ မျိုးကို ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၅-၁၁-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၆-၁၁-၂၀၁၈ ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ ၂၈-၁၁-၂၀၁၈ ရက်တွင် တင်ဒါဖွင့်လှစ်မည် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၈၄၆၄ နှင့် ၀၆၇-၃၄၀၈၁၇၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာ အုပ်စုနေ မမေဇင်သူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းအောင် ၁၀/ကထန(နိုင်)၀၁၆၂၈၂ ဖြစ်ပါကြောင်း။ **ဦးသိန်းအောင်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကျော်မြင့် ၁၃/တကန(နိုင်)၂၉၂၃၄၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၇၀၆၂၃၀၂**

**ပျောက်ဆုံးကြောင်း**

ကျွန်မ နန်းအေးဖြူ ၁၃/နတရ(နိုင်)၀၁၈၈၉၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ငြိမ်းကို ၂/ဒမဆ(နိုင်)၀၄၉၈၄၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၂၁၇၂၂**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးတင်အောင်(ခ) အဗ္ဗဒူရာဟင်း ၁၃/တကန(နိုင်)၀၆၂၆၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၃၀၉၇၁**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ခွန်လှဖြူ ၁၃/ကတလ(နိုင်)၀၀၂၇၈၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၆၁၁၃၈၉၂**



**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊**
**ရခိုင်ပြည်နယ်အတွင်း ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်စီမံကိန်းဦးစီးရုံးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါစီမံကိန်းဦးစီးရုံး ဝန်ထမ်းအိမ်ရာများကို ရေသန့်နှင့်လျှပ်စစ် လုပ်ငန်းများအပါအဝင် ဆောက်လုပ်မည်ဖြစ်ပါ၍ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပြည်နယ်စီမံကိန်းဦးစီးရုံး (၆၁'၆"×၅၁')
RC (၄)ခန်းတွဲ (၃)ထပ်

(ခ) တောင်ကုတ်မြို့နယ်ရုံး (၆၀'×၃၀')
RC (၂)ခန်းတွဲ(၂)ထပ်

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၆-၁၁-၂၀၁၈ရက်
၃။ **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၂၀-၁၁-၂၀၁၈ရက်
၄။ **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၅-၁၂-၂၀၁၈ရက်၊ ညနေ ၄း၀၀ နာရီ
၅။ အတွင်းရေးမှူး၊ တင်ဒါကော်မတီ၊ ပြည်နယ်စီမံကိန်းဦးစီးရုံး၊ စစ်တွေမြို့ သို့လိပ်မူလျက် ချိပ်ပိတ်စာအိတ်ဖြင့် တင်သွင်းရန်။
၆။ **တင်ဒါဖွင့်လှစ်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။
၇။ တင်ဒါလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၈။ အသေးစိတ်သိရှိလိုပါက ပြည်နယ်စီမံကိန်းဦးစီးရုံး၊ ဖုန်း-၀၄၃-၂၃၄၆၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**တင်ဒါကော်မတီ**
**ပြည်နယ်စီမံကိန်းဦးစီးရုံး**
**စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၃၄၆၇**

---

**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန**
**ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ဒေသ (၁၀) ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၁၀)၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်နေရာများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်-

| စဉ် | တည်နေရာ | လုပ်ငန်းအရေအတွက် |
|---|---|---|
| (က) | ပူတာအိုခရိုင် | (၇) ခု |
| (ခ) | ဗန်းမော်ခရိုင် | (၇) ခု |
| (ဂ) | မိုးညှင်းခရိုင် | (၅) ခု |
| (ဃ) | မြစ်ကြီးနားခရိုင် | (၆) ခု |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၁-၂၀၁၈ရက်မှ စတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၃၀-၁၁-၂၀၁၈ရက် ၁၆း၀၀နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်၊အချိန်** - ၃-၁၂-၂၀၁၈ရက် ၁၀း၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အတွင်းရေးမှူး (တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး)(ပြည်နယ်ဦးစီးမှူးရုံး) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

၃။ အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး ဖုန်း-၀၇၄-၂၅၂၀၉၈၉၊ ၀၉-၅၄၁၂၀၃၀နှင့် ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဖုန်း-၀၇၄-၂၅၂၉၅၁၄သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန**
**မြစ်ကြီးနားမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ မိုးညှင်းမြို့၊ မိုးကောင်းမြို့၊ ပူတာအိုမြို့တို့တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် တရားဝင်လိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | မြို့နယ် | လုပ်ငန်း | |
|---|---|---|---|
| (က) | မြစ်ကြီးနားမြို့ | (၄)ခန်းတွဲ(၅)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | (၄)လုံး |
| (ခ) | မြစ်ကြီးနားမြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | (၂)လုံး |
| (ဂ) | ဗန်းမော်မြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | (၂)လုံး |
| (ဃ) | မိုးညှင်းမြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | (၂)လုံး |
| (င) | မိုးကောင်းမြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | (၂)လုံး |
| (စ) | ပူတာအိုမြို့ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း | (၂)လုံး |

၂။ တင်ဒါအဆိုပြုလွှာများကို ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ၅-၁၁-၂၀၁၈ရက် နံနက် ၉း၃၀ နာရီမှ စတင်ဝယ်ယူနိုင်ပြီး ၄-၁၂-၂၀၁၈ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။
၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၄-၂၅၂၈၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ရေနံမီးသွေး Petroleum Coke ရောင်းချရန်ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင် တည်ရှိသော ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထွက်ရှိသည့် ရေနံမီးသွေး Petroleum Coke များကို စက်ရုံလက်ကျန် Stock အခြေအနေအပေါ်မူတည်၍ လစဉ်ပြောင်းလဲသတ်မှတ်သည့် ရောင်းဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းရုံးချုပ်၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် မည်သူမဆို လျှောက်ထားဝယ်ယူနိုင်ပါသည်။
၂။ သတ်မှတ်ရောင်းဈေးနှုန်းများကို လစဉ်လဆန်းရက်များတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website (www.moee.gov.mm) ၌ ကြည့်ရှုနိုင်ပါသည်။
၃။ အသေးစိတ်အချက်အလက်များအား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ပါလုပ်ငန်းများအပ်နှံရန်နှင့် ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ဆိုလိုပါသည်-

(က) ၂၃၀ ကေဗွီ လှိုင်သာယာ-အသုတ်ဓာတ်အားလိုင်း၊ ၁၃၂ ကေဗွီ ကျိုင်းတောင်း-နမ့်စန်ဓာတ်အားလိုင်း၊ ၁၃၂ ကေဗွီ နမ့်စန်-ကလောဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ၊ သန်လျင်-အရှေ့ဒဂုံ ဓာတ်အားလိုင်းတို့တွင် Live Line စနစ်ဖြင့် OPGW ကြိုးအစားထိုးလဲလှယ်သွယ်တန်းခြင်းလုပ်ငန်း(မြန်မာကျပ်ငွေ)

(ခ) SCADA System Network တိုးချဲ့တည်ဆောက်ရန်အတွက် OPGW ကြိုးနှင့် ဆက်စပ်ပစ္စည်းများ(မြန်မာကျပ်ငွေ) DDP (Yangon)

၂။ အိတ်ဖွင့်တင်ဒါအား ၃၀-၁၁-၂၀၁၈ရက် ၁၄း၀၀နာရီတွင် နောက်ဆုံးထား၍ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် ၂၇၊ နေပြည်တော်သို့ တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန www.moee.gov.mm တွင် ဝင်ရောက်ကြည့်ရှု၍ အခမဲ့ download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

---

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် အသုံးပြုရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အောက်ပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာအိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Ship Handling Simulator (Transas/ARI)<br>Must meet IMO STCW convention Regulation 1/12, Section A-1/12 Integrated with ERS.<br>- meet general performance standards for simulator used in training<br>- meet general Standards for simulators used in assessment of competence | 1 Set |

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန် ဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၁၁-၂၀၁၈ မှ ၁၄-၁၁-၂၀၁၈ ရက်ထိ
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် သန်လျင်စခန်း(စတို)ဌာန
(ဂ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၃-၁၁-၂၀၁၈ရက် ၁၅း၀၀နာရီထိ
